www.burmeseclassic.com

သောင်းဝေဦး

# ကျွန်တော်နှင့် ညတိုက်ပွဲများ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၀၁၅၆၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၁၀၂၀၁၀၇၁၂ |
| ပထမအကြိမ် | - | ၂၀၁၂ ခုနှစ်၊ ဇက်တင်ဘာ။ |
| အုပ်ရေ | = | ၁၀၀၀ |
| တန်ဖိုး | = | ၁၅၀၀ ကျပ် |
| မျက်နှာဖုံးအပြင်အဆင် | - | မြရတနာColour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

**ထုတ်ဝေသူ**

ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြ)
သီရိမြင်သာရေးအတွင်း
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဗိုလ်မှူးကြီးသောင်းဇေ(ငြိမ်း)၊ (၀၇၉၉၆ မြ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

သောင်းဇေဦး ၃၂၀
ကျွန်တော်နဲ့ ညတိုက်ပွဲများ၊ သောင်းဇေဦး။ ရန်ကုန်၊
မြရတနာစာပေ၊ ၂၀၁၂။
၂၅၀ - စာ၊ ၁၂.၅ စင်တီ × ၁၈.၅ စင်တီ၊
(၁) ကျွန်တော်နဲ့ ညတိုက်ပွဲများ


## နို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | နို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | နို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | နို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



သောင်းဝေဦး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

သောင်းဝေဦး

# ကျွန်တော်နဲ့ ညတိုက်ပွဲများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ကျွန်တော်နှင့် ညတိုက်ပွဲများ

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူ၏အမှာ | ၇ |
| ၂။ | ကျွန်တော်နှင့်ညတိုက်ပွဲများ | ၁၇ |
| ၃။ | ခေတ်သစ်ညတိုက်ပွဲများ | ၂၃ |
| | (က) အဂုထောင်တိုက်ပွဲ | ၂၃ |
| | (ခ) ကိုယ်တိုင်တိုက်ခဲ့သော ညတိုက်ပွဲတစ်ခု | ၅၃ |
| | (ဂ) လက်နက်ကြီးဝစ်တုလုခဲ့သော ညတိုက်ပွဲကြီး | ၁၀၁ |
| | (ဃ) သူခိုးသိန်းဖေကို အသေရမိခဲ့စဉ်က | ၁၃၉ |
| | (င) ဒေါ်တခွားများနဲ့ ညတိုက်ပွဲ | ၁၆၉ |
| ၄။ | ရှေးခေတ်ညတိုက်ပွဲများ | ၂၀၇ |
| | (က) ဖြည်တော်သာကျွန်းတိုက်ပွဲ | ၂၀၈ |
| | (ခ) သံလျင်တိုက်ပွဲ | ၂၂၇ |

## စာရေးသူ၏အမှာ

ကျွန်တော့်စစ်သက်အနှစ် ၃၀ ကျော်တွင် ဒုတိယ ဗိုလ်ဘဝမှသည် နည်းဗျူဟာမှူးဖြစ်သည်အထိ တိုက်ပွဲကြီးငယ် အတော်များများ တိုက်ခဲ့ရ၏။ လေးငါးပွဲ အရေးနိမ့်ခဲ့ဖူး၏။ ကျန်တိုက်ပွဲတိုင်းလိုလို အောင်မြင်ခဲ့ပါသည်။ အောင်မြင်သည့်တိုက်ပွဲများ အတော်များများမှာ ညတိုက်ပွဲများပါတည်း။

ညတိုက်ပွဲသည် သာမန်စစ်နည်းဗျူဟာမဟုတ်။

မြရတနာစာပေ

www.burmeseclassic.com



အထူးစစ်နည်းဗျူဟာ ဖြစ်၏။ ညတိုက်ပွဲတိုက်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အငိုက်ရယူလိုခြင်း ဖြစ်သည်။ စစ်အောင်ရာသောအကြောင်းတရားကြီးများထဲ၌ "**အငိုက်ဖမ်းခြင်း Element of Surprise**"သည် အလွန်အဓိက **ကျသည်**။ တိုက်ပွဲတစ်ခုလုံး သို့မဟုတ် အနည်းဆုံးတစ်ဝက်ကို အောင်မြင်စေနိုင်သည်။ ဒုတိယကမ္ဘာစစ်က ဂျပန်တို့ ပုလဲဆိပ်ကမ်းကို အလစ်အငိုက် ဝင်တိုက်ခဲ့ခြင်းအားဖြင့် အမေရိကန်တို့၏ ပစိဖိတ်ရေတပ်ကြီးကို နလံမထူနိုင်အောင် ချေမှုန်းနိုင်ခဲ့လေသည်။ ဂျပန်နိုင်ငံနှင့် မိုင် ၃၀၀၀ ကျော်ဝေးကွာသော ဟာဝိုင်ယံကျွန်း ပုလဲဆိပ်ကမ်းသို့ ဂျပန်တွေဒီလိုလာလုပ်လိမ့်မည်ဟု အမေရိကန်တို့က လုံးဝမျှော်လင့်မထားခဲ့။ ထို့ကြောင့် ဘာမှကောင်းကောင်းပြင်မထား။ အလစ်အငိုက်ခံလိုက်ရ၍ ပုလဲဆိပ်ကမ်းတစ်ခုလုံး မီးဟုန်းဟုန်းတောက်သွားသည်။ အမေရိကန်တို့ အလွန်အထိနာသွား၏။ ဤကား အငိုက်ရယူခြင်း၏ ထင်ရှားသော သက်သေပြစရာ သာဓကတစ်ခု ဖြစ်ပါ၏။

ညတိုက်ပွဲတိုက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရန်သူကို အလစ်အငိုက်ရယူပြီး အမှောင်ထုအတွင်း၌ လက်





စတုံးချေမှုန်းရန်ပင် ဖြစ်သည်။ ညတိုက်ပွဲဆင်နွှဲခြင်းအားဖြင့် အချိန်အငိုက်ကို ရယူလိုက်ခြင်း ဖြစ်သည်။ လူတို့သည် နေ့အခါတွင် အလင်းရောင်အောက်၌ သွားလာနေထိုင် လှုပ်ရှားကြ၏။ တစ်နေကုန် လှုပ်ရှားပြီးသော် သဘာဝအရ ညအခါတွင် အိပ်စက်အနားယူရ၏။ တစ်နေ့ ၂၄ နာရီ ရှိသည့်အနက် ၁၆ နာရီခန့် လှုပ်ရှားပြီးသည့်နောက် ၇ နာရီ၊ ၈ နာရီခန့် အိပ်စက်အနားယူလိုက်မှ နောက်တစ်ရက်အတွက် အသင့်ပြန်ဖြစ်သည်။ ဤသည်မှာ လူတို့၏ နိစ္စဓူဝ လုပ်ရိုးလုပ်စဉ်ပင် ဖြစ်တော့၏။

ဤသို့ တစ်ဖက်ရန်သူ အိပ်စက်အနားယူနေချိန်များ၌ ညတိုက်ပွဲများ ဆင်နွှဲခြင်းအားဖြင့် အချိန်အငိုက်ရကာ ရန်သူ၏တုံ့ပြန်ခုခံမှုအနည်းငယ်သာ ကြုံရပြီး အရင်းနည်းနည်းနှင့် အမြတ်များများရတော့၏။ လူတွေ၏ နေ့ဘဝနှင့် ညဘဝကား ကွာခြားလှပေသည်။ လူသည် အိပ်မောကျသွားသည်နှင့်တစ်ပြိုင်နက် တုံ့ပြန်မှု မရှိသလောက် ဖြစ်သွား၏။ ညအမှောင်သည် လူတို့အား စိုးရွံ့စိတ်ကို ဖြစ်စေ၏။ ကျောက်ခေတ်မှ လူသားတို့သည် သဘာဝနှင့် ရင်းနှီးစွာနေထိုင်ခဲ့ကြ၏။ နေ့ည သိပ်မခွဲခြားဘဲ နေထိုင်နိုင်

www.burmeseclassic.com



ခဲ့ကြ၏။ ယဉ်ကျေးလာသည့်အခါ လူတို့သည် အိမ်ရာများ၊ ခေတ်မီအသုံးအဆောင်များ၊ အ၀တ်အစားများ စသည်ဖြင့် တဖြည်းဖြည်း ပြုပြင်နေထိုင်ခဲ့ကြရာ သဘာဝတရားကြီးနှင့် ကင်းကွာသွားတော့၏။ ထိုအခါ ညကို ပို၍ ပို၍ ကြောက်လာကြ၏။ လူကောင်း သူကောင်းများသည် အလင်းရောင်ဖြင့်သာ နေထိုင်တတ်ကြတော့၏။ အမှောင်ထု မင်းမူသော ညကို ကြီးစိုးသူများသည် လုံခြုံရေးတာဝန် ထမ်းဆောင်နေသူများမှအပ ဒုစရိုက်သမားများနှင့် ညဥ့်ငှက်များသာ ဖြစ်ကြ၏။ ညတွင် ကျက်စားသော သတ္တဝါများသာ ဖြစ်ကြ၏။ သူတို့သည် ညကို မကြောက်။ ညအမှောင်ထုကို အကာအကွယ်ယူ၍ မကောင်းမှု ဒုစရိုက်များကို ကျူးလွန်ကြ၏။ သူတို့သည် ညကို သူတို့အတွက် အကျိုးရှိစွာ အသုံးချကြ၏။

ကျွန်တော်တို့ စစ်သားများသည်လည်း ညကို ကျွန်တော်တို့အတွက် အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ကောင်းစွာ လေ့ကျင့်သင်ကြားထားသော စစ်သည်တော်များနှင့် ညတိုက်ပွဲများကို ဆင်နွှဲကြသည်။ ညတိုက်ပွဲ ဆင်နွှဲခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူးများ ရနိုင်၏။





(က) ရန်သူကို အငိုက်ဖမ်းနိုင်ခြင်း၊
(ခ) မိမိထိခိုက်ကျဆုံးမှု သက်သာခြင်း၊
(ဂ) ချီတက်ရာလမ်းတစ်လျှောက် အတားအဆီးများကို တိတ်တဆိတ် ဖြတ်ကျော်နိုင်ခြင်း၊
(ဃ) မိမိက ရန်သူကို မြင်နိုင်ပြီး၊ ရန်သူက မိမိကို မမြင်နိုင်ခြင်း၊
(င) ရန်သူ၏တိုက်ခိုက်မှု လျော့နည်းခြင်း၊
(စ) ရန်သူကို ထင်ယောင်ထင်မှားဖြစ်အောင် လှည့်စားနိုင်ခြင်း၊
(ဆ) မိမိအင်အားနည်းနည်းဖြင့် ရန်သူကို ခြိမ်းခြောက်နိုင်ခြင်း၊
(ဇ) အရင်းနည်းနည်းနှင့် အမြတ်များများ ရနိုင်ခြင်း စသည်တို့ဖြစ်ပေသည်။

ကျွန်တော်သည် အရာရှိငယ်ဘဝတွင် ကိုယ်တိုင်ရှေ့က လိုက်ပါ၍ ညတိုက်ပွဲ လေးငါးပွဲတိုက်ခဲ့၏။ ကျေနပ်ဖွယ်ရာ အောင်မြင်မှုများ ရခဲ့ပါသည်။ တပ်ရင်းမှူး နည်းဗျူဟာမှူးဘဝများ၌လည်း ညတိုက်ပွဲများ တိုက်ခဲ့ဖူး၏။ အောင်မြင်သင့်သလောက် အောင်မြင်ခဲ့သလို ဆုံးရှုံးမှုရှိသော



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲအချို့ကိုလည်း ကြုံခဲ့ဖူး၏။ အရာရှိငယ်ဘဝက အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် ၁၀ နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ရာ ညတိုက်ပွဲများ ကိုယ်တိုင် ဆင်နွှဲဖူးသလို လုပ်ဖော်ကိုင်ဖက်များ တိုက်ခဲ့သည့် ညတိုက်ပွဲဖြစ်စဉ်များကိုလည်း ကြားနာခဲ့ရ၏။ တိုက်ပွဲအားလုံးလိုလို ပြည်တွင်းသောင်းကျန်းမှု ချေမှုန်းရေးတိုက်ပွဲများသာဖြစ်သဖြင့် ရန်သူအစိုင်အခဲနှင့် ထုနှင့်ထည်နှင့် မကြုံရဘဲ အစုအဖွဲ့ငယ်လေးများသာ ဖြစ်သောကြောင့် ကျွန်တော်တို့ တိုက်ခဲ့သော ညတိုက်ပွဲများမှာ အောင်မြင်ခဲ့သည်သာ များပါသည်။

သို့ရာတွင် ကျွန်တော် အရှေ့မြောက်ဒေသ ရောက်တော့ ရန်သူက အစုအဖွဲ့ငယ်လေးများ မဟုတ်တော့ရာဂဏာန်း၊ ထောင်ဂဏာန်းဖြစ်လာသည်။ ထိုဒေသတိုက်ပွဲများကား နာရီပိုင်းနှင့် မပြီးတော့။ ညမှ နေ့သို့ ကူးသွား၏။ တစ်ဖန် နေ့မှ ညသို့ ကူးပြန်၏။ လနှင့်ချီ၍ တိုက်ခဲ့ရသော တိုက်ပွဲများ ရှိခဲ့ပါသည်။ ကျွန်တော် နည်းဗျူဟာမှူးဖြစ်တော့ KNU ဗဟိုမာနယ်ပလောကို တောင်ဘက်က နေ၍ ဝင်တိုက်ရသည်။ နှစ်ဖက်အင်ကြီးအားကြီးဖြင့်





တိုက်ကြရာ ပျောက်ကျားစစ်ပွဲ မဟုတ်တော့။ သမားရိုးကျစစ်ပွဲဖြစ်သွား၏။ သုံးလခန့်ကြာသည့် ထိုတိုက်ပွဲစဉ်ကြီးတစ်ခုလုံး၌ ညတိုက်ပွဲများလည်း ပါဝင်ပါ၏။ ထိုကျွန်တော်၏ အတွေ့အကြုံများကို နောင်တစ်ခေတ်၏ အောင်စစ်သည်များနှင့် စာရှုသူများသို့ မျှဝေချင်ပါသည်။ နေ့တိုက်ပွဲနှင့်မတူသော ညတိုက်ပွဲ၏ အာဝေဏိက ဒုက္ခများကို စာရှုသူများ သိစေချင်ပါသည်။ သို့ဖြစ်ပါ၍ ယခင်စာအုပ်များနှင့်မတူသည့် ဤ"**ကျွန်တော်နဲ့ ညတိုက်ပွဲများ**" စာအုပ်ငယ်ကို ရေးသားတင်ဆက်လိုက်ရခြင်းပါပေ။ စာရှုသူများအတွက် ယခင်စာအုပ်များနှင့် မတူသည့် ဝိရသ တစ်မျိုးကို ပေးနိုင်လိမ့်မည်ဟု ထင်မြင်ယူဆမိကြောင်း ပါခင်ဗျား။

ရှင်လန်းချမ်းမြေ့ကြပါစေ
**သောင်းဝေဦး**

နေရာ - ရန်ကုန်မြို့။
ရက်စွဲ - ၂၀၁၂ ခုနှစ်၊ မတ်လ ( ၉ )



www.burmeseclassic.com

www.burmeseclassic.com

# ညတိုက်ပွဲအကြောင်းသိကောင်းစရာ

## ညတိုက်ပွဲဆိုသည်မှာ

ညတိုက်ပွဲဆိုသည်မှာ ယရက် ည မှောင်စပျိုးချိန်မှ နောက်တစ်နေ့မနက် အရုဏ်တက်ချိန်အတွင်း တိုက်သော တိုက်ပွဲ အားလုံးကို ခေါ်သည်။

## ညတိုက်ပွဲတိုက်ရခြင်းအကြောင်း

- ❑ ရန်သူအား အမှောင်ထုကို အကာအကွယ်ယူ၍ အငိုက် ဖမ်းရန်။
- ❑ အမှောင်ထုကြောင့် မိမိလူအကျအဆုံး သက်သာစေရန်။
- ❑ ရန်သူအား အနေအစားမျက်အောင် အနှောင့်အယှက် ပေးရန်။
- ❑ ရန်သူတွင် အရန်တပ်များရှိက အချိန်မကျမီ ထုတ်သုံး စေရန်။



www.burmeseclassic.com

www.burmeseclassic.com



- ရန်သူ၏ အခြေအနေကို သွေးတိုးစမ်းကြည့်ရန်။
- မိမိအဓိကရည်မှန်းချက်အား အမှောင်ထု အကာအကွယ်ယူ၍ တိုက်ခိုက်သိမ်းပိုက်ရန်။

ညတိုက်ပွဲ၏အကျိုးကျေးဇူးများ

- ရန်သူမှ မိမိအား ကောင်းစွာမမြင်ရ၍ ထိရောက်သော တန်ပြန်ပစ်ခတ်မှုများ မလုပ်နိုင်ခြင်း။
- အမှောင်ထုကို အကာအကွယ်ယူ၍ ရန်သူအား အငိုက်ဖမ်းနိုင်ခြင်း။
- ရန်သူ့အနီး တိတ်တဆိတ် ချဉ်းကပ်ပြီး အနီးကပ် ချေမှုန်းနိုင်ခြင်း။
- မိမိ၏ပစ်မှတ်နှင့် ကြိုက်ရာ ရွေးပြီး တိုက်ခိုက်နိုင်ခြင်း။
- ချီတက်စဉ် အတားအဆီးများကို တိတ်တဆိတ် ဖြတ်ကျော်နိုင်ခြင်း။
- ညအချိန်တွင် ရန်သူထင်ယောင်ထင်မှားဖြစ်အောင် အမျိုးမျိုးလှည့်စားနိုင်ခြင်း။



## ကျွန်တော်နဲ့ ညတိုက်ပွဲများ

ညတိုက်ပွဲနိဒါန်း

ညတိုက်ပွဲအတွက် အမှာစာတွင် ညတိုက်ပွဲ တိုက်ရခြင်း၏ ရည်ရွယ်ချက်ကို ရေးသားခဲ့ပြီး ဖြစ်ပါသည်။ ယခုနိဒါန်းတွင်မူ ခေတ်သစ်ညတိုက်ပွဲများ၏ သမိုင်းကို အတန်ငယ်ရှင်းလင်းတင်ပြလိုပါသည်။

ရှေးလွန်လေပြီးသော စစ်ပွဲများအတွင်းက တိုင်းနိုင်ငံ အရပ်ရပ်မှ စစ်ခေါင်းဆောင် အသီးသီးတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ညတိုက်ပွဲများ၏ အရေးကြီးပုံကို အမျိုးမျိုး အဖုံဖုံ ပြောဆိုခဲ့ကြသည်။ ၁၈ ရာစုနှစ်နှင့် ၁၉ ရာစုနှစ်များအတွင်း ပေါ်ပေါက်ခဲ့သည့် စစ်ခေါင်းဆောင်များသည် များသောအားဖြင့် ညတိုက်ပွဲကို လိုလားခြင်းမရှိဘဲ လုံးဝပိတ်ပင်တားမြစ်ခဲ့ကြလေသည်။ ဖရက်ဒရစ်ဘုရင်ကြီးသည် ညအချိန် တိုက်ခိုက်ခြင်းကို မည်သည့်အခါမှ တာဝန်ယူပြုလုပ်မည် မဟုတ်ဟု ဆုံးဖြတ်ထားကြောင်းကို အတိအလင်း ကြေညာခဲ့၏။ စစ်သူကြီးဘလူးချား **Blucher** ကလည်း ညတိုက်ပွဲတစ်ပွဲကို ရန်သူ၏ကျည်ဆန်ထက်ပင် ပို၍ ကြောက်ရွံ့ကြောင်း ဖွင့်ဟခဲ့သည်။ စစ်ဘုရင်နပိုလီယန် **Napoleon** ကမူ ညစစ်ဆင်ရေးများဖြင့် အောင်ပန်းကို ဆွတ်ခူးနိုင်စေကာမူ များသောအားဖြင့် ရှုံးနိမ့်ရန်လမ်းက ပိုမိုများပြားသည်ဟု ယူဆ၏။ ကလော့စ်ဝစ် **Clausewitz** ကလည်း ညတိုက်ပွဲများကို ကန့်သတ်သော ရည်မှန်းချက်ဖြင့်သာ ပြုလုပ်သင့်သည်ဟု ထင်မြင်ယူဆခဲ့သည်။

**သာဓကများ**

သို့ရာတွင် အထက်၌ ပြဆိုခဲ့သော မကောင်း





ထင်မြင်ချက်များကို ဆန့်ကျင်လျက် မြောက်မြားစွာသော ညတိုက်ပွဲများကို အထူးပင် အောင်မြင်စွာ ဆင်နွှဲခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်က ပိုလန်ပြည်၊ ဝေါဆောမြို့အနီး တစ်ပိုက် ညတိုက်ပွဲတစ်ခု၌ ဆူဗိုရော့ဗ် **Suvorov** သည် လူပေါင်း ၂၅၀၀၀ ကို ကွပ်ကဲအုပ်ချုပ်ကာ တိုက်ခဲ့သည် သာမက ရန်သူ ၁၂၀၀၀ ခန့်အား အချို့ကို ကျဆုံးစေ၍ အချို့ကို စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးရမိခဲ့သည်။ ၁၈၇၈ ခုနှစ်တွင် ကားစ် **Kars** နယ်ရှိ တူရကီခံတပ်ကို ညတိုက်ပွဲဆင်နွှဲရာ၌ ရုရှားများက တူရကီစစ်သုံ့ပန်းပေါင်း ၁၇၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။ ရုရှားကော့ဆက်လူမျိုးတို့သည် မြင်းစီးတပ်ဖွဲ့ငယ်ကလေးများဖြင့် နပိုလီယန်၏ တပ်ကြီးကို ဆောင်းရာသီ၏ ရှည်လျားသော ညအချိန်များ၌ အမြဲတစေ တိုက်ခိုက်၍ အမျိုးမျိုးအဖုံဖုံ နှောင့်ယှက် ဖျက်ဆီးနိုင်ခဲ့သည်မှာလည်း အထင်အရှားပင် ဖြစ်သည်။

ရုရှား–ဂျပန်စစ်ကြီး **Russo-Japanese War** အတွင်း၌ ညတိုက်ပွဲများ ပေါ်များခဲ့သည်ကို အများပင် သိကြ၏။ အစကနဦး၌ ဂျပန်တို့သည် အလွန်သေးငယ်သော ညစစ်ဆင်ရေးမျှကို ဆင်နွှဲရန် မရည်ရွယ်ခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရုရှားတို့၏ အမြောက်အင်အား သာလွန်ခြင်းကို ကျော်လွှားနိုင်ရန် ဂျပန်တို့အဖို့ ညတိုက်ပွဲများ အသုံးပြုခြင်းက ပိုမိုကောင်းလိမ့်မည်ဟု ကြံဆရန် လမ်းစပေးခဲ့လေသည်။ သို့နှင့် ညစစ်ဆင်ရေးများ ဆင်နွှဲမှုနှင့် စပ်လျဉ်း၍ အထူးထူးအပြားပြား နည်းလမ်းများကို စူးစမ်းရှာဖွေလေ့လာကြပြီးလျှင် နောက်ဆုံး၌ ညတိုက်ပွဲကြီးတစ်ခုတည်းတွင် တပ်ရင်းပေါင်း ၂၃ ရင်းကို အသုံးပြုလိုက်၏။ အောင်မြင်မှုရ၍ နောက်စစ်ပွဲများ၌မူ ဂျပန်တို့သည် ညစစ်ဆင်ရေးများတွင် တွေ့ကြုံရရှိခဲ့သည့် ဗဟုသုတများကို ကောင်းမွန်ထိရောက်စွာ အသုံးချလေတော့သည်။

ရုရှား–ဖင်လန်စစ်ပွဲ **Russo-Finnish War** ကြီးတွင် ဖင်လန်လူမျိုးတို့က ညတိုက်ပွဲများ ပြုလုပ်ကြခြင်းကြောင့် အင်အားကြီးမားလှသော ရုရှားတပ်များ အကြီးအကျယ် ဆုံးရှုံးခဲ့ကြရလေသည်။ လွန်ခဲ့သော ဒုတိယကမ္ဘာစစ်ကြီးတွင် ညတိုက်ပွဲများ ပိုမိုများပြားလာ၍ တိုးတက်ကောင်းမွန်အောင် ပြုပြင်လာကြသည်။ အထူးသဖြင့် အာရှစစ်မျက်နှာနှင့် အာဖရိက စစ်မျက်နှာတို့တွင် ညတိုက်ပွဲများသည် အရေးပါသော စစ်ဆင်နည်းတစ်ခု





ဖြစ်လာခဲ့လေသည်။

ဒုတိယကမ္ဘာစစ်က ယူဂိုဆလပ်တို့၏ ပြည်သူ့လွတ်လပ်ရေး အမျိုးသားစစ်ပွဲကြီးတွင် ညစစ်ဆင်ရေးများကို ကျယ်ပြန့်စွာ အသုံးပြုခဲ့ကြ၏။ မိမိတို့အား ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းရွက်ကြရာ၌ တပ်ကြီးဖြစ်စေ တပ်ငယ်ဖြစ်စေ မကြာခဏဆိုသလိုပင် ညအမှောင်ကို အသုံးပြုကြသည်။ ညတိုက်ပွဲများ ကြီးငယ်များကို ရန်သူ၏ အချက်အချာနေရာများ၌၊ နေ့ရောညပါ မပြတ်မလပ် ဖြစ်ပွားစေခဲ့သည်။ ဘဲလ်ဂရိတ် **Belgrade** ကဲ့သို့သော မြို့ကြီးများ၌လည်းကောင်း၊ ယူစတီကိုလီနား **Ustikolina** မြို့၌ အမှတ် (၁) ပရိုလက်တေးရီးယန်းတပ်မက ဒရီနာမြစ် **Drina River** ကို ၁၉၄၃ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ဖြတ်ကူးရာ၌လည်းကောင်း ညတိုက်ပွဲများကို ဆင်နွှဲခဲ့ဖူးကြလေသည်။

### မကြုံဘူးသည့် အောင်မြင်မှု

ကိုရီးယားစစ်ပွဲကြီးတွင် ညစစ်ဆင်ရေးများသည် ရှေးရှေးက မကြုံဘူးလောက်အောင်ပင် အဓိကကျသော



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုများရရှိခဲ့သည်။ တရုတ်ကွန်မြူနစ်များသည် ညစစ်ဆင်ရေးများကို အထူးတလည် အသုံးပြုခြင်းဖြင့် မည်မျှအောင်မြင်ခဲ့သည်ဟူမူကား ရန်သူ၏ လေကြောင်းအင်အားနှင့် အမြောက်ကြီးများ ပစ်နေသည့်ကြားမှပင် ပြန်လည်အရေးသာအောင် ညတိုက်ပွဲများဖြင့် တိုက်နိုင်ခဲ့ကြပေသည်။ တရုတ်ကွန်မြူနစ်များနှင့် မြောက်ကိုရီးယားတပ်သားများသည် ညအချိန်စိမ့်ဝင်နည်းများအပြင် ကြီးမားသောတပ်အင်အားဖြင့် ကျယ်ပြန့်သော စစ်မျက်နှာဖွင့်၍ ညတိုက်ပွဲများကို ဆင်နွှဲကြ၏။ ဤကဲ့သို့သော ညတိုက်ပွဲကြီးတစ်ခု၌ ကီလိုမီတာ ၁၀၀ ကျော်မျှ (၆၂ မိုင်၊ တစ်ဖာလုံခန့်) စစ်မျက်နှာဖွင့်၍ တိုက်ခိုက်ရာတွင် တောင်ကိုရီးယား အမှတ် (၂) တပ်မကြီးတစ်ခုလုံးပင် ရှုံးလုနီးပါးဖြစ်ခဲ့ရလေသည်။

ဤသည်မှာ ကမ္ဘာ့သမိုင်းမှ ညတိုက်ပွဲများဖြစ်ပါ၏။

❖





၂၀၀၀ ပြည့်နှစ် Gathering တွင်တွေ့ရသည့် ... OTS 36 မှ အရာရှိကြီးများ (... Mother Unit ...)

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၁ ခုနှစ် Gathering တွင်တွေ့ရသည့် စာရေးသူနှင့် OTS 36 မှ အရာရှိကြီးများ
(ထိုင်နေသူမှာ စာရေးသူတို့၏နည်းပြ ဗိုလ်မှူးကြီး လှမြင့်ကျော် ဖြစ်ပါသည်)

## ခေတ်သစ်ညတိုက်ပွဲများ

### အရှေ့တောင်တိုက်ပွဲ

**နိဒါန်း**

ညတိုက်ပွဲများအကြောင်းရေးတော့ ၁၉၅၂ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ လေးနှစ်တာ ကျွန်တော်နေခဲ့ရသော မော်လမြိုင် ကျောက်တစ်လုံးတပ်က ညတိုက်ပွဲများ အကြောင်း ဦးစွာပြောချင်ပါသည်။ ထိုညတိုက်ပွဲများကား ကျွန်တော်၏ အရာရှိဘဝတွင် အဦးဆုံး စတင်ကြုံ ဆုံရသည့် ညတိုက်ပွဲများ ဖြစ်ပါ၏။ အချို့တိုက်ပွဲ တစ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပွဲမှာ အခြားခေါင်းစဉ်များနှင့် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခု ဖော်ပြလတ္တံ့သော ညတိုက်ပွဲကိုလည်း ယခင်က အကျဉ်းမျှ ဖော်ပြခဲ့ဖူးပါသည်။ သို့ရာတွင် မပြည့်စုံပါ။ သို့ဖြစ်ပါ၍ ယခု ညတိုက်ပွဲခေါင်းစဉ်ဖြင့် အပြည့်အစုံ ပြန်လည်ဖော်ပြအပ်ပါသည်ခင်ဗျား။

**ညတိုက်ပွဲအမျိုးအစားများ**

ညတိုက်ပွဲအမျိုးအစားများကို စစ်ပညာရှင်များက ငါးမျိုးရှိသည်ဟု အောက်ပါအတိုင်း ဖော်ပြကြပါသည်။

(က) **နေ့အချိန်တိုက်ပွဲတစ်ခု၏ အစိတ်အပိုင်းဖြစ်သည့် ညတိုက်ပွဲ။** ။ နေ့အချိန် တိုက်ပွဲဖြစ်ကြသည်။ တိုက်ပွဲမပြီးပြတ်သဖြင့် ညတွင်ဆက်တိုက်ကြသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံ၌ ဤကဲ့သို့သော တိုက်ပွဲများမှာ လွတ်လပ်ရေး ရပြီးခါစက အင်းစိန်တိုက်ပွဲ၊ ၁၉၅၀ ခုနှစ်မှ ၁၉၆၀ ခုနှစ်အတွင်းတွင် တိုက်ခဲ့သည့် တရုတ်ဖြူ ချေမှုန်းရေးတိုက်ပွဲများ ၁၉၆၅ ခုနှစ်နောက်ပိုင်း မြစ်ဝ




ညတိုက်ပွဲအတွက် လေ့ကျင့်ခန်း ဆင်းနေသည့် အမေရိကန် စစ်သားများ



www.burmeseclassic.com

www.burmeseclassic.com



ညတိုက်ပွဲတွင်ပုံပါအတိုင်း မြေအခြေအနေ အသာစီးရရန်လိုသည်



ညတိုက်ပွဲဆင်နွှဲနေသည့် မဟာမိတ် စစ်သားများ

www.burmeseclassic.com

www.burmeseclassic.com




ညတိုက်ပွဲဆင်နွှဲနေသည့် မဟာမိတ် စစ်သားများ




ဒုတိယကမ္ဘာစစ်က အလင်းရောင်သုံး ညတိုက်ပွဲတစ်ခု

www.burmeseclassic.com



ညတိုက်ပွဲတွင် ပုံပါအတိုင်း ညအမှောင်ကြောင့် ချိန်ရွယ် ပစ်ခတ်ရန် များစွာခက်ခဲ၏



ညတိုက်ပွဲဆင်နွဲနေသည့် မဟာမိတ် စစ်သားများ

www.burmeseclassic.com
www.burmeseclassic.com



www.burmeseclassic.com



ကျွန်းပေါ်နှင့် ပဲခူးရိုးမ၌ ဆင်နွှဲခဲ့သည့် ဗကပ ဗဟို ချေမှုန်းရေးတိုက်ပွဲများ၊ ၁၉၆၈ ခုနှစ်နောက်ပိုင်းတွင် အရှေ့မြောက်ဒေသ ဗကပနှင့် မြန်မာ့တပ်မတော်တို့ တိုက်ခဲ့ကြသည့် ကွန်လုံ ရက် ၄၀ တိုက်ပွဲ၊ ခြူးရွှေပန်ကောက်တိုက်ပွဲ၊ စီစီဝမ်တာပန်တိုက်ပွဲ၊ နောင်လိုင်ပါဖန်တိုက်ပွဲ၊ မိုင်းယန်းတိုက်ပွဲ စသည်တို့ ဖြစ်ကြပါ၏။

**(ခ) ပစ်ကူတပ်များ မပါဝင်သည့်ညတိုက်ပွဲ။ ။** သာမန်ညတိုက်ပွဲများတွင် အမှောင်ထုကြီးစိုးနေသဖြင့် မြင်ကွင်းကန့်သတ်ချက်ရှိ၍ ပစ်ကူများ ပါဝင်လေ့မရှိပါ။ များသောအားဖြင့် တစ်ညနှင့် ကိစ္စပြတ်နိုင်သော တပ်ဖွဲ့ငယ်များ၏ ရန်သူ့စခန်းကို စီးနင်းတိုက်ခိုက်သည့် တိုက်ပွဲမျိုး ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ ဤကဲ့သို့ တိုက်ပွဲငယ်များကို မြန်မာ့တပ်မတော်မှ ပြည်တွင်းသောင်းကျန်းမှု ချေမှုန်းရေးတိုက်ပွဲများ၌ အများအပြား အသုံးပြုခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(ဂ) **ပစ်ကူတပ်များပါသည့်ညတိုက်ပွဲ။** ။ ဤလို ညတိုက်ပွဲများမှာ တပ်ဖွဲ့ကြီးများနှင့်သာ ဖြစ်လေ့ဖြစ်ထရှိပါသည်။ ဥပမာ–မြန်မာ့တပ်မတော်နှင့် ဗကပတို့ တိုက်ခဲ့သော ညတိုက်ပွဲများတွင် နှစ်ဖက်တပ်များအားလုံး ပစ်ကူကို အသုံးပြုကြ၏။ လက်နက်ကြီးပစ်ကူ၊ အမြောက်ပစ်ကူတို့ ပါဝင်သည်။ အမြောက်နှင့် လက်နက်ကြီးများအား နေ့ခင်းကတည်းက ပုံသေပစ်မှတ် မှတ်ပုံတင်ပြီး ထိုမှတ်ပုံတင်အတိုင်း ညအခါတွင် ပစ်ခတ်လေ့ရှိ၏။ စက်သေနတ်ကြီးများတွင် **Tracer Bullet** ခေါ် မီးကျည်များအသုံးပြု၍ ပစ်လေ့ရှိပါသည်။ ၁၉၇၈ ခုနှစ် နောင်လိုင်ပါဖန်တိုက်ပွဲကာလက ရန်သူဗကပတို့သည် စာရေးသူတို့အား ညအချိန်၌ ပွိုင့်ဖိုက်စက်သေနတ်ကြီးဖြင့် မီးကျည်များ ပစ်လေ့ရှိသည်။ ထိုမီးကျည်လမ်းကြောင်းအတိုင်း ၈၂ မီလီမီတာ စိန်ပြောင်းကြီးများကို ပစ်တတ်ကြ၏။ စာရေးသူတို့တစ်တွေ အိပ်၍မရ၊ အနားယူ၍ မရအောင် နှောင့်ယှက်ပစ်ခတ်နေခြင်းဖြစ်၏။ ပစ်ကူ





ပါဝင်သော ညတိုက်ပွဲများကို ဒုတိယကမ္ဘာစစ်က ဝင်ရိုးတန်းနိုင်ငံများရော မဟာမိတ်တပ်များပါ အသုံးပြုခဲ့ကြပါသည်။ ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်း၌ ကိုရီးယားစစ်ပွဲ၊ ဗီယက်နမ်စစ်ပွဲများတွင် ပစ်ကူပါသော ညတိုက်ပွဲများကို တွေ့ကြရပါသည်။ ကိုရီးယားစစ်ပွဲ၌ အမေရိကန်နှင့် ကုလသမဂ္ဂတပ်များကို တရုတ်နှင့် မြောက်ကိုရီးယားတပ်များက ပစ်ကူပါသော ညတိုက်ပွဲများ ဆင်နွှဲပြီး တစ်လုံးပြုတ်ချေမှုန်းခဲ့သည့် သာဓကများ ရှိခဲ့ပါသည်။

(ဃ) **မီးရောင်သုံးတိုက်ပွဲ။** ။ ညတိုက်ပွဲများတွင် ပစ်မှတ်ကို မမြင်ရသဖြင့် မီးရောင်သုံး၍ တိုက်ကြ၏။ မီးရောင်ကို နှစ်ဖက်စလုံးက အသုံးပြုကြသည်။ ခံစစ်ဆင်သူက မီးမောင်းများ **Search light** များဖြင့် ဆင်ထားပြီး ရန်သူကို ရှာဖွေသည်။ ရန်သူချဉ်းကပ်လာက အထက်ပါမီးများကို အသုံးပြုသည်။ တိုက်စစ်ဆင်သူကမူ မိမိတို့ ရည်မှန်းချက်ပေါ်သို့ မီးကျည်များ ပစ်တင်ကာ အလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင် ရစေပြီး တိုက်ကြ၏။ ဤကဲ့သို့ တိုက်ပွဲမျိုးကို ဗီယက်နမ်စစ်ပွဲကာလက မြောက်ဗီယက်နမ်နှင့် ဗီယက်ကောင်းတို့ အများဆုံး အသုံးပြုကြသည်။ ဒုတိယကမ္ဘာစစ်ကာလကလည်း မဟာမိတ်နှင့် ဂျာမန်တပ်များ နှစ်ဖက်လုံး အသုံးပြုခဲ့ကြသည်ကို တွေ့ရှိရပါသည်။

(င) **အရုဏ်တက်တိုက်ပွဲ။** ။ ရန်သူ့စခန်းကို မနက်လေးနာရီ၊ ငါးနာရီအချိန်မျိုး၌ ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး အရုဏ်တက်ချိန်၌ အလင်းရောင်အောက်တွင် စခန်းကို အပြီးသိမ်း၍ လက်စတုံးချေမှုန်းနိုင်ရန် အရုဏ်တက်တိုက်ပွဲများကို ဆင်နွှဲကြခြင်းဖြစ်သည်။ ဤတိုက်ပွဲများကို ဗီယက်နမ်စစ်ပွဲကာလ၌ မြောက်ဗီယက်နမ်နှင့် ဗီယက်ကောင်းတို့ အများဆုံး အသုံးပြုခဲ့ကြ၏။ မြန်မာနိုင်ငံတွင် ဤနည်းနာကို အရှေ့မြောက်ဒေသ ဗကပတို့ စခန်းသိမ်းတိုက်ပွဲများတွင် အများဆုံး အသုံးပြုလေ့ရှိသည်ကို တွေ့ရှိရပါသည်။





**ကျွန်တော်ဖော်ပြမည့် ညတိုက်ပွဲ**

ယခု ကျွန်တော်ဖော်ပြမည့် ညတိုက်ပွဲမှာ ကျွန်တော် လေးနှစ်တာ တာဝန်ထမ်းဆောင်ခဲ့သည့် မော်လမြိုင်ကျောက်တစ်လုံးတပ်မှ တပ်ခွဲတစ်ခွဲသည် PDP ပြည်ပြေးနှင့် သုံးပါတီ ပူးပေါင်းထားသည့် ရန်သူ့အင်အား တစ်ရာကျော်အား သွားရောက်တိုက်ခိုက်ခဲ့သည့် လက်နက်ကြီး ပစ်ကူမပါသည့် ညတိုက်ပွဲဖြစ်ပါ၏။

တိုက်ပွဲဖြစ်ပွားချိန်မှာ ည ၁၂ နာရီနှင့် မနက် ၄ နာရီကြား အလင်းရောင်ကောင်းစွာ မရှိသောအချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်၏။ ဤတိုက်ပွဲမှာ မိမိဘက်မှ အထိအခိုက်လုံးဝမရှိဘဲ ရန်သူအများအပြားကို ကျဆုံးစေခဲ့သော တိုက်ပွဲပင်။ လူချင်းထွေးလုံးရစ်ပတ်သတ်ပုတ်ရသည့် Dog Fight တိုက်ပွဲလည်း ဖြစ်ပါ၏။ အောင်မြင်မှုမှာ အလွန်ကြီးမားရကား တိုက်ပွဲအပြီး နာရီပိုင်းအတွင်း အရှေ့တောင်တိုင်း မော်လမြိုင်မှ ဗျူဟာမှူးကြီးကိုယ်တိုင် စစ်မြေပြင်ကို ဆင်းကြည့်ခဲ့ပြီး တိုက်ပွဲဝင်တပ်မှူးနှင့် စစ်သည်များကို အားရပါးရ ချီးကျူးဂုဏ်ပြုခဲ့သည့် တိုက်ပွဲလည်း ဖြစ်ပါ၏။ တိုက်ပွဲအမည်ကား အရှေ့တောင်ရွာထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပွားခဲ့သဖြင့် "**အရှေ့တောင်တိုက်ပွဲ**"ဟု အမည်ပေးလိုက်ပါသည် ခင်ဗျား။

**အရှေ့တောင်အောင်ပွဲသတင်းရရှိခြင်း**

အချိန်က ၁၉၇၄ ခုနှစ် မိုးကာလ။

ဖွန်၊ ဗူလိုင်မို့ မိုးကဖြိုင်ဖြိုင်ရွာနေသည်။ သည်းထန်သောမိုးကြောင့် ကျွန်တော်တို့ တပ်ဖွဲ့များ အခြေပြုနေကြသော မြန်မာပြည်အောက်ပိုင်း မြစ်ချောင်းများ ရေလျှံလာကြပေပြီ။

ကျွန်တော်သည် တပ်ခွဲတစ်ခွဲကိုဦးစီးပြီး တနင်္သာရီတိုင်းတွင် တာဝန်ကျနေ၏။ ထားဝယ်နှင့် ကလိန်အောင်ကြားလမ်းကြောင်း လုံခြုံရေးတာဝန်ကို အဓိက ထမ်းဆောင်နေရသည်။ မိုးသည်းသည်းနေ့တစ်နေ့တွင် ရေးမြို့ရှိ တပ်ရင်းမှူးကြီးထံမှ အောက်ပါကြေးနန်းတစ်စောင် လက်ခံရရှိလေသည်။

"**ရင်းမှူးမှ ခွဲမှူးများအတွက် ... ပြီးခဲ့သည့် ရက်အနည်းငယ်က ဗက ဒေးဗစ်ဗဟာဒူး ဦးစီး မိမိခွဲ (၄) နှင့် PDP ပြည်ပြေးအင်အား ၁၀၀ ခန့် အရှေ့**





**တောင်တွင် တွေ့ဆုံပြီး ပြင်းထန်စွာတိုက်ပွဲ ဖြစ်ပွားခဲ့။ ၎င်းဖြစ်စဉ်တွင် ရန်သူ ၂၀ ယောက်ကျ (အလောင်း ၅)၊ လက်နက်ငယ် ၁၇ လက်သိမ်းဆည်းရမိ၊ မိမိဘက်မှ အထိအနိုက်မရှိ။ လိပ်မူပါ ခွဲမှူးအားလုံး အထက်ပါ အောင်မြင်မှုမျိုး ရရှိအောင်ကြိုးစားလုပ်ဆောင်သွားကြရန် အကကသည်။**"

"ဟ ... ဗိုလ်ကြီးဒေးဗစ်က တယ်တွယ်ပါလား။ ပြည်ပြေးတွေတော့ ဖြုပြီး ဖျားသွားပြီနဲ့တူတယ်"

ကျွန်တော်သည် အထက်ပါအတိုင်း စဉ်းစားမိကာ ဗိုလ်ကြီးဒေးဗစ်ဗဟာဒူးကို လေးစားသွား၏။ ဗိုလ်ကြီးဒေးဗစ်ဗဟာဒူးသည် သူများနှင့်မတူ တစ်မူထူးခြားသူဖြစ်၏။ အမည်က ဂေါ်ရခါးအမည် ဒေဗစ်ဗဟာဒူးတဲ့။ လူကမည်းမည်း ကုလား။ အသားက မဟူရာရောင် တောက်ပြောင်နေသည်။ ရထားသည့် မိန်းမကဖြူဖြူချောချော ကျိုက်ထိုဘက်က ဗမာ။ သူ့ကိုတပ်ရောက်ပြီး ၄ လလောက်ကြာမှ ကျွန်တော် တွေ့ဖူးသည်။ သူသည် သဘောကောင်းသည်။ အလွန်ကောင်းသည်။ ကျွန်တော်ဆရာသမား ဖြစ်ခဲ့ဖူးသော ဗိုလ်ကြီးအေးကျော်၊ ဗိုလ်ကြီးစောမာဘယ်လ်၊



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးဘချို၊ ဗိုလ်ကြီးမောင်မောင်သွင်တို့နှင့် တစ်ပတ်တည်းဆင်း ဗိုလ်သင်တန်းအမှတ်စဉ် (၂၈) မှဖြစ်သည်။ သဘောကောင်းသော သူ့ကို ကျွန်တော်တို့အရာရှိငယ်များက အလွန်ချစ်ခင်ကြသည်။ ပြောမနာ ဆိုမနာမို့ သူ့ကို နောက်၍ ပြောင်၍ စ၍ ရသည်။ သူနှင့်ရင်းနှီးပြီး တစ်ကြိမ်တွင် ကျွန်တော်နှင့် အရာရှိငယ်များက အောက်ပါအတိုင်း မေးမိ၏ ...

''နေပါဦး နောင်တော်ကြီးရဲ့။ ဂေါ်ရခါးလည်း မဟုတ်ဘဲနဲ့ ဘယ်ကလာ ဒေးဗစ်ဗဟာဒူး ဖြစ်ရတာတုန်း။ ပြောနိုင်ရင်ပြောဗျာ အဲဒါလေး သိချင်တယ်''

''ကိုယ်က ငယ်ငယ်ကဆင်းရဲတယ်ကွ။ မိဘတွေက ကျောင်းထားမပေးနိုင်ဘူး။ အဲဒါနဲ့ တပ်ထဲက ဂေါ်ရခါးတွေက ကလေးကတည်းက ခေါ်ပြီးကျောင်းထားပေးတာ။ မိဘရင်းတွေက တမဲလ်ခရစ်ယာန်တွေဆိုတော့ ကိုယ့်မူရင်း **Christian Name** က ဒေးဗစ်၊ ဂေါ်ရခါး ဗဟာဒူးမိသားစုကခေါ်ပြီး မွေးစားလိုက်တော့ ဗဟာဒူး။ အဲဒီဗဟာဒူးကို နောက်က ထည့်လိုက်တာနဲ့ ဒေးဗစ်ဗဟာဒူးဖြစ်သွားတာ ကိုယ့်ညီရေ''





''ပြော်''

''ဒါနဲ့ မမနွယ်နဲ့ ရလာတာရော ပြောပါဦး။ အစ်ကိုကြီးရဲ့ဇနီး အစ်မကြီးက ချောတယ်ဗျာ''

''ဒါက ကိုယ်အရာရှိဖြစ်ပြီး ကျိုက်ထိုတပ်မှာ နေတုန်းကတွေ့ခဲ့တာ''

''ဘယ်လိုတွေ့ကြတာလဲ''

''လူပျိုဆိုတော့ မြို့ထဲ ခဏခဏသွားရင်း တွေ့တာပါပဲ။ သူကဈေးထွက်တယ်၊ သူ့ဆိုင်ကို အားတိုင်း ရေထွက်မတက် ကိုယ်ကသွားတော့ သူက သဘောပေါက်သွားရော။ အဲဒါနဲ့ လူငယ်ချင်းသဘောကျကြပြီး ရသွားတယ်ပဲ ဆိုကြပါစို့။ ကိုယ့်အသားကမည်းပေမယ့် အသည်းဖြူတာကို သိသွားလို့ပေါ့ ကိုယ့်ညီရာ ... ဟဲ ... ဟဲ ဟဲ''

သူက ဖြူဖွေးသောသွားများ ပေါ်အောင် တဟဲဟဲရယ်လိုက်သည်နှင့် ကျွန်တော်နှင့် နားထောင်နေသော အရာရှိငယ်များလည်း သူနဲ့ရော၍ တဟဲဟဲလိုက်၍ ဟဲကာ ရယ်လိုက်ကြပါသည် ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ကြီးဒေးဗစ်ပြောသော အရှုံးတောင်တိုက်ပွဲ

၁၉၇၄ ခုနှစ်၊ ဩဂုတ်လတွင် ကျွန်တော် ထားဝယ်မြစ်ထဲ၌ သေနတ်မှန်၍ ရန်ကုန်စစ်ဆေးရုံကြီးတွင် ဆေးရုံတက်ရ၏။ ဆေးရုံကဆင်းတော့ မော်လမြိုင် ကျောက်တစ်လုံး၌ အိမ်ထောင်သည် အရာရှိတာဝန်ထမ်းဆောင်ရ၏။ ကျောက်တစ်လုံးတွင် သုံးလေးလ နေလိုက်ရပါသည်။ ထိုအခါ ရှေ့တန်းမှ အနားပြန်လာသည့် ဗိုလ်ကြီးဒေးဗစ်နှင့် မကြာခဏ စကားပြောဖြစ်ရာ သူ တိုက်ခဲ့သည့် အရှုံးတောင်တိုက်ပွဲကို တစ်ရက်တွင် ကျွန်တော် မေးဖြစ်ပါသည်။ ထိုအခါ သူက အောက်ပါအတိုင်းပြောပြ၏။

''အဲဒီတုန်းက ကိုယ့်ကို တပ်ရင်းမှူးအဟောင်းက တပ်ရေးဗိုလ်ကြီး ခန့်သွားတာ။ မပျော်လို့ တပ်ရင်းမှူးအသစ် ရောက်လာတော့ တောင်းပြီး တပ်ခွဲပြန်ဆင်းသွားတယ်။ တပ်ခွဲက ရေးနဲ့ သံဖြူဇရပ်အကြား လှုပ်ရှား လုပ်နေရတယ်။ တပ်ခွဲမှာ စီနီယာအရာရှိ မရှိဘူး။ ဗိုလ်ကျော်ဇောနဲ့လောက်ပဲ လွှတ်ထားရတာ။ ကိုယ် အရင်ကိုင်ခဲ့တဲ့ ခွဲ (၄) လေ၊ တပ်ရင်းမှူးအသစ်ကြီးက မင်းကိုင်ခဲ့တဲ့ ခွဲ(၄)ကို မင်းပြန်တော့ဆိုပြီး လွှတ်လိုက်လို့ တပ်ရေးဗိုလ်ကြီးကနေ





တပ်ခွဲမှူး ပြန်လုပ်ရတယ်။ တပ်ခွဲပြန်ကိုင်ပြီးတော့ သိပ်မကြာဘူးဟ။ ဆယ့်လေးငါးရက်အကြာမှာ ပြည်ပြေးတွေနဲ့ တိုက်ရတော့တာပဲ။ ထွေးလုံးရစ်ပတ်ပဲ ကိုယ့်ညီရေ၊ ဘာကောင်းလို့ မသေတယ်''

''အဲဒီဖြစ်စဉ်ကလေး ကြားချင်တယ်ဗျာ။ နောင်တော်ကြီးရဲ့ စွန့်စားခန်းကလေးကို နားထောင်ချင်တယ်''

''ရပါတယ်။ ဒီလို ကိုယ့်ညီရဲ့''

အောက်ဖော်ပြပါ အကြောင်းအရာများမှာ ဗိုလ်ကြီးဒေးဗစ်ပြောသော တိုက်ပွဲဖြစ်စဉ်ကို သင့်လျော်သလို သိကုံးနှန်းဖွဲ့၍ ရေးသားဖော်ပြလိုက်ပါသည်ခင်ဗျား။

## ပြည်ပြေးတို့ ရေးမြို့ကို တိုက်မည်ဆိုခြင်း

၁၉၇၀ ခုနှစ်က ဦးနုနှင့် ဦးလောရုံတို့ ဦးဆောင်ခဲ့သော **PDP** ပြည်ပြေးများသည် လက်နက်ကိုင်တပ်များကို ဖွဲ့စည်းကာ အခြားသော တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူများနှင့် ပူးပေါင်း၍ ထိုင်း–မြန်မာ နယ်စပ်တစ်လျှောက် လှုပ်ရှားခဲ့ကြလေသည်။ ပြည်ပြေးတပ်များတွင် ဗိုလ်ရန်နိုင် ဦးစီးသော တောင်ပိုင်းတိုင်းသည် လှုပ်ရှားမှု



www.burmeseclassic.com

www.burmeseclassic.com



အများဆုံး ပြုလုပ်ခဲ့၏။ PDP တောင်ပိုင်းတိုင်းဌာနချုပ်တည်နေရာမှာ ထိုင်း–မြန်မာ နယ်စပ် တောတွင်းတစ်နေရာရှိ "မွေး" စခန်းဖြစ်၏။ မွေးစခန်းသည် ဘုရားသုံးဆူနှင့် သိပ်မဝေးလှပေ။ ထိုင်းနိုင်ငံ ကွဲယိုင်မြို့နှင့်လည်း မလှမ်းမကမ်း၌ တည်ရှိ၏။ တောင်ပိုင်းတိုင်းတွင် နဂါးမောက်တပ်ရင်းနှင့် ကျားနက် တပ်ရင်းများ ရှိသည်။ နဂါးမောက်တပ်ရင်း၏ တပ်ရင်းမှူးမှာ ဗိုလ်ရန်နိုင်၏တူတော်သူ မင်းနိုင် (ခေါ်) ဂျင်မီ ဖြစ်၏။ ကျားနက်တပ်ရင်းကိုမူ အုန်းပင်ကွင်းရွာသား တင်ငွေမှ ဦးစီးသည်။ ၁၉၇၃ ခုနှစ်က ပြည်ပြေးကြီး ရန်ကုန်ဘဆွေသည် ပြည်ပြေးများကိုဦးစီးပြီး နောင်ရိုးစစ်ဆင်ရေးအမည်ဖြင့် မြန်မာနိုင်ငံတောင်ပိုင်းရှိ သံဖြူဇရပ်၊ ရေး၊ ကလိန်အောင်၊ ရေဖြူ၊ ထားဝယ် စသည့် မြို့ကြီးများကိုတိုက်ရန် စီမံခဲ့၏။ သို့ရာတွင် အချင်းချင်း မညီညွတ်သဖြင့် စီမံချက်ပျက်ပြားသွားခဲ့လေသည်။ ထိုအခါ တောင်ပိုင်းတိုင်း တိုင်းမှူးဆိုသူ ဗိုလ်ရန်နိုင်က သူ့တူ ဂျင်မီ ခေါ် မင်းနိုင်ကို သုံးပါတီ ပူးပေါင်းပြီး သူတို့နှင့် အနီးဆုံး ရေးကို ဝင်တိုက်ခိုင်းတော့၏။

"ကဲ ... လေကြီး မိုးကြီးနဲ့ အကြွားကြီးတဲ့ ကိုဘဆွေက ဘာမှမလုပ်နိုင်ဘူး။ အဲဒီတော့ ဂျင်မီ၊ ငါ့ဆီမှာ လုပ်နိုင်တာ မင်းနဲ့ တင်ငွေပဲ ရှိတယ်။ တင်ငွေကို ကလိန်အောင်၊ ကံပေါက်၊ ရေဖြူ၊ ထားဝယ် တာဝန်ပေးထားတော့ ရေးနဲ့ သံဖြူဇရပ်တိုက်ဖို့က မင်းတာဝန်ပဲ။ အနီးဆုံး ရေးကို ဝင်တိုက်ကွာ။ ငါ မဟာမိတ်တွေနဲ့ ညှိထားပြီးပြီ"

ဂျင်မီ ခေါ် မင်းနိုင်သည် လူရွယ်လူလတ်မျှသာ ဖြစ်၏။ ပြည်ပြေးတောင်ပိုင်းတိုင်းတွင် လွှားလွှား လွှားလွှားနှင့် မည်သူ့မျှ ဗိုလ်မထား။ အကြွားကလည်း သန်၏။ ဗိုလ်ရန်နိုင်၏ တူတော်နေပြန်ရာ သူပြောသမျှ ဟုတ်နေ၏။ သူ့လက်အောက်ငယ်သားများကလည်း နောင်တစ်ခေတ်၏ တပ်မတော်ဦးစီးချုပ် ဖြစ်လာမည့်သူဟု မြှောက်ပင့်ပေးလျက် ရှိကြ၏။ ဤသို့ဖြင့် မိုးမမြင်လေမမြင် ဖြစ်နေသော မင်းနိုင်သည် ရေးကို တိုက်မည်ဆိုပြီး ၁၉၇၄ ခုနှစ် မိုးတွင်းတွင် သူ့အင်အား လူ ၁၀၀ ကျော်လောက်နှင့် မွေးစခန်းမှ တောင်ညိုတောင်တန်းကို ဖြတ်ကျော်ကာ ရေးမြို့နယ် မြောက်ခြမ်းသို့ ဆင်းချလာ၏။ သူတို့ရောက်လာသည့်သတင်းကို မြန်မာ့တပ်မတော်မှ မကြာမတင် ရရှိသွားလေသည်။ မင်းနိုင်နှင့် အင်အားစုသည် သုံးပါတီ







www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့များနှင့် တောတွင်း တစ်နေရာတွင် တွေ့ဆုံခဲ့ကြပြီး ရေးကို တိုက်ရန် ရေး တိုက်၍ မရနိုင်က အနည်းဆုံး လမိုင်းကိုတိုက်ရန် ဆုံးဖြတ်ခဲ့ကြ၏။ စီမံချက်အရ မင်းနိုင်နှင့် သူ၏တပ်ဖွဲ့သည် ရေးနှင့် သံဖြူဇရပ် ကားလမ်းမကြီးပေါ်ရှိ အရတောင်ရွာသို့ သူတို့ ချိန်းဆိုသည့်ရက်နေ့တွင် ရောက်ရှိခဲ့လေသည်။ ပြည်ပြေးများ အရတောင်ရွာသို့ ရောက်လာသော်လည်း ကျန် တိုင်းရင်းသားသောင်းကျန်းသူနှစ်ဖွဲ့က မရောက်လာသေးသဖြင့် ထိုနေ့က သူတို့တပ်ဖွဲ့တစ်ဖွဲ့လုံး အရတောင်ရွာတွင် အခြေပြုခဲ့ကြတော့၏။

သူတို့ အရတောင်သို့ရောက်သည်ဆိုလျှင်ပင် ထိုသတင်းကို မြန်မာ့တပ်မတော်မှ ချက်ချင်းရသွား၏။

ရန်သူ ဒီလောက်အင်ကြီးအားကြီးနဲ့ ဝင်လာတာ လက်ခံ၍မဖြစ်ပါ။ အနီးဆုံးစစ်ကြောင်းတစ်ခုကို လွှတ်၍ ရှင်းမှရမည်။ ထိုသို့မဟုတ်ပါက ရေး–သံဖြူဇရပ် ရထားလမ်းကို ဒုက္ခပေးနိုင်သည်။ အနီးဆုံး ရေးကို ဝင်တိုက်သွားနိုင်သည်။ သို့ဖြစ်၍ ရတာခမှ ကွပ်ကဲမှုအောက် စစ်ဗျူဟာကို ညွှန်ကြားသည်။ မော်လမြိုင် စစ်ဗျူဟာမှလည်း ညွှန်ကြားချက် ဆက်ထုတ်၏။ ထိုညွှန်ကြားချက်အရ ရေး





မြို့ရှိ ကျွန်တော်တို့ တပ်ရင်းဌာနချုပ်မှ ထိုရန်သူကို ရှင်းလင်းရန် စီစဉ်ရတော့သည်။ လောလောဆယ် ရေး၏ မြောက်ဘက် ကလွန်ပဲ (ခေါ်) တောင်ဘုံဘူတာအနီးတွင် ဗိုလ်ကြီးဒေးဗစ် ဦးဆောင်နေသော ခွဲ (၄) တစ်ခွဲရှိသည်။ ခွဲ (၄) ကို လွှတ်ပြီး ရှင်းနိုင်းလျှင် ဖြစ်နိုင်သည်။

ဗျူဟာမှ ညွှန်ကြားချက်ကို ညနေပိုင်းတွင် ပို့လိုက်၏။ ထိုကြေးနန်းကို ရလျှင်ရချင်း ရေးရှိ တပ်ရင်းဌာနချုပ်မှ ဝှက်စာသွင်း၍ ဗိုလ်ကြီးဒေးဗစ်၏ ခွဲ (၄) ပို့ပြီး အောက်ပါ ညွှန်ကြားချက်ကို ထုတ်လိုက်လေတော့သည်။

**"အရတောင်တွင် ရန်သူသုံးပါတီအင်အားများ စုဖွဲ့နေကြောင်း သတင်း ရရှိ၊ ခွဲ (၄) သည် ဤကြေးနန်း ရလျှင်ရချင်း လက်ရှိအခြေပြုမှ အရတောင်သို့ ချီတက်ရှင်းလင်း သတင်းဖော်ထုတ်ရန်"**

ဗိုလ်ကြီးဒေးဗစ်က အမိန့်နာခံသည့် စစ်သားကောင်းမို့ ထိုအမိန့်ကို ချက်ချင်းလိုက်နာဆောင်ရွက်သည်။

ညွှန်ကြားချက်ရချိန်တွင် ညဆယ့်တစ်နာရီထိုးပြီးပြီ။ မိုးတွေက သည်းသည်းမဲမဲ ရွာနေသည်။ ဌာနချုပ် စက်က ထွက်ချိန်တောင်း၍ စက်ပိတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဗိုလ်ကျော်ဇောရေ ကိုယ်ကတော့ စစ်ပဲ တိုက်ပါရစေဆိုပြီး တပ်ခွဲပြန်ဆင်းလာတာ။ မိုးတွေ သိပ်ရွာနေတယ်ဆိုပြီး မသွားလို့တော့မရဘူး။ ရဲဘော်အားလုံး နိုးပြီး အဆင်သင့်ဖြစ်တာနဲ့ သွားကြတာပေါ့"

ဗိုလ်ကြီးဒေးဗစ်က တစ်ဦးတည်းသော တပ်စုမှူး ဗိုလ်ကျော်ဇောအား ခေါ်ပြောလိုက်၏။ ထို့နောက် တပ်ခွဲအား အသင့်ပြင်ဆင်စေ၏။ လက်ရှိအခြေပြုမှာ တောင်ဘုံ (ခေါ်) ကလွန်ပဲဘူတာ တစ်ပိုက်ဖြစ်၏။ ဒီကနေပြီး အရှတောင်ဆိုက နှစ်နာရီကျော်ကျော် သုံးနာရီနီးပါး လျှောက်ရမည်။ ယခုလို ဗွက်ထူသော မိုးတွင်းကာလ၌ လမ်းက မကောင်း။ ရိုးရိုးမြေလမ်းဖြစ်၍ ရွံ့ရှုန်းရမှာ သေချာ၏။ ညကလည်း မှောင်မှောင်၊ လကလည်း မှောင်မှောင်မို့ စမ်းတဝါးဝါးသွားရမည်။ ၁၂ နာရီနောက်ပိုင်းမှ လ ထွက်လိမ့်မည်။ လပြည့်ကျော် ၇ ရက် လမင်း သန်းခေါင်ထွက် မဟုတ်လား။ ယနေ့ကား လပြည့်ကျော် ၈ ရက်။

တပ်ခွဲတစ်ခွဲလုံး အိပ်ရာမှထ၍ အသင့်ဖြစ်ချိန်တွင် ည ဆယ့်နှစ်နာရီထိုးပြီးပြီ။

တောင်ဘုံမှ အရှတောင်သို့ သွားသည့်လမ်းကား






၁၉၇၄ ခုနှစ်က စာရေးသူတို့၏ ခလရ (၆၁) တပ်ရင်းမှူး ဗိုလ်မှူးကြီးအောင်မြင့်

www.burmeseclassic.com

www.burmeseclassic.com




၁၉၉၂ ခုနှစ်က သာလွန်ဒေသ ရှိ ထွီးဖားဝီကျိုးခေါ် ခွေးအိပ်တောင်အား
တိုက်သိမ်းခဲ့သည့် တပ်မ (၆၆) တပ်မမှူး ဗိုလ်မှူးချုပ်အေးကျော်




ဗိုလ်ကြီးအေးပစ်ဗဟာဒူး၏ တပ်ခွဲနှင့် P.D.P ပြည်ပြေးများ
တိုက်ပွဲဖြစ်ပွားခဲ့သည့် အရုတောင် ဒေသပြမြေပုံ
(တိုက်ပွဲမှာ အရုတောင်ရွာထဲတွင် ဖြစ်ပွားခဲ့ပါသည်)

www.burmeseclassic.com

www.burmeseclassic.com




မုန်းမ၊ ကုန်းဆုံဒေသ ပလောင်တောင်ကြောတွင် ၁၉၇၈ ဩဂုတ်လ
တရေးသူနှင့် ဘိန်းသူပုန်များ တိုက်ပွဲဖြစ်ပွားရာပြမြေပုံ



ခြားစရာတော့မရှိပါ။ အရှေ့တောင်ဘက်သို့ တစ်ဖြောင့်တည်းဖြစ်၏။ မိုးရေထဲတွင် တပ်ခွဲတစ်ခွဲလုံး တိတ်ဆိတ်စွာချီတက်ခဲ့ကြ၏။ ဘယ်သူဘယ်သူမှ စကား မပြောဖြစ်။ ရိုင်ဖယ်သေနတ်များကို လည်ပင်းကြားထား၍ မိုးမထိုးရန် တပ်ခွဲမှူးက တားမြစ်ထားသည်။

"ဗိုလ်ကျော်ဇောရေ ... ရွာနားရောက်ရင်တော့ ကိုယ့်ကိုပြောနော်"

ဗိုလ်ကြီးဒေးဗစ်က ပွိုင့်တပ်စုမှ ဗိုလ်ကျော်ဇောကို မှာထားသည်။ မိုးရေထဲ၌ တဘုန်းဘုန်း တဘိုင်းဘိုင်းလဲရင်း ချီတက်လာကြရာ မိုးက တစ်နာရီကျော် ရွာအပြီး၌ တိတ်သွား၏။ လရောင်လေးက မိုးတိမ်များကြားမှ မှုန်ပျပျလေး ထွက်လာသည်။ ခရီးသွားရတာ နည်းနည်းပိုကောင်းလာ၏။

"လူဆက်မပြတ်စေနဲ့နော်။ ကပ်ထား။ ဦးထုပ်မှာပါတဲ့ ညကြည့်လေးတွေကို နောက်ကနေ ကြည့်လိုက်"

စစ်သည်တိုင်း ဦးထုပ်တွင် ညကြည့်အမှတ်အသား အဖြူပိုင်းကလေးများ ကပ်ထားရာ ရှေ့ကလူ ဦးထုပ်ကို နောက်ကကြည့်လိုက်ရ၏။ သူတို့တပ်ခွဲ (၄) ကား ဤနေရာတစ်ပိုက်၌ လပေါင်းအတော်ကြာ နေပြီးပြီမို့ သိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာမရှိပါ။ လမ်း ကျွမ်းကျင်ကြပါသည်။

မနက်သုံးနာရီထိုးသော် ရွာထိပ်သို့ ရောက်၏။

''ဗိုလ်ကြီး ရွာထိပ်ရောက်ပြီ''

ပွိုင့်က သတင်းပို့လာ၏။

ညတိုက်ပွဲမှာ အုပ်ချုပ်မှုခက်၏။ တပ်ဖြန့်ရတာလည်း ခက်၏။ ချီတက်ရတာလည်း ခက်၏။ နေရာယူရတာလည်း ခက်၏။ သို့ရာတွင် ညတိုက်ပွဲ၏ အားသာချက်ကား ရန်သူကို အငိုက်ဖမ်းနိုင်၏။ နည်းနည်းနှင့် ကျဲကျဲဝိုင်းနိုင်၏။ ဘုမသိ ဘမသိ ရန်သူအား လှည့်စားခြိမ်းခြောက်နိုင်၏။ အမှောင်ထုကို အကာအကွယ်ယူ၍ ရန်သူ့အနီးသို့ အပိုင်ချဉ်းကပ်ပြီး လက်စတုံး ချေမှုန်းနိုင်၏။

ဒါကို ဗိုလ်ကြီးဒေးဗစ် သိပါသည်။ ထို့ကြောင့် ရွာရောက်က ရန်သူ ရှိ/မရှိ ကြည့်မည်။ ရှိရင် လက်စတုံး ချေမှုန်းမည်။ စစ်မြေပြင်မှာသာ ပျော်တတ်သည့် ဒေးဗစ် ဗဟာဒူး အစွမ်းပြမည်။ ကဲ ... ဘာတဲ့လဲ ငါ့ဟဲ့ယောက်ျား။

ရှေ့တက်ပြီးကြည့်၏။ ရွာက ကုန်းမြင့်ဆင်ခြေလျောလေးပေါ်တွင် တည်ထားသည့် ရွာတန်းရှည်လေးဖြစ်၏။ ရွာအဝင်တွင် ချောင်းရိုးကလေးနှင့် သစ်သား





...တားလေးတစ်စင်း ရှိသည်။ ပွိုင့်တပ်စိတ် နေရာယူထားသည့် ရွာအဝင်တံတားမှ ရွာကို လှမ်းကြည့်ရာ လရောင်မှုန်...အောက်တွင် ရွာကလေးက ဝါးရုံပင်များကြား၌ ဝပ်စင်း...သက်နေသည်။

''ကဲ ... ပွိုင့်တပ်စိတ်က ဘာသံမှမထွက်စေနဲ့။ ...အတိုင်းပဲ ရွာလယ်လမ်းကနေပြီး ဟိုဘက်ရွာ အစွန်ဆုံး ...ထိ ချီတက်သွား။ တစ်ခွဲလုံး တစ်ကြောင်းထိုးဝင်ပြီးမှ ...ရှင်းရအောင်''

ဗိုလ်ကြီးဒေးဗစ်က ပွိုင့်တပ်စိတ်နှင့်အတူ ရှေ့က ...ိုက်သွားသည်။

''ဗိုလ်ကျော်ဖောရေ ... တပ်ခွဲထိန်းပြီး အလယ်...က လိုက်ခဲ့နော်။ ကိုယ်က ရှေ့ကလိုက်သွားမယ်''

ရွာအဝင်တံတားကျော်ပြီး ရွာစပ်ကို ခြေချမိသည်...နှင့် ထိပ်ဆုံးအိမ်မှ ရဲခနဲ ဆေးလိပ်မီးပွားတစ်ချက် လက်...သွားသည်။

''ဟေ့ ... ဘယ်သူလဲ''

ပွိုင့်တပ်စိတ်ရှေ့ဆုံး ရဲဘော်မှ မေးလိုက်သည်။ ...မှန်တော့ စစ်မြေပြင်တွင် ရန်သူကို ရှာဖွေရာ၌ ဤကဲ့သို့

www.burmeseclassic.com



မေးရိုးထုံးစံမရှိပါ။ မမေးရပါ။ မသက်ာရင် ပစ်ရန်သာဖြစ်၏။ ယခုတော့ ကံကြမ္မာအလှည့်အပြောင်းကြောင့် မမေးသင့်ဘဲ ပို့င့်သမားက သွားမေးလိုက်သည်။

"ဟိုက်"

ထိုသို့မေးလိုက်ခြင်းအား ဗိုလ်ကြီးဒေးဗစ် စိတ်ထဲ၌ ထင့်ခနဲဖြစ်သွားသည်။ စိတ်ထင့်ချိန်မှာ တစ်စက္ကန့်၏ ဆယ်ပုံတစ်ပုံမျှသာ ကြာသည်ထင်၏။ ထိုလက်ဖျစ် တစ်တွတ်အတွင်းမှာပင် တစ်ဖက်မှ ပြန်ဖြေသံကြားရသည်။

"မဟာမိတ်"

"ဟိုက် ... ရန်သူတွေပါလား"

"ဟေ့ ... ရန်သူ ... ရန်သူ ... ဟန်မပျက်စေနဲ့။ အသာဆက်သွား ... ဆက်သွား"

ချက်ချင်းပင် အခြေအနေကို သုံးသပ်ပြီး ပို့င့်တပ်စိတ်ကို တိုးတိုးတိတ်တိတ်ဖြင့် ဆက်ထွက်ခိုင်းရ၏။ အခုမှ ရွာလယ်လမ်းမကြီးဘေးဘယ်ညာရှိ အိမ်များကို အသေအချာ ကြည့်မိ၏။ အဖီထုတ်ထားသည့် အိမ်များ၏ အမိုးအောက်တွင် သောင်းကျန်းသူများအဖွဲ့လိုက် အိပ်နေကြသည်ကို အံ့ဩဖွယ် ရုတ်တရက်တွေ့လိုက်ရ၏။





"အင်း ... ပိုင်ပြီ"

ဗိုလ်ကြီးဒေးဗစ် ဝမ်းသာသွားသည်။

"ရဲဘော်တွေ ဆက်ထွက် ... ဆက်ထွက်။ ရွာအစွန်ဆုံးရောက်လို့ ငါ ပစ်ရင် စပစ်တော့။ ရန်သူတွေ အိပ်နေတာ တွေ့လား။ ဒီတစ်ခါတော့ အပိုင်ပဲ"

ပါးစပ်က တိုးတိုးတိတ်တိတ်ပြောပြီး သူကိုယ်တိုင်ကမူ ခါးမှ ပစ္စတိုကို ဖြုတ်၍ အသံမထွက်အောင် မောင်းတင်လိုက်သည်။ လေးငါးမိနစ်အတွင်း ပို့င့်တပ်စိတ်သည် တစ်ဖက်ရွာအစွန်သို့ ရောက်သွား၏။ အချိန်ဆွဲနေ၍ မရပါ။ ဗိုလ်ကြီးဒေးဗစ်သည် သူကိုယ်တိုင် အနီးဆုံး တဲတစ်လုံး ဝင်ကပ်ကြည့်ပြီး အိပ်နေသည့် ရန်သူတစ်ဦးကို တွေ့သည်နှင့် စပစ်လိုက်တော့၏။

"ဖောင်းဒိုင်း ... ပတောက် ... ပတောက်"

"ဖုံးဖုံးဖောင်းဖောင်း ... ဒိုင်း ဒိုင်း ဒိုင်း"

အနီးကပ်ပစ်လိုက်သည့် လက်နက်ငယ်သံများက အစပထမ ခပ်အုပ်အုပ်ထွက်လာ၏။ နောက်တော့ မြိုင်ဆိုင်လာ၏။

"ဖောင်း ဖောင်း ဖောင်း ... ဒိုင်း ... ဒိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်း''

''ဝုန်း ... ဝုန်း''

လက်ပစ်ဗုံးသံများပါ ပါလာ၏။ စစ်သည်အချို့က တဲများအတွင်း လက်ပစ်ဗုံးများ ပစ်သွင်းကြ၏။

''ပတောက် ... ပတောက် ... ရှီ ... ရှီ''

''ပြေးပြီဟေ့ ... ပြေးပြီဟ။ လိုက်ပစ် ... လိုက်ပစ်''

အိပ်ပျော်နေကြသည့် P.D.P သောင်းကျန်းသူ အဖွဲ့မှာ မိုးသံလေသံနှင့် ဗွက်တောထဲမှ တစ်ညလုံး ချီတက်လာသည့် ဗိုလ်ကြီးဒေးဗစ်တပ်ခွဲ၏ အငိုက်ဖမ်း တိုက်ခိုက်မှုကို ခံလိုက်ရရာ မည်သို့မှ ခံမတိုက်နိုင်ဘဲ ခြေလွတ်လက်လွတ် ထွက်ပြေးရတော့၏။ တစ်ဖက်တွင် ချောင်းခံနေရာ ချောင်းထဲခုန်ချပြီး ပြေးသူက ပြေးကြ၏။ မိုးစင်စင် မလင်းသေးသဖြင့် အမှောင်ထုက ထွက်ပြေးသူတို့အတွက် ဖေးမလိုက်၏။ ထို့ကြောင့် ရန်သူအများစု လွတ်မြောက်သွားကြလေသည်။ ပြည်ပြေးတောင်ပိုင်းတိုင်း နဂါးမောက်တပ်ရင်းမှ အထူးတိုက်ခိုက်ရေးတပ်ဖွဲ့နှင့် ဒေသခံလူမျိုးစုအဖွဲ့များ ဖြစ်ကြသည်။ သူတို့က ဒီနေ့ည





အရုတောင်တွင် သုံးပါတီ ဆုံမည်။ စုမည်။ ပြီးတော့ ရေးမြို့ကို ဝင်တိုက်မည်။ ရေးကို မတိုက်နိုင်ရင်တောင် သံဖြူဇရပ်မှ ရေးကိုလာသည့် APT ရထားအား စီးနင်းတိုက်ခိုက်မည်။ တောင်ဘုံဘူတာရုံကို မီးရှို့ဖျက်ဆီးမည်။ ရထားလမ်းကို မိုင်းခွဲခဲ့မည်။ သုံးပါတီ အစွမ်းပြရန် နောက်ဆုံးကျန်သည့် တပ်ဖွဲ့ဖြစ်သော KNU တပ်မဟာ (၆) မှ ကွန်မန်ဒိုတပ်ဖွဲ့ကို စောင့်ဆိုင်းနေစဉ်မှာပင် ဗိုလ်ကြီးဒေးဗစ်၏တပ်ခွဲမှ အလစ်ဝင်တိုက်မှုကို ခံလိုက်ရခြင်းပင်တည်း။

စောစောက ...

''ဟေ့ ... ဘယ်သူလဲ''

''မဟာမိတ်''

ထိုသို့မေးသည်ကို ဖြေလိုက်သူမှာ ပြည်ပြေးအဖွဲ့မှ ဖြစ်၏။ သူတို့က သူတို့စောင့်နေသည့် သူတို့မဟာမိတ် KNU မှ ကွန်မန်ဒိုအဖွဲ့ဝင်လာသည်ထင်ပြီး ဖြေလိုက်ခြင်းဖြစ်၏။ ဝင်လာသူများက သူတို့၏မဟာမိတ်မဟုတ်ဘဲ သူတို့၏သေမင်းတမန်များသာ ဖြစ်နေ၏။

နာရီဝက် သာသာအတွင်း တိုက်ပွဲပြီးသွား၏။ မိုးစင်စင်လင်းသော် ရန်သူ ၂၀ ကျဆုံး၍ လက်နက်ငယ်



www.burmeseclassic.com

www.burmeseclassic.com



၁၇ လက်ကျန်ခဲ့၏။ အရုတောင်ချောင်းအတွင်း ရေငုပ်ဆယ်ရာ နောက်ထပ် အမ် ၁၆ သေနတ် သုံးလက် ထပ်ရသည်။

မိမိဘက်မှမှုကား အထိအခိုက် ဒဏ်ရာရသူ မရှိပါ။ ဘယ်ရှိလိမ့်မလဲ။ ဒီဘက်က အားလုံး နိုးနိုးကြားကြားနဲ့ ချီတက်ပြီး အသင့်ဖြစ်နေသူတွေ။ ဟိုဘက်က မိုးသံလေသံနဲ့ တခေါခေါဟောက်ပြီး အိပ်နေသူတွေ။ တချို့ဆို သေသာသွားရော သူတို့ဟာ သူတို့ ဘာဖြစ်လို့ဖြစ်မှန်း သိမည်မဟုတ်။

ဧရဲပြည်ရောက်ပြီး ယမမင်းကြီးနှင့် တွေ့မှပဲ "ဟာ ငါ သေပါပကော" ဆိုပြီး သိတော့မည်။

ထိုတိုက်ပွဲကြီးတော့ ဇတောင်ဘုံဘူတာသို့ မော်လမြိုင်ရတခမှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းနောင်ကိုယ်တိုင် ရထားဖြင့် လိုက်လာ၏။ ဗိုလ်ကြီးဒေးဗစ်ကို ခေါ်တွေ့သည်။

ရေးမှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးအောင်မြင့်လည်း ရောက်လာသည်။

"အေးကွ … ငါက ကြားဖြတ်စက်မှာ သုံးပါတ်





အင်အား နှစ်ရာကျော် သုံးရာကျော် ရေးကို ဝင်တိုက်မယ်ဆိုတဲ့သတင်းရတော့ စိတ်ပူတယ်။ ချက်ချင်းပဲ ထွက်ရှင်းဖို့ ရေးမှာရှိတဲ့ မင်းတပ်ရင်းမှူးကို လှမ်းပြောတာ"

"ပြည်ပြေးတောင်ပိုင်းတိုင်း နဂါးမောက်တပ်ရင်းက တပ်ရင်းမှူး ဂျင်မီက စွာတယ်ကွ။ တရုတ်ကလေးသူကို လျှော့တွက်လို့မရဘူး။ ဒါကြောင့် ချက်ချင်းရှိတဲ့ တပ်ထုတ်ပြီး ရှင်းခိုင်းတာ"

"အင်းပေါ့ကွာ။ တရုတ်ကလေးက ဒီနားမှာ ကုလားလေး ပင်္ဂိုပကွရားနဲ့ တပ်ခွဲတစ်ခွဲရှိနေတာ သိမှ မသိဘဲကိုးကွ။ ဦးတည်ဘွားနဲ့ ပင်္ဂိုပကွရား တွေ့တော့ ပင်္ဂိုပကွရား နိုင်သွားတာပေါ့။ အင်း … ပင်္ဂိုပကွရား ပင်္ဂိုပကွရား"

ဗျူဟာမှူးကြီးက ဗိုလ်ကြီးဒေးဗစ်အား အလွန်နှစ်ထောင်းအားရစွာဖြင့် ပခုံးကို ပုတ်ကာပုတ်ကာဖြင့် ပြောတော့၏။

"ဂျင်မီ နဲ့ ဒေးဗစ် ရင်ဆိုင်ပစ်တော့ ဒေးဗစ်က အပိုင်ချဲ ဂျင်မီကွဲပေါ့ကွာ … ဟား … ဟား … ဟား … ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဗျူဟာမှူးကြီးက ကာရန်နဘောဖြင့် ရယ်မောပြော ဆိုလေရာ အတူရှိနေသည့်တပ်ရင်းမှူးကြီးကလည်း ဗျူဟာမှူးကြီးနည်းတူ တဟားဟားနှင့် ရယ်မောလိုက်လေသည်။ လူကြီးတွေ ရယ်တော့ အားလုံးက ဝိုင်းရယ်လိုက်ကြ၏။

"ဟား ... ဟား ... ဟား ... ဟား ... ဟား"

ရယ်သံများမှာ ရေး-သံဖြူဇရပ် ရထားလမ်း တစ်လျှောက် ဟိုအဝေးတိုင် ပျံ့လွင့်သွားပါတော့သည် ခင်ဗျား။

❖ ❖ ❖

"ကိုယ့်တိုက်ပွဲကတော့ အဲဒါပဲ ကိုယ့်ညီရေ"

"ကောင်းတယ် နောင်တော်ကြီးရာ။ ကျွန်တော်က နှစ်စက ကလိန်အောင်မှာ ၉ လောင်း ၉ လက် ရလာတာ ကိုယ့်ကိုယ်ကိုယ် ငါလိုလူ ဗမ္ဗူမှာရှိဦးမှာလား ထင်နေတာ။ နောင်တော်ကြီးက အလောင်း ၂၀ နဲ့ ၁၇ လက်ရသွားတော့ ကျွန်တော့်နှစ်ဆပေါ့။ လေးစားဂုဏ်ယူပါတယ်ဗျာ"

"ထားပါကွာ။ ကိုယ့်ညီလည်း တော်တာပါပဲ။





ကိုယ်လည်း ကံဖေးမတာ ပါပါတယ်။ တကယ်တော့ ဘာမှ သိတာမဟုတ်ဘူး။ ရွာရောက်မှ ရန်သူရှိမှန်းသိပြီး ပစ်ရ ခတ်ရတာပါ။ ကိုယ်တို့က အသင့်ဖြစ်ပြီး သူတို့က အသင့် မဖြစ်တော့။ သူတို့ ခံသွားရတာပေါ့။ ညဆိုတော့လည်း အသင့်ဖြစ်တဲ့သူက သာတာပေါ့လေ"

"ဟုတ်တာပေါ့ နောင်တော်ကြီးရာ"

အရှေ့တောင်ညတိုက်ပွဲ ပြီးကတည်းက ပြည်ပြေး များ ရေးနား မကပ်ရဲတော့ပါ။ လုံးဝလက်ရှောင်သွားကြရာ ပြည်ပြေးအဖွဲ့ကြီး လုံးဝပျက်သုဉ်းပြီး ခေါင်းဆောင်ပိုင်းများ အလင်းဝင်လာသည့်အထိပင် ဖြစ်ပါတော့သည်။

ဤသည်မှာ အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်မြေမှ ကျွန်တော် အမှတ်တရရှိနေသည့် ညတိုက်ပွဲ တစ်ခုအကြောင်းပါခင်ဗျား။

(ကာယကံရှင် ဗိုလ်ကြီးဒေးဗစ်ဗဟာဒူး၏ ပြော ကြားချက်များကို မှီငြမ်းရေးသားပါသည်။)

❒



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တိုင်တိုက်ခဲ့သော ညတိုက်ပွဲတစ်ခု

**နိဒါန်း**

ကျွန်တော်၏စစ်သားဘဝ အနှစ် ၃၀ ကျော်တွင် တိုက်ပွဲပေါင်း အမျိုးအစားများစွာကို ကြုံတွေ့ခဲ့ရပါ၏။ တောင်ပေါ်တိုက်ပွဲ၊ တောတွင်းတိုက်ပွဲ၊ ကွင်းပြန့်တိုက်ပွဲ၊ ချုံခိုတိုက်ပွဲ၊ ကွန်မန်ဒိုသွေးသောက်တိုက်ပွဲ၊ မြစ်ကူးချောင်းကူးတိုက်ပွဲ၊ ပြောက်ကျားတိုက်ပွဲ၊ လက်နက်ငယ်တိုက်ပွဲ၊ သက်နက်ကြီးတိုက်ပွဲ စသည်တို့ဖြစ်ကြ၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် တိုက်ပွဲအချိန်ကာလကား –

နေ့အချိန်

ညအချိန်

နေ့ရောညပါ နှစ်မျိုးလုံး စသည်တို့ ပါဝင်ပါ၏။ အောင်မြင်မှုရခဲ့သော တိုက်ပွဲအတော်များများမှာ ညတိုက်ပွဲများသာ ဖြစ်ခဲ့၏။ အရာရှိငယ်ဘဝက ညတိုက်ပွဲများ အရာရှိကြီးဘဝမှ ညတိုက်ပွဲများ စသည်ရှိခဲ့ရာ တိုက်ပွဲအတော်များများကို ကျွန်တော်၏စာများတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခု ဖော်ပြမည့် ညတိုက်ပွဲကလေးကိုလည်း အကျဉ်းမျှ ဖော်ပြခဲ့ဖူးပါသည်။ သို့ရာတွင် အပြည့်အစုံ မဖော်ပြခဲ့ဘူးပါ။ ယခုညတိုက်ပွဲများအကြောင်း ရေးတော့ ဤတိုက်ပွဲကလေးအကြောင်းကို အပြည့်အစုံ ဖော်ပြချင်လာပါသည်။

ဤတိုက်ပွဲကလေးမှာ ညတိုက်ပွဲမျိုးအစား လေးငါးမျိုးတွင် နောက်ဆုံးအမျိုးအစားဖြစ်သည့် အရုဏ်တက်တိုက်ပွဲပင်ဖြစ်၏။ တစ်ညလုံးချီတက်ပြီး မနက်အလင်းရောင်ရချိန်တွင် ရန်သူကို တစ်ဟုန်ထိုး စီးနင်းတိုက်ခိုက်





ခဲ့သည့် တိုက်ပွဲဖြစ်ပြီး အောင်မြင်မှုလည်းရခဲ့သည့် တိုက်ပွဲကလေးဖြစ်ကြောင်း ပဏာမ အစီရင်ခံပါသည် ခင်ဗျား။

**ကျွန်တော်နှင့် အရှေ့မြောက်စေသေ တပ်မှူးကြီးများ**

၁၉၇၈ ခုနှစ် မိုးတွင်းကာလ။

ကျွန်တော်သည် ပြီးခဲ့သည့် နွေဦးက နောင်လိုင်ပါခန်တိုက်ပွဲကြီးတွင် ပါဝင်ခဲ့ရရာ တိုက်ပွဲအစမှသည် အဆုံးထိ ရက်သတ္တနှစ်ပတ်ကျော်သုံးပတ် တစ်ခါမှ မတွေ့သွားသေးသည့် ရန်သူဗကပများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ထိုစဉ်က ဗကပတို့ စစ်ရှိန်အလွန်တက်နေသည့်ကာလမို့ လူအင်အား လက်နက်ကြီးအင်အားကို လှိုင်လှိုင်ကြီး သုံးနိုင်ခဲ့ကြ၏။

တိုက်ပွဲအစပိုင်းမှာပင် ကျွန်တော် ပါဝင်သည့် ခိုင်းရယ်တပ်ရင်းမှ တပ်ဖွဲ့သည် မိမိထက် အင်အားဆယ်ဆများပြီး လက်နက်ကြီးအမျိုးစုံ ပစ်ကူပေးနိုင်သည့် ရန်သူနှင့် ထိပ်တိုက်တွေ့ဆုံရရာ မနက် ရှစ်နာရီမှစ၍ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီး ညနေ သုံးနာရီတွင် အဆ



www.burmeseclassic.com

www.burmeseclassic.com



အခိုက် အကျဆုံးများစွာဖြင့် တိုက်ပွဲနေရာမှ ခွာစစ်ဆင်ခဲ့ရတော့၏။ ခွာစစ်ကိုလည်း ခွာစစ်ဥပဒေအတိုင်း စနစ်တကျ မဆင်နိုင်ခဲ့ပါ။ ဖရိုဖရဲ ပရမ်းပတာဖြင့် ဆုတ်ခွာခဲ့ရပါသည်။ ပွင့်ပွင့်လင်းလင်း ပြောရရင်ဖြင့် တိုက်ပွဲနေရာမှ ထကိုပြေးခဲ့ရပါသည်။ မပြေးရင်လည်း ကျည်ကုန်နေ၍ ပြန်ပစ်စရာ ကျည်ဆံမရှိတော့ပဲ အသေခံ အဖမ်းခံရပါတော့မည်။ လိုအပ်ရင် အသေတော့ခံပါမည်။ အဖမ်းတော့ မခံနိုင်ပါ။ ရာဇဝင်ရိုင်းသွားပါလိမ့်မည်။

ထိုတိုက်ပွဲကြီးတွင် စာရေးသူ ကျွန်တော် နှစ်ရက် ပြေးခဲ့ရပါသည်။ ကျွန်တော့်တပ်ခွဲ တစ်ခွဲလုံးလည်း သေသူသေ၊ ဒဏ်ရာရသူရ အဖမ်းခံရသူ အဖမ်းခံရနှင့် တစ်ခွဲလုံး ပြုတ်ပြုတ်ပြုန်းသွားပါတော့သည်။ တပ်ရင်းက လူစားဖြည့်ပေးပြီး ကျွန်တော့်အား ပြန်တာဝန်ပေးပါသည်။ ထို့ကြောင့် တိုက်ပွဲပြီးသည်အထိ ဆက်တာဝန်ထမ်းဆောင်ရတော့၏။

ရန်သူများကို တပ်မနှစ်ခုမှ နည်းဗျူဟာနှစ်ခုဖြင့် တိုက်ထုတ်လိုက်မှ သံလွင်အရှေ့ခြမ်းကို ပြန်ကူးသွားကြတော့၏။ ဒါတောင် အမြောက်ပစ်ကူ၊ လေယာဉ်ပစ်ကူများ အများကြီးပေးလိုက်ရ၏။





၁၉၇၈ ခုနှစ်က ရမခတိုင်းမှူး ဗိုလ်ချုပ်အေးစံ

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၆ ခုနှစ်က ရမခတိုင်းမှူး ဗိုလ်ချုပ်မောင်အေး
(ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး အငြိမ်းစား)



၁၉၇၈ ခုနှစ်က ကာစထမှူး ဒုတိယဗိုလ်ချုပ်ကြီး သူရ ထွန်းရီ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးချုပ် တင့်ဆွေ



တိုက်ပွဲကာလတွင် နိုင်ငံတော်အကြီးအကဲ (သမ္မတကြီး ဦးနေဝင်း)ကိုယ်တိုင် လားရှိုးလိုက်လာသည်။ လိုအပ်သည်များ မှာကြားကာ ဗိုလ်ချုပ်ကြီးထွန်းရီကို တိုက်ပွဲကွပ်ကဲမှု ပေးသွား၏။ တိုက်ပွဲပြီးတော့ တိုက်ပွဲနေရာများကို ဗိုလ်ချုပ်ကြီးထွန်းရီကိုယ်တိုင် ရဟတ်ယာဉ်ဖြင့် လိုက်ကြည့်လေသည်။

နောင်လိုင်

ပါဖန်

ပို့ုင့် ၆၀၄၁

နမ့်မူဆယ်

ဆုံကွေ့နှင့် သံခမောက်တောင်တို့ဖြစ်၏။

နောင်လိုင်စခန်းစစ်တော့ "စခန်းခံစစ် မကောင်းဘူး ညံ့တယ်။ ဒါကြောင့် ရဲဘော်တွေ သုံးလေးဆယ် အသေခံ ခုခံတာတောင် နာရီပိုင်းနဲ့ စခန်းကျသွားတယ်။ စခန်းမှူးအဟောင်းတွေကို အရေးယူပါ"ဟု မှတ်ချက်ပေးတော့သည်။

စခန်းမှူးအဟောင်းများမှာ

ဗိုလ်ကြီးသောင်းထွန်း



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ ကျွန်တော်နှင့်

ဗိုလ်ကြီးဒွေးလွင်တို့ ဖြစ်ပါသည်။

စခန်းမှူးအဟောင်းများတွင် ဗိုလ်ကြီး သောင်းထွန်းက ကျဆုံးတာထဲ ပါသွားပြီ။ စခန်းမှာ တစ်ပတ်သာ နေရလိုက်ရ၏။ သူ့အရင်က ကျွန်တော်ဖြစ်သည်။

''နေပါဦးကွ။ နောက်ဆုံးစခန်းမှူးက တစ်ပတ်ပဲ နေပြီး ကျသွားတာထဲ ပါသွားတယ်ဆိုတော့ သူ့အရင် ကောင်က ဒီစခန်းမှာ ဘယ်လောက်တောင်နေသွားလဲ''

ဗိုလ်ချုပ်ကြီးထွန်းရီက မေးသည်။

''သုံးလလောက်ရှိမယ်ခင်ဗျ''

''ဟ ... ဒါဆို စခန်းစံစစ်လုပ်ဖို့ လုံလောက်တယ်။ အဲဒါဆို ကိုအေးစံ အဲဒီကောင်ကို စခန်းခံစစ် ပီပြင်အောင် မလုပ်မှုနဲ့ အရေးယူဗျာ''

''ဒီကောင် ဘယ်တပ်ကလဲ''

''မိုင်းရယ်တပ်ကပါ ခင်ဗျ''

''ဒါဆိုခေါ်ပြီး ခင်ဗျားရုံးတင်ဗျာ''

''ဟုတ်ကဲ့ပါခင်ဗျ''

တိုင်းမှူး ဗိုလ်ချုပ်အေးစံကို ကစထမှူး ဗိုလ်ချုပ်ကြီး





ထွန်းရီက ကျွန်တော့်အား အရေးယူရန် ပြောပါတော့သည်။ ကံဆိုးသူမောင်ရှင်ပေါ့ခင်ဗျာ။ တိုက်ပွဲမှာလည်း အသက်လုပြေးရသေး၊ အရေးယူလည်း ခံရသေး။ ကျွန်တော့်အတွက် ဂြိုဟ်ဆိုးကြမ္မာဆိုးများဝင်သော နှစ်ပေါ့ခင်ဗျာ။

တိုင်းမှူး ရုံးတက်ရန် တရားဝင်ကြေးနန်း ထွက်မလာခင် ကျွန်တော့်အား စစ်ရုံးက တပ်ခွဲမှူးသင်တန်းတက်ရန် ရွေးလိုက်သဖြင့် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း ဗထူးသို့ သင်တန်းသွားတက်ရ၏။ သင်တန်းပြီးတော့ မိုင်းရယ်ကို ပြန်ခဲ့ပါသည်။ သင်တန်းကာလမှာ သုံးလကျော် လေးလဖြစ်၏။

လားရှိုးရောက်တော့ မိုင်းရယ်ပြန်ရန် ရမခ စစ်ဦးစီးဌာန သတင်းပို့ရ၏။ ဂျီသရီး ဗိုလ်ကြီးသန်းမြင့်က ကျွန်တော့်သူငယ်ချင်း။ ဗိုလ်သင်တန်း တစ်ပတ်တည်းဆင်း။ တစ်ဆောင်တည်း။ တပ်စုတပ်စုတည်းနေခဲ့သူ။

''သူငယ်ချင်း ... မင်း ... တိုင်းမှူးရုံးတက်ရမယ်ကွ။ နောင်လိုင်စခန်းခံစစ် မကောင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မင်းကိုအရေးယူဖို့ ကစထမှူးကြီးက တိုင်းမှူးကို ပြောသွားတယ်။ အဲဒါ တစ်ခါတည်း ပြီးသွားအောင် ရုံး



www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်ကွာ။ ငါ ဂျီဝမ်းကြီးသွားသတင်းပို့လိုက်မယ်''

''လုပ်ပါ။ ပြီးတော့လည်း ပြီးသွားတာပေါ့''

''ကဲ ... ဒါဆို ဂျီဝမ်းကြီးဆီသွားမယ်။ မင်းပါ လိုက်ခဲ့ကွာ''

''ရပါတယ်။ လိုက်တာပေါ့''

ဂျီဝမ်းမှာ ဒုဗိုလ်မှူးကြီးမောင်အေး (ယခု အငြိမ်းစား ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး)ဖြစ်ပါသည်။ တိုင်းမှူး ဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲသို့ ဂျီဝမ်းကြီးရောက်နေ၏။ အချိန်က ညနေဖြစ်သည်။ ဘောလုံးကွင်းတွင် ဂျီဝမ်းကြီးကို တွေ့ရ၏။

''ဂျီဝမ်းကြီး ... မိုင်းရယ်တပ်က ဗိုလ်သက်ဦးပါ။ တိုင်းမှူးရုံးတင်ဖို့ ရှိလို့ လာသတင်းပို့တာပါ''

ဂျီဝမ်းကြီးက ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ပြီး ...

''နက်ဖြန်မနက် လာခဲ့ပါ''

ဟု မှာလိုက်သည်။

နောက်နေ့မနက် ဂျီဝမ်းကြီးက ရုံးတင်တော့ တိုင်းမှူးက ကျွန်တော့်ကို အောက်ပါအတိုင်း မေးတော့သည်။





''ဟောကောင် ... ပြီးခဲ့တဲ့နွေတုန်းက ဖြစ်ခဲ့တဲ့ နောင်လိုင်ပါဖန်တိုက်ပွဲကို မင်း သိလား''

''ကျွန်တော် ပါပါတယ်ခင်ဗျ''

''ဂျီဝမ်းကြီး ဒီကောင်ပါလို့လား''

''သူက မိုင်းရယ်တပ်က စစ်ကူလိုက်တဲ့တပ်ခွဲနဲ့ ပါသွားတာပါ''

''ဩော် ... အေး။ အဲဒီတိုက်ပွဲမှာ နောင်လိုင်စခန်းက နာရီပိုင်းနဲ့ ရန်သူ့လက်ထဲကျသွားတယ်။ ပြောရမယ်ဆိုရင် တစ်မနက်ပဲကွ။ အဲဒါ စခန်းခံစစ်မကောင်းလို့။ အဲဒီတော့ ကျသွားတဲ့ ဗိုလ်သောင်းထွန်းက အဲဒီစခန်းမှာ တစ်ပတ်ပဲနေသွားတာ။ သူ့အရင် မင်းက သုံးလလောက် နေသွားတာဆိုတော့ စခန်းခံစစ် မကောင်းတာနဲ့ ပတ်သက်ပြီး မင်းမှာ တာဝန်အရှိဆုံးပဲ။ မင်း ကောင်းကောင်း မလုပ်လို့ ဒီလိုဖြစ်ရတာ။ မင်း ဘာပြောချင်လဲ''

''မရှိပါဘူးခင်ဗျ''

''မင်းမှာ အပြစ်ရှိလား။ မရှိဘူးလား''

ကျွန်တော့်အနေဖြင့် ထွေလီကာလီမပြောတော့ပါ။ တပ်မတော်၏ အစဉ်အလာကို နားလည်ပါသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အပြစ်ရှိကြောင်း ဝန်ခံလိုက်၏။

''အပြစ်ရှိပါတယ်ခင်ဗျ''

''အေး ... ကောင်းပြီ။ မင်းကို အခု သတိပေး ဆုံးမ မှတ်တမ်းတင်လိုက်မယ်။ နောက်ဆို ပေးတဲ့တာဝန် ကို ကျေပွန်အောင်လုပ်။ ဟုတ်ရဲ့လား''

''ဟုတ်ကဲ့ပါခင်ဗျ''

''ဂျီဝမ်းကြီး ... ဒီကောင်ကို လက်မှတ်ထိုးခိုင်း လိုက်''

အပြစ်ရှိကြောင်း ကျွန်တော် ဝန်ခံလက်မှတ် ရေး ထိုးလိုက်ပြီး တိုင်းမှူးက ပြစ်မှုမှတ်တမ်းတွင် လက်မှတ် ထိုးလိုက်ရာ ရုံးတင်ခြင်းကိစ္စကြီး ပြီးဆုံးသွားတော့၏။

တိုင်းမှူးဗိုလ်ချုပ်အေးစံမှာ တကယ့်လူကြီး လူကောင်း **Gentleman** ဖြစ်ပါသည်။ သူ့ကို ၁၉၇၃ ခုနှစ် ကတည်းက ထားဝယ်တွင် တပ်ရင်းမှူးဘဝနှင့် ကျွန်တော် တွေ့ခဲ့ဖူးသည်။ အလွန်အမိန့်နာခံမှုကောင်းသည့် စစ်သား ကြီးဖြစ်၏။ ထို့ကြောင့်လည်း ၁၉၇၃ ခုနှစ်မှ ၁၉၇၈ ခုနှစ် လေးငါးနှစ်အတွင်း တပ်ရင်းမှူးဘဝမှ ခုန်ပျံပြီး တိုင်းမှူး ဖြစ်လာသူပါပေ။ သို့ဖြစ်၍ ကျွန်တော်သည် တိုင်းမှူးအား





ဟုတ်ကဲ့ တစ်လုံးမှလွဲပြီး ဘာမျှ ပြန်မပြောခဲ့ပါ။

တကယ်တော့ ကျွန်တော့်မှာ ပြောစရာများ ရှိပါ သည်။

ပထမတစ်ချက်က မဆုတ်တမ်းခံစစ်ကိစ္စပါ။

ကျွန်တော်သည် ထိုစဉ်က အရာရှိငယ် ကပ္ပတိန် အလေးဖြစ်၏။ ဗိုလ်သင်တန်းဆင်းပြီး စစ်သက် ဆယ်နှစ် ကျော်သည်အထိ စစ်ချည်းပဲ တိုက်နေခဲ့ရပြီး မည်သည့် စစ်သင်တန်းကောင်းကောင်းကိုမှ မတက်ခဲ့ရဘူးပါ။ မည် သည့် အဆင့်မြင့် စစ်နည်းဗျူဟာများကိုမှ ကောင်းစွာ သင်ခဲ့ရပါ။ အထူးသဖြင့် အရာရှိငယ်များ မလွဲမသွေ တက်ရမည့် ခြေလျင်တပ်စုမှူးသင်တန်းနှင့် ခြေလျင် တပ်ခွဲမှူးသင်တန်းများ မတက်ဘူးခဲ့ပါ။ နောင်လိုင်ပါဖန် တိုက်ပွဲကြီးအပြီး စစ်သက် ၁၂ နှစ်ကျော် ၁၃ နှစ်ထဲရောက် ၌ ခြေလျင်တပ်ခွဲမှူးသင်တန်း သွားတက်ရပါသည်။

တိုက်ခိုက်ရေးကျောင်းတွင် သင်တန်းတက်ရမှ ဆုတ်တမ်းခံစစ်များ၏ အင်္ဂါရပ်များကို သင်ကြားရသဖြင့် သိရပါတော့သည်။

ဦးစွာပထမ မဆုတ်တမ်း ခံစစ်များ၌ အတားအဆီး



www.burmeseclassic.com

www.burmeseclassic.com



အမျိုးစုံရှိရပါသည်။

သဘာဝအတားအဆီးများ

လူလုပ်အတားအဆီးများ

– မိုင်းကွင်း

– ချောင့်ကျင်း/ကျုံး

– ခြံစည်းရိုး (ဝါး၊ သံဆူးကြိုး စသည်)

နောင်လိုင်စခန်း၌ ဝါးခြံစည်းရိုး သုံးထပ်ကာထားသော်လည်း မိုင်းကွင်းမရှိပါ။ ပတ်လည်၌ ကျုံးများတူးပြီး ချောင့်ကျင်းများ ပြုလုပ်ထားခြင်းမရှိပါ။

ဒုတိယအချက်မှာ ပစ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများ ခေါင်ကတုတ်များ ကောင်းစွာရှိရပါသည်။ လေယာဉ်ဗုံးဒဏ် အမြောက်စိန်ပြောင်းဗုံးဒဏ် ခံနိုင်အောင် လုပ်ထားရပါမည်။ လိုအပ်က ဥမင်လိုဏ်ခေါင်းများကိုပင် တူးထားရပါမည်။

စခန်းတွင် အထက်ပါအတိုင်း ပစ်ကျင်းဆက်သွယ်ရေးကျင်းများ မပြည့်စုံပါ။

တတိယအချက်မှာ ကြည့်ကင်း၊ မျှော်ကင်းများထားရှိပြီး စပ်ကြားမြေကို မပြတ်စိုးမိုးထားရပါသည်။





ကြည့်ကင်း၊ မျှော်ကင်း မရှိပါ။ သံလွင်မြစ်နှင့် စခန်းကြားစပ်ကြားမြေကို စိုးမိုးနိုင်ခြင်းမရှိပါ။

နောက်တစ်ချက်မှာ ပစ်ကွင်းမြင်ကွင်းများ ရှင်းလင်းထားရှိရပါမည်။

စခန်းနှင့် ရွာတစ်ဆက်တည်းဖြစ်၍ ရန်သူက ရွာဘက်မှ ဝင်လာသောအခါ မြင်ကွင်းကန့်သတ်ချက် ရှိပါသည်။ ရန်သူကို ကောင်းစွာမမြင်ရပါ။

စာရေးသူ ကျွန်တော် နည်းဗျူဟာမှူးဘဝက လေးကေစခန်းတွင် ဗျူဟာရုံးစိုက်ခဲ့ရာ စခန်းနှင့် ရွာမှာ တစ်ဆက်တစ်စပ်တည်း ဖြစ်ပါသည်။ ရောက်ပြီး တစ်ပတ်အကြာ၌ ရန်သူက စခန်းခြံစည်းရိုးတံခါးမကြီးအား R.P.G ဖြင့် လာပစ်၍ စစ်မြူပါသည်။ စိတ်ဆတ်သော ကျွန်တော့်အား မခံချင်အောင် "ကြောက်သလား ဗျူဟာမှူးကြီးရဲ့၊ အပြင်ဘက်ထွက်ခဲ့စမ်းပါ" ဟု ခေါ်သည်။

မခံချင်လို့ အပြင်ထွက်လိုက်လျှင် စခန်းအဝက လူနေအိမ်များအောက်မှ ဆီးပစ်ရန် အသင့်နေရာယူထားကြပါသည်။ မခံချင်ဖြစ်သော်လည်း ကျွန်တော် ဒီလောက်မအပါ။ ကျွန်တော် အပြင်ထွက်လိုက်မသွားပါ။



www.burmeseclassic.com

www.burmeseclassic.com



ခြံစည်းရိုးဖြိုပြီး စက်လတ်ဖြင့် အတွဲလိုက်ပစ်ကာ အိမ်အောက်ခြေများကို ပစ်ရှင်း ရှင်းလိုက်ပါသည်။ သူတို့ကလည်း ထိုအခါကျမှ ပြန်ပစ်ပါသည်။ အားလုံး လေးငါးဆယ်ဦးခန့် ရှိမည်။ စက်လတ်ဒဏ်မခံနိုင်၍ ဆုတ်ပြေးကြသည်။ မိုးလင်းတော့ ထိုစခန်းဝက အိမ်လေးငါးဆယ်လုံးကို နေ့ချင်းပြီး ဖျက်ခိုင်းကာ ရွာအစွန်၌ ပြန်လည်နေရာချပေးခဲ့ပါသည်။ ထိုအချိန်မှစ၍ ကျွန်တော့်စခန်းကို လုံးဝလာမပစ်တော့ပါ။ ရွာပတ်လည်တွင်လည်း လူနင်းမိုင်းကလေးများပါ ထောင်လိုက်ရာ တစ်လုံး၊ နှစ်လုံး နင်းမိသွားသည့်အခါ ရန်သူများ ဖြုံပြီး ဖျားသွားပါတော့သည်။

နောက်တစ်ချက်ကား မိမိစခန်းကို ရန်သူက လာတိုက်ပြီ။ အဲဒါကို ဘယ်လိုခုခံမလဲ။ တပ်အသင့်နေရာယူ၍ ဓာတ်တိုက်လေ့ကျင့်မှုပြုရမည်။ ဒါလဲ ကျွန်တော် မလုပ်ခဲ့မိပါ။ လုပ်ရကောင်းမှန်းလည်း မသိခဲ့ပါ။ ဘယ်သူကမှလည်း မညွှန်ကြားပါ။

တပ်စခန်းတွင် စီမံချက်များရှိရမည်

– စခန်းလုံခြုံရေးစီမံချက်

– စခန်းခံစစ်စီမံချက်





– စခန်းမီးဘေးကာကွယ်ရေးစီမံချက်တို့ ဖြစ်ကြပါသည်။

ထိုစီမံချက်များအရ ခဲယမ်းမီးကျောက်၊ ရေရိက္ခာ အနည်းဆုံး တစ်ပတ်စာ အပြည့်အစုံရှိရမည်။ ဓာတ်တိုက်လေ့ကျင့်ရမည်။ မကြာခဏ တပ်အသင့်နေရာယူရမည်။ ဆုတ်တမ်းခံစစ်ဆိုသော်လည်း မနိုင်လို့ ဆုတ်ရလျှင် ဘာလုပ်မလဲ၊ ဘယ်ဘက်က ဆုတ်မလဲဆိုတာကို လိုရမယ်ရ စဉ်းစားထားရမည်။ နည်း (၁) နည်း(၂) ပေါ့ခင်ဗျာ။

ဒါတွေအားလုံး မလုပ်နိုင်ခဲ့ပါ။ တပ်ခွဲမှူးသင်တန်း ဆင်းပြီး ဒါတွေသိလာတော့ နောင်လိုင်စခန်း ကျဆုံးသွားသည့်ကိစ္စနှင့် ပတ်သက်ပြီး အတော်ပင် ယူကျုံးမရ ဖြစ်မိပါသည်။

ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် တစ်ယောက်တည်းသာ တာဝန်ရှိသည်မဟုတ်ပါ။

ကျွန်တော့်တပ်ရင်းနှင့် စစ်ဗျူဟာတွင်လည်း တာဝန်မကင်းပါ။

ဤကိစ္စကို ရှင်းလင်းတင်ပြပါမည်။

ကျွန်တော်သည် ထိုစခန်းတွင် သုံးလနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလကုန်မှ ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါ[illegible] လကုန်အထိ ဖြစ်၏။

သုံးလလုံးလုံး ရန်သူဗကပ လှုပ်ရှားမှုလုံးဝမရှိ[illegible] ဗကပတို့ သံလွင်အရှေ့ခြမ်းမှာသာ ရှိနေကြသည်။ သူ[illegible] သည် ၁၉၇၇ ခုနှစ်၊ အောက်တိုဘာတွင် ခြူးရွှေ[illegible] ကောက်တိုက်ပွဲကြီးကို သွားတိုက်လိုက်ရာ အထိနာသွာ[illegible] သဖြင့် မိုင်းမောပန်ဝိုင်တွင် အားပြန်မွေးနေသည့်ကာ[illegible] ဖြစ်ပါသည်။

သို့ရာတွင် ဖေဖော်ဝါရီလအလယ်၌ နောင်လိုင်[illegible] အရှေ့ဘက် တာဆိုင်းလျှံ ကူးတို့ဆိပ်ကမ်းသို့ ကျွန်တော်[illegible] တိုက်ကင်းထွက်ရာ ကူးတို့ဆိပ်အနီးမှ ရှမ်းရွာသူကြီး[illegible] အရှေ့ဘက်ကမ်းတွင် ရန်သူလှုပ်ရှားမှုရှိနေကြောင်း၊ [illegible] ဖောင်များနှင့် ဝါးကပ်ထမ်းစင်များ ပြုလုပ်နေကြောင်[illegible] သူ့အား လှမ်းခေါ်၍ မိုင်းနောင်နှင့်ဆွတ်မားသို့ သွားခဲ့[illegible] ကြောင်း၊ ဗကပခေါင်းဆောင် ကျောက်မြင့် ခေါ် ဇော်မိုင်[illegible] တွေ့ခဲ့ရကြောင်း သတင်းပေးပါတော့သည်။ ကျွန်တော်[illegible] ထိုသတင်းကို ဗျူဟာတင်လိုက်သည်။ ဗျူဟာမှူး လို[illegible] ချလာ၏။ ဗျူဟာရုံးက တန့်ယန်းတွင် ရှိပါသည်။





"ဟော့ကောင် ... မင်းသတင်းက ဟုတ်ရဲ့လား [illegible] ဘယ်ကရတဲ့ သတင်းလဲ"

"သံလွင်ကမ်းနား တာဆိုင်းလျှံကူးတို့ဆိပ်နားက [illegible]သူကြီးပုကျယ်က ပေးတာပါခင်ဗျ။ တိုက်ကင်း ထွက်ရင်း [illegible]သာတာပါ"

"ဇော်မိုင်ဆိုတာ သူက ဘယ်လိုလုပ်သိတာလဲ"

ဇော်မိုင်သည် အသစ်ဖွဲ့စည်းထားသည့် ဗကပဗဟို [illegible]စ်ကော်မရှင်အဖွဲ့ဝင်ဖြစ်ပါသည်။

"အရင်ကတည်းက မြင်ဖူးသိဖူးတာတဲ့ ခင်ဗျ။ [illegible]ကျယ်က အရင်က မိုင်းနောင်ဆွတ်မားဘက်ကတဲ့ခင်ဗျ။ [illegible]ဒီနေ့က ဇော်မိုင်က ကချင်လုံချည်တောင် ဝတ်ထား [illegible]သာတဲ့ခင်ဗျ"

"သြော်"

ဗျူဟာမှူးကြီးက ကျွန်တော့်သတင်းကို ယုံကြည် [illegible]မရပါ။ ခပ်တည်တည်ဖြင့် ကျွန်တော်ပြောတာ နား [illegible]ထောင်၍ စခန်းကို လှည့်ပတ်စစ်ပါသည်။ ပျက်နေသော [illegible]ခါင်ကတုတ်များ ပြန်ပြင်ရန်နှင့် တန့်ယန်း နောင်လိုင် [illegible]ားလမ်း ပြုပြင်ပေးရန်ကိုသာ မှာကြားပြီး ပြန်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

တကယ်တော့ ဒါထက် ပို၍လေးနက်သော ညွှန်ကြားချက်များကို ပေးသင့်ပါသည်။ ဥပမာ –

- တာဆိုင်းလျှံကူးတို့အား မပြတ်စောင့်ကြည့်ပြီး ကြည့်ကင်း၊ ထောက်ကင်းများ ထားရှိရန်၊
- သံလွင်အရှေ့ဘက်ကမ်းသို့ အထောက်တော်များ စေလွှတ်ရန်
- သံလွင်မြစ်နှင့် မိမိတို့စခန်းကြား စပ်ကြားမြေကို အခါမလပ်စိုးမိုးထားရန်
- မဆုတ်တမ်း ခံစစ်ခိုင်မာသည်ထက် ခိုင်မာအောင် ညွှန်ကြားရန်၊ တန့်ယန်းနှင့် မိုင်းရယ်တပ်မှ တပ်မှူးကြီးများကိုလွှတ်ပြီး စခန်းကို လိုအပ်သလိုစစ်ဆေးခိုင်းရန်

စသည်တို့ဖြစ်ပါသည်။

ထိုသို့မဟုတ်ခဲ့ပါ။

အထက်က မညွှန်ကြားသဖြင့် မိုင်းရယ်တပ်မှ တပ်ရင်းမှူးလည်း ကျွန်တော်တို့ ရှေ့တန်းစခန်းများသို့ မရောက်လာပါ။ ကျွန်တော့်လို အရာရှိငယ်များသာ ရှေ့တန်းစခန်း





များတွင် နေထိုင်ရင်း ကိုယ်ဥာဏ်မီသလို စခန်းသွားနေရပါသည်။

ဤသို့ဖြင့် ကျွန်တော် သတင်းပေးထားသည့် ရန်သူများ တာဆိုင်းလျှံကူးတို့မှပင် မတ်လ ၆ ရက်နေ့၌ ကူးလာပြီး နောင်လိုင်ပါဖန်တိုက်ပွဲကြီး ဖြစ်ပွားပါတော့သည်။ ထိုတိုက်ပွဲကြီး၌ လားရှိုးအရှေ့ခြမ်း တပ်စခန်းများ ရန်သူ့လက်ရက်သတ္တနှစ်ပတ်ခန့် ကျဆုံးသွားပြီး ထိပ်ပြခေါင်းကွဲနှင့် နောက်ဆုံးနိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ဆင်းကြည့်ရသည့် အဆင့်ကို ရောက်သွားပါသည်ခင်ဗျား။

**ကျွန်တော်နှင့်အောင်ကျော်မိုးစစ်ဆင်ရေး**

ထိုစဉ်က ကျွန်တော်၏ တန့်ယန်းစစ်ဗျူဟာမှူးမှာ ဗိုလ်မှူးကြီးမြင့်အောင် (နောင် လယ်ဆည်ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်၊ ကွယ်လွန်)ဖြစ်ပါသည်။

သူသည် လူက ပုပုပြတ်ပြတ်၊ အသားဖြူဖြူနှင့် စကားကို တိုးတိုးလေးပြောတတ်၏။ သို့ရာတွင် Aggressive ကား အလွန်ဖြစ်သည်။ ဗကပများကို ပြန်တိုက်စဉ်က သူကိုယ်တိုင် ရှေ့ဖျားတပ်များနှင့်အတူ လိုက်ပါပြီး အတင်း



www.burmeseclassic.com

www.burmeseclassic.com



တက်တိုက်သည်။ ရန်သူ၏လက်နက်ကြီးများကျသော်လည်း သိပ်မဖြုံပါ။ တပ်မတပ်များကို ဦးဆောင်ပြီး ရန်သူ့ထံမှ ကုန်း တစ်ကုန်းပြီး တစ်ကုန်းရအောင် ပြန်တိုက်သည်။ ရန်သူဆုတ်သွားတော့ သံလွင်ကမ်းခြေအထိ လိုက်သွားပြီး အတင်းလိုက်တိုက်သည်။

ဗကပတွေ သံလွင်အရှေ့ဘက်ကမ်း ကူးသွားကြတော့ တန့်ယန်းမိုင်းရယ်ဒေသတွင် ရန်သူ ကြီးကြီးကျယ်ကျယ်မရှိပါ။ များများစားစားကား ဘိန်းသူပုန်များသာ ရှိတော့၏။ ဘိန်းသူပုန်များက ကျွန်တော်တို့နှင့် ဗကပ တိုက်ပွဲဖြစ်တော့ ကြည့်ကောင်းကောင်းနှင့် ကြည့်နေကြသည်။ ဘယ်သူ့ဘက်ကမှ မကူပါ။ သူတို့စီးပွားရေးသာ သူတို့လုပ်နေကြ၏။ သူတို့သည် လားရှိုးဒေသတွင် အနှံ့အပြား ကျက်စားလျက်ရှိကြ၏။

တန့်ယန်းဗျူဟာမှူးကြီးက ဗျူဟာအတွက် နှစ်စက လျော့သွားသောအမှတ်များ ပြန်ရအောင် **အောင်ကျော်မိုး** အမည်ရ ဘိန်းစစ်ဆင်ရေးကြီးကို ဆင်နွှဲလေတော့သည်။

ကျွန်တော် တပ်ပြန်ရောက်တော့ ထိုစစ်ဆင်

မြရတနာစာပေ



၁၉၇၈ ခုနှစ် လားရှိုး ရမခ ဂျီသရီး ဗိုလ်ကြီးသန်းမြင့်
(ယခု ဗိုလ်မှူးကြီးသန်းမြင့်၊ အငြိမ်းစား စသုံးလုံး ညွှန်ချုပ်)

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်အပြီး မြန်မာ့တပ်မတော် စတင်ဖွဲ့စည်းစဉ်က
ကရင်သနက (၁) မှ ဗိုလ်ကြီးစောနားမူး



ရေးကြီးက အသင့်စောင့်နေသည်။ တပ်ရင်းမှူးနှင့် တွေ့တော့ အောက်ပါအတိုင်း ပြောတော့သည်။

"ကဲ … ဗိုလ်ကြီးသက်ဦး … ခင်ဗျား စစ်ဆင်ရေးဝင်ရမယ်ဗျာ။ အခုတပ်ရင်း အရန်လုပ်ထားတဲ့ ခွဲ (၂) နဲ့ စစ်ဆင်ရေးသွားပေတော့။ တပ်စုမှူးအတွက် ဗိုလ်ကျော်ငွေကို ပေးမယ်။ ဪ … ဒါနဲ့ ခင်ဗျား တိုင်းမှူးရုံး တက်ဖို့ ရှိသေးတယ်ဗျ။ မေ့နေလို့ အဲဒါရှိနေတယ်"

"ကျွန်တော် တိုင်းမှူးရုံးတက်ခဲ့ပါပြီ"

"ဪ … ဟုတ်လား။ ဒါဆိုလည်း ပြီးသွားတာပေါ့။ တိုင်းမှူးက ဘာများပြောသေးသလဲ"

"နိုင်းတာကောင်းကောင်းလုပ်လို့ပဲ မှာပါတယ် ခင်ဗျ"

"အင်း … အင်း … ကောင်းကောင်းလုပ်ပြလိုက်ပေါ့ဗျာ။ ခင်ဗျားနဲ့ ဗိုလ်ကျော်ငွေ တွဲပေးထားတာတော့ သူလည်း တိုင်းပြန်ပဲ။ ခင်ဗျားမရောက်ခင်က တိုင်းမှူးရုံး တက်ထားရတာ"

ဗိုလ်ကျော်ငွေမှာ ပြည်၊ ပေါင်းတည်သားဖြစ်၏။ အဖေက တည်မြဲဖဆပလ အမတ်ထင်ပါသည်။ စစ်ထဲ

www.burmeseclassic.com



ဝါသနာအရ ဝင်လာပြီး ဇက်ရဲလက်ရဲ လုပ်ရဲကိုင်ရဲသူ ဖြစ်သည်။ အထိုးအကျိတ်လည်း ဝါသနာပါ၏။ သူ တိုင်းမှူးရုံးတက်ရသည်မှာ ရဲဘော်ကိုထိုးမှု ဖြစ်၏။ ပထမ တစ်ကြိမ် နှစ်ကြိမ် ထိုးတုန်းက တပ်ရင်းမှူးက သတိပေးဆုံးမသည်။ သုံးကြိမ်မြောက်ဖြစ်တော့ သူ့စကား နားမထောင်သူဆိုပြီး တပ်ရင်းမှူးက တိုင်းမှူးရုံး ပို့လိုက်တော့၏။ တိုင်းမှူးက သတိပေးဆုံးမသည်။ ရဲဘော်တွေ မထိုးနဲ့၊ ရန်သူကို ရအောင်ရှာတိုက်။ ဒေါသကို ရန်သူ့ဘက် လှည့်ဟု မှာလိုက်သည်။

"ကဲ ... ခင်ဗျားတို့ တိုင်းပြန်ကြီးနှစ်ယောက် ဒီစစ်ဆင်ရေးမှာ အစွမ်းပြကြဗျာ။ ကျုပ်က ခင်ဗျားတို့ နှစ်ယောက်ကို သပ်သပ်ရွေးပြီး တွဲပေးထားတာ"

တပ်ရင်းမှူးက နောက်သလိုလို ပြောသလိုလို အတည်လိုလိုပြော၏။

ဘာမှပြန်မပြောသာ၍ သူပြောသမျှ ခံနေရပါသည်။

တပ်ခွဲလက်ခံပြီး တိုက်ပွဲဝင်သင်တန်း ဆင်းရသည်။ ခရီးမထွက်မီ Refit သင်တန်းဖြစ်၏။ တပ်ရင်းမှ





က **Impression out** နေချိန်တွင် အရေးထဲ အရာပေါ်ကာ စစ်သည်တစ်ယောက် ရေပြင်ဖြတ်ကူးခြင်း **Water Crossing** မိုင်းရယ်မြို့အတွက် ကျုံး၌ လက်တွေ့ပြုလုပ်စဉ် ရေနစ်သေဆုံးခဲ့၏။

သူသေချိန်တွင် ကျွန်တော်ရော ဗိုလ်ကျော်ငွေပါ အနားမှာမရှိ။ တပ်ပြန်ပြီး နေ့လယ်စာစားချိန်မှာ ဖြစ်၏။ တပ်ရင်းမှူး အဆူခံရပြန်ပါသည်။

"ဗိုလ်ကြီးသက်ဦး ... ခင်ဗျားကတော့ လုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းပါလားဗျာ"

ဘာမှပြန်မပြောသာပါ။ ဒီတစ်ခါလည်း ခေါင်းငုံ့ခံရပြန်ပါသည်။

၁၉၇၈ ခုနှစ်၊ ဩဂုတ်လ ပထမပတ်တွင် စစ်ဆင်ရေးကြီး စတော့၏။

စစ်ဆင်ရေးတွင် တပ်မတပ်ရင်း ၂ ရင်းနှင့် တန့်ယန်းတပ်ရင်းမှ ပထမတစ်ခွဲ နောက်တော့ နှစ်ခွဲတစ်ကြောင်း ပါဝင်၏။ ကျွန်တော်တို့ မိုင်းရယ်တပ်ရင်းက ကျွန်တော် ဦးစီးသည့် တပ်ခွဲတစ်ခွဲသာပါ၏။ အားလုံး စုစုပေါင်း တပ်ခွဲ ၁၃ ခွဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဖိုးကျော်ဌေးရေ ... တို့နှစ်ယောက်တော့ လူကြီးတွေက မျက်စိနောက်နေပြီကွ။ ဒီပွဲမှာ အစွမ်းပြမှရမယ်။ ပြစ်မှုကြွေးကို ခွေးနဲ့ဆပ်ကြတာပေါ့ကွာ"

"ရပါတယ် အစ်ကိုကြီးရာ။ ချကြတာပေါ့"

ဗိုလ်ကျော်ဌေးမှာ OTS ၄၉ မှဖြစ်၍ ကျွန်တော့်ထက် လေးငါးဆယ်နှစ် ငယ်ပေသည်။

စစ်ဆင်ရေးစသည့် ယရက်တွင် အားလုံး ညချီတက်မှုဖြင့် ချီတက်ရသည်။ မိုးက သည်းကြီးမဲကြီးရွာနေသဖြင့် တပ်တွေအားလုံး ရည်မှန်းချက်ကို မရောက်ကြပါ။ ကျွန်တော့်တပ်ခွဲတစ်ခွဲသာ အတင်းဒလကြမ်း ညအမှောင်ထဲတွင် မီးထိုးချီတက်နိုင်သဖြင့် ရည်မှန်းချက်ကို ရောက်ပါသည်။ သို့ရာတွင် ဦးတည်ရန်သူကတော့ လွတ်သွားပါ။ ရန်သူ့ဘိန်းချက်စခန်းကို သိမ်းမိသည်။ လူအရှင်တစ်ယောက် ကာဘိုင်တစ်လက်၊ မြင်းတစ်ကောင်နှင့် ဘိန်းထုပ်အတော်များများ သိမ်းလိုက်မိ၍ **Result** တော့ ရလိုက်ပါသည်။

ကျွန်တော့်တပ်ခွဲမှာ မိုင်းရယ် တန့်ယန်းကြား ကားလမ်းမကြီးပေါ်ရှိ မန်ကတ်စခန်းမှ မြောက်တည့်တည့် မိုင်





၂၀ ပျော့ပျော့ရှိ မုန်းမကုန်းဆုံဒေသနှင့် ထိုဒေသရှိ ရန်သူ စည်းရုံးရေးမှူး ခွန်ရီအား ချေမှုန်းရန် ဖြစ်ပေသည်။

ရန်သူ့နေရာ **Pin Point** အတိအကျမသိ၍ ရည်မှန်းချက်ကို အချိန်မီရောက်သော်လည်း ခွန်ရီကား လားမြင်း လေးငါးဆယ်ကောင်နှင့် လက်မတင်လေး လွတ်သွားပေ။ သို့ရာတွင် စခန်းသိမ်းမိပြီး ထိုက်သင့်သောအောင်မြင်မှုရလိုက်၍ ဗျူဟာက ကျေနပ်လက်ခံသွားပေါ်။

နောက် နှစ်ရက် သုံးရက်အကြာတွင် ဗျူဟာမှူးကြီး တန့်ယန်းတပ်ရင်းမှ တပ်ခွဲတစ်ခွဲနှင့် ကျွန်တော့် နောက်လိုက်လာသည်။ ဗျူဟာဂျီသရီးမှာ ကျွန်တော်တို့တပ်မှ ပြောင်းသွားသည့် နောင်တော်ကြီး ဗိုလ်ကြီးညီရှင်ဖြစ်၍ အများကြီး အဆင်ပြေပါသည်။

"သူငယ်ချင်း ကိုသက်ဦးလေး ကြိုးစားထား။ ဗျူဟာမှူးကြီးက သူငယ်ချင်းလေးကို သဘောကျနေပြီ"

"ဘာဖြစ်လို့လဲ နောင်တော်ကြီး"

"ယရက်က ဘယ်တပ်မှ ရည်မှန်းချက် မရောက်ဘူး။ ရန်သူတွေအားလုံး လွတ်ကုန်တယ်။ ခင်ဗျား တစ်ဖွဲ့ပဲ ရည်မှန်းချက်အချိန်မီရောက်ပြီး လူလက်နက်နဲ့ ဘိန်းထုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ရလိုက်လို့ ဗျူဟာမှူးကြီးက ဂဠုန်ကလေး ကယ်လို့ အရှက်မကွဲတယ်ကွာလို့ ပြောတယ်ဗျ''

ဂဠုန်မှာ ကျွန်တော့်တပ်ခွဲအမည်ဝှက်ဖြစ်ပါသည်။ စစ်ဆင်ရေးရက်အနည်းငယ်အကြာတွင် ဗျူဟာမှူးကြီးက ကျွန်တော့်ကို ဂဠုန်ကလေးဟု ခေါ်တော့၏။

''ကျေးဇူးပါပဲ နောင်တော်ကြီးရာ''

''ခင်ဗျားကို ထပ်ပြီးတာဝန်ပေးဖို့ရှိတယ်။ အဲဒါ ပြင်ထားဗျာ။ မိုလ်ကျော်ဒွေးလည်း ပြောထား''

''ဟုတ်ကဲ့ ... ဟုတ်ကဲ့''

မိုလ်ကြီးညီရှင်မှာ လွန်ခဲ့သည့် ၁၉၇၇ ခုနှစ်က တန့်ယန်းဗျူဟာသို့ ပြောင်းသွားသည့် ကျွန်တော်တို့တပ်မှ အိုင်အိုဖြစ်၏။ ကျွန်တော်နှင့် အလွန်ခင်သည်။ ညနေတိုင်း ရိပ်သာမှာ ယမကာလေး အတူသောက်ရင်း Scrabble ကစားနေကျဖြစ်သည်။ အိမ်ကလည်း အိမ်နီးချင်းဖြစ်၏။ သူ့ဇနီး အစန်းနှင့် ကျွန်တော့်ဇနီး မေတို့လည်း အထူး ခင်မင်ကြကာ နင်တွေ ငါတွေနှင့်ပင် ရင်းရင်းနှီးနှီး ပြော နေကြသူများဖြစ်၏။ မိုလ်ကြီးညီရှင်က ယခင်သံယောဇဉ် နှင့် ကျွန်တော့်ကို လိုအပ်သည်များ များစွာကူညီ၏။





ဒွန်တော်တိုက်လိုက်ရသော ညတိုက်ပွဲ

နောက်တစ်နေ့ မနက်စောစောတွင် ဗျူဟာမှူး ကြီးက ကျွန်တော့်ကို ခေါ်တွေ့သည်။

''ကဲ ... မိုလ်သက်ဦး ဟောဒီမှာ ကြည့်။ ဒို့ ဗျူဟာရဲ့ ဦးတည်ရန်သူ ဝမ်ထင်ကြူး လောလောဆယ် တစ်ဖွဲ့လုံး သူ ကွပ်ကဲနေတာ။ သူ့အထက်လူကြီးက ဒိုးအယားဇမာ နယ်စပ်ရောက်နေတယ်။ ဒီကောင် ပထမနေ့ က လွတ်သွားပြီး ဟောဒီနေရာမှာ ရောက်နေတယ်လို့ Intercept သတင်းရတယ်။ လားမြင်းအကောင် လေး ငါးဆယ်နဲ့ လူ ၁၀၀ ကျော် ၂၀၀ လောက်ရှိတယ် ကြား တယ်။ အဲဒါ မင်းရဲ့ဂဠုန်စစ်ကြောင်းနဲ့ သွားရှင်းပေး။ မင်း စီချက်ဆွဲပြီး ငါ့ဆီတင်ကွာ။ ဖြစ်ပါ့မလားဟေ့''

''ဖြစ်ပါတယ်ခင်ဗျ''

''ဖြစ်ရင်လုပ်ကွာ''

ကျွန်တော်သည် မိုလ်ကျော်ဒွေးနှင့် တိုင်ပင်ကာ စီချက်ကို မြေပုံပေါ်တွင် Chinagraph ခဲတံဖြင့် ရေးရ သော့၏။

''ကဲ ... ကိုကျော်ဒွေး ... ကိုယ့်ညီ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြမလဲ။ စီမံချက်တင်ဖို့ ကြိုစမ်းပါဦး''

''ရပါတယ် အစ်ကိုကြီးရဲ့။ သိပ်စိတ်မပူပါနဲ့''

ဤနေရာတွင် ဗိုလ်ကျော်ဌေး၏ အားသာချက်ကို ပြောပြရန် လိုလာသည်။

ဗိုလ်ကျော်ဌေးသည် ရှမ်းစကားကို ဒေသခံ ရှမ်းတစ်ယောက်ကဲ့သို့ ပြောနိုင်၏။ ထို့ကြောင့် ရွာလူကြီးများကိုခေါ်ပြီး ရှမ်းလို သတင်းမေးသည်။ သတင်းမေးရင်း အာမီရမ်ပါ တိုက်သည်။ ရမ်ကလေးတိုက်လိုက် သတင်းမေးလိုက်ဖြင့် သတင်းအတော်လေးရလိုက်၏။ စီမံချက် အချိန်မီ ပြီးသွားပါသည်။

စီမံချက်မှာ အောက်ပါအတိုင်းဖြစ်၏။

ဦးတည်ရန်သူသည် မုန်းမကုန်းဆုံ၏ တောင်ဘက် ဆယ်မိုင်ကျော်အကွာ ပေးလေးငါးထောင်မြင့်သည့် တောင်ကြောကြီးပေါ်တွင် ရှိနေသည်။ နမ့်မဆွတ်ချောင်းနှင့် နမ့်မကတ်ချောင်းကြားမှာ ဖြစ်၏။ ရန်သူရှိနေသည့် တောင်ကြောကြီးမှာ တောင်မြောက်တန်းနေသော ကျောက်တောင်ကြီး ဖြစ်သည်။ မြောက်ဘက်က အလွန်မတ်စောက်ပြီး တောင်ဘက်က ဆင်ခြေလျှောပြေပြစ်သည်။ တောင်ကြော





ပေါ်တွင် ပလောင်ရွာတန်းရှည်ကြီးတစ်ရွာ ရှိသည်။ ရွာသားများသည် တောင်ဘက်ဆင်ခြေလျှောလမ်းကို အသုံးပြုကာ လားရှိုး–တန့်ယန်း ကားလမ်းမကြီးကို ထွက်သည်။ အဓိကဆက်သွယ်ရေး လမ်းကြောင်းမှာ ထိုလမ်းကြောင်းကြီးပင် ဖြစ်သည်။ ထိုလမ်းကြောင်းကြီး၌ ရန်သူမှ ကင်းအဆင့်ဆင့် တင်ထားသည်ဟု သိရသည်။ တောင်ဘက်ကသွားဝင်ရင် မိမိတို့ အထိနာနိုင်၏။ ရန်သူ့အင်အားမှာလည်း မိမိတို့၏ နှစ်ဆ၊ သုံးဆ ဖြစ်သည်။ ထို့ကြောင့် အငိုက်ဖမ်းနိုင်ရန် မြောက်ဘက်မှ ကျောက်တောင်ကြီးကို တက်၍ တိုက်ရန်စီမံချက်ကို မြေပုံပေါ်မှာပင် ခဲတံနှင့်ဆွဲပြီး တင်လိုက်ပါတော့သည်။

ဗိုး ... စီမံချက်တော့ ပြီးသွားပြီ။ ဗျူဟာမှူးကြီး သွားပြမှ။

ဗျူဟာမှူးကြီးက ကျွန်တော့်စီမံချက်ကြည့်ပြီး သဘောတူလိုက်၏။

''မင်းတို့ ဂျူနီယာတွေ မိုးထဲလေထဲမှာ အစွမ်းပြကွာ။ တခြားစစ်ကြောင်းတွေကိုတော့ သိပ်အားမရဘူး။ အထိုင်နေ့ အထနှေးနဲ့ လေးတယ်ကွ။ မင်းတို့က လူငယ်



www.burmeseclassic.com

www.burmeseclassic.com



တွေ။ ပေါ့ပေါ့ပါးပါးနဲ့ သွားနိုင်လာနိုင်ဆိုတော့ ငါ အားကိုး တယ်ဟေ့။ ဟုတ်ရဲ့လား''

''ဟုတ်ကဲ့ပါခင်ဗျ''

''ကဲ ... အဲဒါဆို ခရီးအကွာအဝေးတွက်ပြီး ထွက်ကွာ။ ဘယ်တော့ထွက်မလဲ။ မနက်မှ ထွက်မလား''

''ခုညထွက်ပါ့မယ်ခင်ဗျ။ မနက် အရုဏ်ဦး **Dawn attack** လုပ်နိုင်အောင် ကြိုးစားပါ့မယ်ခင်ဗျ။ ရန်သူက လား။ မြင်းတွေနဲ့ဆိုတော့ လွတ်ပြေးမှာစိုးလို့ အချိန်မပေး တော့ပါဘူးခင်ဗျ''

''အေး ... ဒါဆိုရင်လည်း လုပ်တော့''

ထိုညက ကျွန်တော်သည် ဗိုလ်ကျော်ဌေးနှင့် တိုင်ပင်ပြီး ပစ္စည်းအလေးအပင်များကို အတော်လျှော့ပစ်၍ ဗျူဟာရုံးတွင် ထားခဲ့သည်။ တပ်ခွဲရုံးမှ တပ်ခွဲတပ်ကြပ် ကြီးနှင့် တပ်ခွဲအရာခံဗိုလ်တို့အား မသယ်မဖြစ် သယ်လာ ရမည့် ကျည်ဆန်နှင့် ရိက္ခာကိုသာ အရအမိ သယ်ခဲ့ခိုင်း ၏။ တပ်စုများကိုမူ အားလုံးပေါ့ပေါ့ပါးပါးဖြစ်အောင် ရိက္ခာ တစ်ရက်စာနှင့် စောင်ကြား ပလပ်စတစ်စနှင့် အဝတ် တစ်ထည် ကိုယ်တစ်ခုသာ ယူခဲ့ခိုင်းသည်။ ကျည်ဆန်ကို





ဖွဲ့စည်းပုံအပြည့်ရအောင် ယူခဲ့ခိုင်းသည်။

တပ်ခွဲတစ်ခွဲလုံး ည ဆယ်နာရီမထိုးမီ ခရီး ထွက်ရန် အသင့်ပြင်နေကြ၏။ ကျွန်တော်နှင့် ဗိုလ်ကျော်ဌေး အား ညစာကို အာမီရမ်လေး တစိမ့်စိမ့်သောက်၍ အချိန် ခွဲစားရင်း စစ်ဆင်ရေးအခြေအနေကို ဆွေးနွေးကြ၏။ ဗိုလ် ကျော်ဌေးက လမ်းကျွမ်းသော ရွာသားနှစ်ယောက်ကို ရှမ်း သို့ပြော စည်းရုံးထားသည်။ သူတို့နှစ်ယောက်က လိုလို ချင်ချင်ပင် လမ်းလိုက်ပြပေးမည်ဆို၏။

ညဉ့်မှန်းစျက်သိ့ချီတက်ရာဝယ်

ခရီးမထွက်မီ ကျွန်တော်တို့ချီတက်ရာ လမ်း ကြောင်း ရွေးကြသည်။

''ကဲ ... ကိုကျော်ဌေး လမ်းကြောင်းရွေးကြစို့။ ရန်သူက ဒီ့ထက် အင်အားနှစ်ဆ သုံးဆလောက် ရှိမယ် ဆိုတော့ အငိုက်ရဖို့နဲ့ မြေအသာစီးရဖို့တော့ အရေးကြီး တယ်။ အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ''

''ကျွန်တော် စဉ်းစားထားတယ် အစ်ကိုကြီး။ လမ်းက အဓိက နှစ်ကြောင်းပဲရှိတယ်။ လမ်းကြောင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော်တို့ အခြေပြု မုန်းမကုန်းဆုံကနေ လာလမ်းအတိုင်း ပြန်ထွက်။ ပြီးမှ ကောင်လွန်ရွာရောက်တော့ အရှေ့ဘက်ချိုးပြီး တောင်ဘက်ကနေ တက်တဲ့လမ်းကို သုံးရမယ်။ အဲဒါ အများသုံးတဲ့လမ်း။ သတင်းပေါက်နိုင်တယ်။ ဒါပေမဲ့ လမ်းကောင်းတယ်။ မြန်မြန်ရောက်မယ်။ လမ်းကြောင်းနှစ်ကတော့ မုန်းမကုန်းဆုံကနေ နမ့်ဆွတ်ချောင်းရိုးအတိုင်း တောင်တည့်တည့်ကို ဆင်းမယ်။ ရည်မှန်းချက်ရောက်ခါနီးမှ နမ့်ဆွတ်ချောင်းမကြီးကို ဖြတ်ပြီး မြောက်ဘက်ကနေ တောင်ပေါ်ကို တက်မယ်။ ဒီလမ်းက တောထူတယ်။ လူသွားလမ်း ကောင်းကောင်းမရှိဘူး။ လားလမ်းပဲ ရှိတယ်။ ကျောက်ကြိုကျောက်ကြား သွားရမယ်။ လမ်းမှာ ဘာရွာမှမရှိဘူး။ ဒါကြောင့် သတင်းလုံခြုံမှုရှိမယ်။ အငိုက်ရနိုင်တယ်။ ဒါပေမဲ့ ကြာမယ်။ ကျောက်တောင်ကြီးကို မြောက်ဘက်က တက်တော့ တကယ့်မတ်စောက်တဲ့ Cliff ချောက်ကမ်းပါးကြီး။ ဒါကြောင့် တက်ရတာခက်မယ်။ အစ်ကိုကြီးကြိုက်တဲ့လမ်း ရွေးပါ''

''အချိန် ဘယ်လောက်ကြာမယ်မှန်းသလဲ''

''တစ်နာရီ ၂ မိုင်နှုန်းနဲ့တွက်ရင် ရည်မှန်းချက်





ရောက်ဖို့ ငါးနာရီသွားရမယ်။ တောင်တက်တာက တစ်နာရီနှစ်နာရီထား အရုဏ်ဦးတော့ ရောက်သွားမှာပါ။ အများဆုံးအချိန် ၇ နာရီပေါ့''

''ကဲ ... ဒါဆိုရင် အငိုက်ရဖို့နဲ့ မြေအသာစီးရဖို့ ဒုတိယလမ်းကြောင်းကို ရွေးကြတာပေါ့''

ကျွန်တော်တို့အရာရှိနှစ်ဦး တိုင်ပင်ပြီးသည့်နောက် တပ်စု (၂) တပ်စုမှူး တပ်ကြပ်ကြီး မောင်ကြည်၊ တပ်စု (၃) တပ်စုမှူး တပ်ကြပ်ကြီး စံရှင်း၊ တပ်ခွဲရုံးမှ တပ်ခွဲအရာခံဗိုလ်နှင့် တပ်ခွဲတပ်ထောက်တပ်ကြပ်ကြီး လှပြည့်တို့အား ခေါ်ပြီး အစီအမံကို ရှင်းပြပါသည်။ ပွိုင့်ကို တပ်စု (၁)နှင့် ဗိုလ်ကျော်ဌေးက ဦးဆောင်သွားမည်။ ကျွန်တော်က အလယ်ကလိုက်ပြီး ဆရာကြီး မောင်ကြည်က နောက်ဆုံးမှ ပိတ်လိုက်ရန်ဖြစ်၏။

''ကဲ ... အစီအစဉ်ကတော့ အဲဒါပဲ။ ဟိုရောက်ရင် ကျောက်တောင်ကြီးတက်ရမယ်။ ကြိုးတွေဘာတွေယူခဲ့။ ဆရာကြီးလှပြည့်က ခွဲရုံးက နိုင်လွန်ကြိုးခွေကြီး မထားခဲ့နဲ့။ ယူလာခဲ့။ တောခုတ်ဖို့ ဓား ၂ ချောင်း ဆောက်နဲ့ တူလေး၊ သံချွန်ကလေးပါ ထည့်ခဲ့ဗျာ။ ကျန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေလည်း လိုတာလေးတွေတော့ ပါအောင် သယ်လာခဲ့ကြ။ ရိက္ခာတစ်ရက်စာပါရင် ရပြီ။ ကျန်တာဝယ်စားမယ်။ အပိုဆောင်းရိက္ခာငွေ ဆရာကြီးလှပြည့်က ထုတ်ပေးထားလိုက်။ ည ၁၀ နာရီတိတိမှာ ဒီကထွက်မယ်''

''ကဲ ... ဘာမေးစရာရှိသေးလဲ''

''မရှိပါဘူး''

''မရှိရင်။ လုပ်စရာရှိတာ ဆက်လုပ်ကြတော့''

ကျွန်တော်တို့တပ်ခွဲ ညဆယ်နာရီတွင် အခြေပြုမှစထွက်တော့ မိုးက သည်းသည်းမဲမဲ ရွာနေ၏။ မြန်မာလဆန်းခုနစ်ရက်မို့ လကလည်း ဝင်ချင်နေပြီ။ ကောင်းကင်တွင် အလင်းရောင်များ ကွယ်ပျောက်နေ၏။ ကျွန်တော်တို့တပ်ခွဲ ခရီးထွက်မည့်အကြောင်း ဗျူဟာရုံးက ဗိုလ်ကြီးညီရှင်ကို သွား၍ သတင်းပို့ခဲ့သည်။ ဗျူဟာမှူးကြီး အိပ်စက်အနားယူနေသဖြင့် ဝင်မတွေ့ခဲ့တော့ပါ။

ညမှောင်မှောင်၊ လမှောင်မှောင်မို့ ခရီးက စကတည်းက ယဉ်သကိုဖြစ်နေ၏။ မိုးသည်းသည်းအောက်တွင် စစ်သည်များ တဘိုင်းဘိုင်း ချော်လဲနေကြသည်။ နမ့်ဆွတ်ချောင်းလက်တက်အတိုင်း တောင်ဘက်သို့ ဆင်းချဲ





ကြသည်။ မည်းမှောင်နေသော ဝါးတောများကို တိုးရ၏။ မိုးတွင်းမို့ ချောင်းရေများက ပြည့်လျှံနေကြသည်။ မညီညာသော အောက်ခံမြေပြင်ကြောင့် လမ်းလျှောက်ရတာ အဆင်မပြေပါ။ အလင်းရောင်မရသဖြင့် အားလုံး အဖြူရောင် ညကြည့်အမှတ်အသားများ တပ်ဆင်ထားသည့် တစ်ယောက်ဦးထုပ်တစ်ယောက် ကြည့်၍ လိုက်နေရသည်။ တလှုပ်လှုပ် တရွရွနှင့် ခရီးမတွင်ပါ။ ည ၁၂ နာရီထိုးသော် တစ်မိုင်ကျော် နှစ်မိုင်သာ ခရီးပေါက်သေး၏။

''ဟော့ ... ဆက်သွားရဲဘော် တပ်ခွဲ ခဏရပ်နိုင်းကွာ။ ငါရှေ့တက်လိုက်သွားမယ်''

ကျွန်တော်သည် ပွိုင့်တပ်စုသို့ တက်လိုက်သွားပြီး ဗိုလ်ကျော်ဌေးနှင့် တွေ့၏။

''ကိုကျော်ဌေး ... ကိုယ့်ညီ ဒီနှုန်းနဲ့ မိုးလင်းရင်တောင် ရောက်ပါ့မလားမသိဘူးကွ။ သိပ်ကြာတယ်။ မြန်အောင်ဘယ်လိုလုပ်မလဲ''

''မှောင်နေတော့ တိုးရဝှေ့ရတာခက်တယ် အစ်ကိုကြီးရ။ မြန်ချင်ရင်တော့ လက်နှိပ်ဓာတ်မီး ထိုးခွင့်ပြုလေ အစ်ကိုကြီး။ အဲဒါဆိုရင် တစ်နာရီ ၂ မိုင်လောက်ပေါက်မယ်။



www.burmeseclassic.com

www.burmeseclassic.com



မနက် ၄ နာရီ ၅ နာရီဆို ရည်မှန်းချက်ရောက်ပြီ''

''ဒါဆိုရင် တပ်ခွဲတစ်ခွဲလုံး မီးထိုးခွင့်ပြုတယ်။ ဓာတ်မီးသုံးနိုင်တယ်။ ဘေးဘယ်ညာမထိုးနဲ့။ အလင်းရောင်ရရုံပဲ အောက်စိုက်ထိုး။ အဲဒါဆို ရမလား၊ ဖြစ်မလား''

''ရတယ် အစ်ကိုကြီး။ ဖြစ်တယ်''

''ဖြစ်ရင် အဲဒီအတိုင်းပဲလုပ်ကွာ။ မိုးမလင်းခင် တောင်ခြေရင်းရောက်ချင်တယ်။ မင်း လမ်းပြနှစ်ယောက်သာ သေချာပြောထား''

မီးထိုးခွင့်ပြုတော့ ချီတက်မှုနှုန်းမှာ မြန်ဆန်လာသည်။ မိုးက အဆက်မပြတ်သည်းထန်စွာ ရွာသွန်းဆဲဖြစ်၏။ မိုးအကာအကွယ်ကြောင့် ကျွန်တော်တို့မီးရောင်များအတွက် သိပ်တော့ စိတ်မပူရပါ။ တွက်ချက်ထားသည့်အတိုင်း မနက် ၄ နာရီသာသာတွင် ပလောင်တောင်ကြောသို့ ရောက်ပါတော့သည်။

''အစ်ကိုကြီး ဒါ ရည်မှန်းချက်တောင်ကြီးပဲ''

ဗိုလ်ကျော်ဌေးက ကျွန်တော့်ကိုခေါ်၍ ပြသည်။ ကျောက်တောင်ကြီး၏ ပေလေးငါးထောင်အမြင့်က ကျွန်တော်တို့အပေါ်သို့ မိုးနေ၏။





၁၉၇၁ ခုနှစ် နောင်လိုင်ပါဖန် တိုက်ပွဲကာလနှင့် ဘိန်းစစ်ဆင်ရေးကာလက
စာရေးသူ၏ ဗျူဟာမှူး ဗိုလ်မှူးကြီး မြင့်အောင်
(ယခု ဒုတိယဗိုလ်ချုပ်ကြီး မြင့်အောင်၊ ကွယ်လွန်)

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ သနက(၁)တွင် တာဝန်ထမ်းဆောင်စဉ်က
စာရေးသူ၏တပ်ရင်းမှူး ဗိုလ်မှူးကြီးကိုလေး
(ယခု အငြိမ်းစား)



၁၉[illegible] ခုနှစ် ဘိန်းစစ်ဆင်ရေးက စာရေးသူ တက်တိုက်ခဲ့သည့် ပလောင်တောင်ကြောမှာ ပုံပါတောင်ကြောနှင့်
များစွာဆင်တူပါသည်

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၈ ခုနှစ် ဘိန်းစစ်ဆင်ရေးတွင်
စာရေးသူ၏ တပ်ခွဲ၌တာဝန်ထမ်းဆောင်ခဲ့သည့်
မိုင်းရယ်တပ်ရင်းမှ တပ်ခွဲတပ်ကြပ်ကြီး လှမြည့်



"ဘာလမ်းမှမရှိဘူးလား"

"ဒီဘက်က ရေချောင်းနဲ့ချောက်ကြီးလိုဖြစ်နေတော့ လမ်းမရှိဘူး။ တွယ်တက်ရမှာ။ တကယ့် Steep ပဲ"

"မှောင်တော့ တော်တော်မှောင်တယ်ကွ။ အခန့် သင့်ရင် ပြုတ်ကျပြီး မာလကာ ဈာန်ကြွသွားနိုင်တယ်။ ဒါပေမဲ့ မတတ်နိုင်ဘူးကွာ။ ဒို့ ရွေးချယ်ထားတဲ့လမ်းပဲ။ တက်ကြမယ်။ ၁၅ မိနစ်၊ မိနစ် ၂၀ လောက်နား။ ၅ နာရီမှာ ဒီကနောက်ဆုံးထားပြီး ထွက်မယ်"

"အဲဒါဆိုရင် ကျွန်တော်နဲ့ ကျွန်တော့်တပ်စု အရင် တက်နှင့်မယ် အစ်ကိုကြီးရာ။ စံညွှန့်တို့ ထွန်းရီတို့ ဒါတွေ ကျွမ်းပါတယ်"

"အဲဒါဆို ချကွာ"

စိုင်းစံညွှန့်နှင့် စိုင်းထွန်းရင်တို့မှာ လားရှိုးဒေသသား ရှမ်းကလေးများဖြစ်၏။ ငယ်စဉ်က လားထိန်းများ လုပ်ခဲ့ ကြသည်။ သကဆဖအဖွဲ့များ၏ လားတန်းများနှင့် လိုက်ထွက်ဖူးသည်။ သူတို့သည် လားဝန်တင်များနှင့် လိုက်သွားခဲ့ဖူးရုံသာမက ရွာမှာနေစဉ်က ကျောက်ဆောင် ကြီးများ ကျောက်တောင်ကြီးများပေါ်ရှိ လှည်းဘီးပမာ

www.burmeseclassic.com



ခန့်ရှိသော ပျားအုံကြီးများကို ဖွပ်လာကြသည့် ပျားဖွပ်သမားများလည်း ဖြစ်ကြပေသည်။ သကာဆဖလုပ်ရင်းတပ်မတော်ထဲသို့ ဝင်လာကြသူများဖြစ်၏။

ဗိုလ်ကျော်ဌေးတပ်စုမှ ရှမ်းကလေး ၂ ယောက်သည် တကယ့်မျောက်လွှဲကျော်များနှယ် ခါးကို ကြိုးချည်၍ ကျောက်တောင်ကြီးကို ကုတ်ခြစ်တွယ်တက်သွားကြ၏ ကံအားလျော်စွာ မိုးကလည်း တိတ်သွားသည်။ သူတို့ ၂ ယောက် တဖြည်းဖြည်း တွယ်တက်သွားရာ မိနစ် ၂၀ ခန့်အကြာတွင် ထိပ်နားသို့ရောက်လုလုဖြစ်သွားသည်။ တောင်တမာပင်ငယ်တစ်ခုအား ကြိုးချည်၍ ကြိုးကို အောက်သို့ချပေးလိုက်သည်။ ထိုအပင်လွန်သော် လမ်းတွေ့ပြီဟု ဆို၏။ တစ်ယောက်ပြီးတစ်ယောက် တွယ်တက်သွားကြရာ ဗိုလ်ကျော်ဌေး၏တပ်စု ၁ တစ်စုလုံး အပေါ်ရောက်သွား၏ သူတို့လမ်းကြောင်းအတိုင်း ကြိုးများနှင့် တွယ်တက်လိုက်သွားရာ ကျွန်တော်လည်း ၅ နာရီသာသာတွင် ချောက်ထိပ်သို့ရောက်သွား၏။ အောက်က တပ်စု ၂ စုမှာ တက်လာနေဆဲဖြစ်၏။ ခွဲရုံးနှင့် တပ်စု (၁) သာ တောင်ထိပ်သို့ ရောက်ခြင်းဖြစ်သည်။ နံနက် အရုဏ်ဦး မှုန်ပျပျအလင်း





ရောင်အောက်ရှိ မြင်ကွင်းကို ကြည့်လိုက်ရာ တောင်ကြောကြီးကား အလျားကိုက် ၁၀၀၀ ကျော်ခန့်ရှိ၏။ ညီညာပြန့်ပြူးသော ကွင်းပြင်ကြီးဖြစ်သည်။ ခပ်လှမ်းလှမ်း၌ ညောင်ပင်အိုကြီး တစ်ပင်နှစ်ပင် တွေ့ရ၏။ ညောင်ပင်၏ ဒီမှာဘက်တွင် ဘာမျှမရှိပါ။ ဟိုမှာဘက်၌ ပလောင်အိမ်တန်းရှည် သုံးလေးလုံးစ တွေ့ရ၏။ အားလုံးက ငြိမ်သက်တိတ်ဆိတ်နေသည်။ ကျွန်တော်က ပါလာသော မှန်ပြောင်းဖြင့် လှမ်းကြည့်လိုက်သည်။ ဘာလှုပ်ရှားမှုမှ မတွေ့ရပါ။

“ဟော့ . . . မိုးကျော်ဌေး ငြိမ်တိတ်လို့ပါလားကွ။ ဘာသံမှလဲ မကြားဘူး။ ဘာမှလဲ မတွေ့ဘူး။ သူပုန်တွေ ရှိမှရှိရဲ့လား မသိဘူး။ လစ်များပြေးကုန်ကြပြီလား”

“ရတယ် အစ်ကိုကြီး။ ကွင်းဖြတ်ပြီးတော့ အဲဒီ မြင်နေရတဲ့ အစွန်ဆုံးတဲတန်းလျားရှည်တွေကို ကျွန်တော့် တပ်စုနဲ့ ဝင်ရှင်းလိုက်မယ်”

“အေး . . . ကောင်းတယ်။ ခပ်မြန်မြန်ရှင်းကွာ”

ဗိုလ်ကျော်ဌေးက ကျွန်တော့်ကို ထားရစ်ခဲ့ပြီး သူ့တပ်စုတစ်စုတည်းနှင့် ထွက်သွားသည်။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



နောက်ကအဖွဲ့တွေ စောင့်ပြီး လိုက်သွားပါမည်။ အချိန်ဆိုင်းနေက ရန်သူရှိလျှင် လွတ်သွားမှာစိုးရ၏။ ခပ်မြန်မြန်ပင် မိုလ်ကျော်ဒွေးကို ဝင်ရှင်းခိုင်းလိုက်သည်။ မိုလ်ကျော်ဒွေးတပ်စု ကွင်းကိုဖြတ်၍ ရွာမြောက်ဘက်ထိပ်ကို ဝင်ရှင်းတော့သည်။ နောက်က လိုက်လာသည့် တပ်စု ၂ စုလည်း အားလုံး တောင်ပေါ်သို့ ရောက်လာသည်။ ကျွန်တော်က တပ်စု ၂ စုကို ဦးဆောင်ပြီး ဆက်လိုက်ခဲ့၏။ အချိန်က မနက် ၅ နာရီခွဲပြီးနေပြီ။ မြင်သာ ထင်သာဖြစ်နေပေပြီ။ ဗိုလ်ငှတ်တပ်စုနှင့် ကျွန်တော် ဦးဆောင်သော တပ်စု ၂ စုမှာ အနည်းငယ်လှမ်းသွား၏။ မြေအနေအထားအရ တပ်ဖြန့်ရန် အခက်အခဲရှိ၍ တစ်ကြောင်းထိုးပုံစံသာ သတိဖြင့်ချီတက်ခဲ့၏။ ထိုအခိုက်မှာပင် သေနတ်သံများ ပေါ်ထွက်လာ၏။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဖန်း ... ဖန်း ... ဖန်း"

"ဟာ ... ဒို့ဆီက ဂျီသရီးသံနဲ့ ကာဘိုင်သံကွ။ ချပြီဟေ့။ ဝင်လိုက်ကြ ... လာဟေ့"

ကျွန်တော်လည်း ခွဲရုံးနှစ်စုအား ဦးဆောင်ကာ





အတင်းပင်ဝင်လိုက်သွား၏။

"ဖောင်း ... ဝုူး ... ဂျိမ်း၊ ဖောင်း ... ဝုူး ဂျိမ်း"

ဝိုးခနဲမြည်ပြီး ၅၇ ကျည်တောင့် နှစ်တောင့်သုံးတောင့် ကွင်းပြင်ထဲ ကျသွားပြီးပေါက်ကွဲသွားသည်။

"ဟ ... ခွေးမသားတွေ ၅၇ နဲ့ ပစ်တယ်ကွ"

ကျွန်တော်တို့ ခွဲရုံးနှစ်စု ရွာထဲသို့ ရောက်သွားချိန်တွင် မိုလ်ကျော်ဒွေးတပ်စုမှာ ရွာတောင်ထိပ်ထိ ရှင်းပြီးနေပေပြီ။ အောက်ဆင်ခြေလျောတွင် ပလောင်အိမ်တန်းရှည်ကြီး ဆယ့်လေးငါးလုံး ထပ်တွေ့ရ၏။

"တပ်ခွဲမှူး နှစ်လောင်းနဲ့ နှစ်လက်ကျန်ခဲ့တယ်။ ကာဘိုင်တစ်လက်၊ **M1** တစ်လက်။ ဟိုညောင်ပင်အောက်က ၅၇ နဲ့လည်း ပစ်သွားသေးတယ်။ နှစ်ချက် သုံးချက်။ ကျွန်တော့်ကောင်တွေ အတင်းဝင်ချလိုက်တာ ၅၇ ထမ်းပြီး ဒရောသောပါးနဲ့ ပစ်တဲ့ကောင် အတင်းဆင်းပြေးပြီ။ ဟိုမှာ တွေ့လား သူတို့လူအုပ်ကြီး။ သူတို့က တောင်ဘက်က မျှော်တာ ကျွန်တော်တို့က မြောက်ဘက်က ကုတ်ခြစ်တက်လာလို့ အငိုက်ရလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ်ကွ။ ၅၇ က ကွင်းထဲမှာ လာကွဲတယ်"

ဗိုလ်ကျော်ဌေးက ရန်သူ့ပင်မတပ်ဖွဲ့ကြီးရှိသည့် လျှိုကို ပြလိုက်ရာ တောင်ကြောအရှေ့တောင်ဘက် လျှိုကြီးထဲတွင် လား၊ မြင်း အကောင် လေးငါးခြောက်ဆယ်နှင့် လှုပ်လှုပ်ရွရွ ဆုတ်ခွာနေသော ရန်သူ့တပ်ဖွဲ့ကြီး၏ အမြီးအား လှမ်းမြင်ရ၏။

"ကဲ ... ၂ လက်မစိန်ပြောင်းသုံးလက် ဒီယူခဲ့ဟေ့။ အဲဒီလျှိုထဲ ထုထည့်လိုက်စမ်းကွာ"

စိန်ပြောင်းသုံးလက်စုပြီး ကျွန်တော်သည် ဝမ်ထင်ကြုံး ခေါင်းဆောင်သော ဘိန်းအဖွဲ့ကြီးအား စိန်ပြောင်းစာ တဝကြီးကျွေးပစ်လိုက်ပါ၏။ အလုံးသုံးလေးဆယ်လောက် ပစ်လိုက်မိသည်ထင်သည်။ ရဲဘော်များကလည်း ဝိုင်းအော်ကြ၏။

"ဖောက် ... ဝုန်း ... ဝုန်း ... ဝုန်း ... ဂျိမ်း ... ဂျိမ်း"

"ခွေးမသားတွေ ... သေလိုက်စမ်းကွာ"

တိုက်ပွဲမှာ နာရီဝက်ထက်ပိုမကြာပါ။ မနက် ၆





နာရီလောက်တွင်မူ အားလုံးပြီးသွားပါတော့သည်။ ရန်သူများက ဟုတ်တိပတ်တိခံချမသွားပါ။ လားမြင်းများနှင့် အလျင်အမြန် ဆုတ်ခွာသွားကြပါသည်။ သူတို့နေရာ ဆင်းကြည့်တော့ ပင်မအဖွဲ့ကြီးသည် လျှိုကြီးထဲတွင် လားမြင်းများနှင့် ညအိပ်ပြီး တောင်ပေါ်၌ လူ နှစ်ဆယ်သုံးဆယ်သာ တင်ထား၏။ တောင်ဘက်က အဓိကလူသွားလမ်းကို ချော်မှန်းပြီး ကာကင်း၊ ကြည့်ကင်း လေးငါးနေရာလောက် အဆင့်ဆင့် တင်ထားသည်ကိုလည်း တွေ့ရှိရပါသည်။ သူ့ပင်မတပ်ဖွဲ့ကြီး အခြေပြုသည့်နေရာတွင် လူတစ်ရာ့လေးငါးဆယ်လောက် ညအိပ်ထားသည်ကို တွေ့ရ၏။ အားလုံးပေါင်းသော် လူ ၂၀၀ ကျော်ခန့် ရှိပေသည်။ ဘိန်းသူပုန်များမို့ ကျွန်တော်တို့ကို ကြာကြာ ခံတိုက်မသွားတာလား၊ မြေအခြေအနေ မကောင်းလို့ ဆုတ်ပြေးသွားတာလား၊ တိုက်ပွဲကြာနေရင် တခြားတပ်တွေကပါ ဝိုင်းပတ်ပိတ်ဆို့လာမှာကို ကြောက်လို့ ထွက်သွားကြတာလား ဆိုတာကိုတော့ ကျွန်တော် မပြောနိုင်ပါ။ ထိုအထဲက တစ်ခုခုဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် ရန်သူ့ပင်မနေရာ ရှင်းပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ဗျူဟာသို့ အစီရင်ခံလိုက်ပါသည်။ ဗျူဟာကလည်း စိန်ပြောင်းသံတွေကြားကတည်းက စက်ဖွင့်၍ စောင့်နေ၏။ စက်ပေါ်သို့ ဗိုလ်ကြီးညီရှင် တက်လာသည်။

"ဘယ်လိုလဲ ကိုသက်ဦး။ အခအနေလေး သတင်း ပို့ပါဦး"

"အခအနကောင်းပါတယ်။ **Dawn Attack** အရုဏ်ဦးမှာ အချိန်မီရည်မှန်းချက်ရှင်းနိုင်ပါတယ်။ တိုက်ပွဲကတော့ နာရီဝက်လောက်ပဲ ကြာတယ်။ သိပ်ခံတိုက် မသွားဘူး။ လူ ၂၀၀ လောက်နဲ့ လား၊ မြင်း အကောင် ခြောက်ဆယ်၊ ခုနစ်ဆယ်လောက်ပါတယ်"

"**Result** ကရော"

"ကျွန်တော့်ဆီက အထိအခိုက်မရှိပါဘူး။ နှစ်လောင်းနဲ့ လက်နက်ငယ် ၂ လက် ရလိုက်တယ်။ ကာဘိုင် တစ်လက်၊ အမ်ဝမ်း တစ်လက်။ ကျွန်တော်တို့ ဘာဆက် လုပ်ရမလဲ"

"ကောင်းပြီ။ ပြောမယ် ခန ၃၅ လုပ်ထား။ ဗျူဟာမှူးကြီးကို တင်ပြလိုက်မယ်။ တခြားပြောစရာ ဘာရှိသေးလဲ"





"ရှိတယ်။ ဒီကောင်တွေမှာ ၅၇ ပါလာတယ်။ ၂ ချက်၊ ၃ ချက် ပစ်သွားတယ်"

"ဟုတ်ရဲ့လား။ သူတို့ ၅၇ သုံးနိုင်လို့လား"

"ဟုတ်ပါတယ်။ မယုံမှာစိုးလို့ ကျည်ခွံသုံးခု ကောက်ထားတယ်။ အကြုံရှိရင် ဗျူဟာကို ပို့ပေးလိုက်မယ်"

"ကောင်းပြီ ... ကောင်းပြီ"

ခဏအကြာတွင် ဗိုလ်ကြီးညီရှင် စက်ပေါ်ပြန် တက်လာ၏။ အောက်ပါစာတိုလေး ပို့သွားပါသည်။

"**ဆုတ်ခွာသွားသော ရန်သူနောက်သို့ ထပ်ချပ်လိုက်လံချေမှုန်းရန် ဗျူဟာမှူးကြီးက ညွှန်ကြားပါသည်**" တဲ့။

"ကဲ ... လိုက်ဟ"

### တိုက်ပွဲနောက်ပိုင်းဆောင်ရွက်ချက်များ

ရန်သူ့နောက်ကို ထပ်ချပ်လိုက်လံချေမှုန်းပါ၏။ သို့ရာတွင် ရန်သူက လား၊ မြင်း အကောင် လေးငါး ခြောက်ဆယ်ပါ၏။ ကျွန်တော်တို့ကမူ ခြေကျင်၊ ထို့ကြောင့်



www.burmeseclassic.com

ရန်သူက ကျွန်တော်တို့ထက် ပိုမိုမြန်ဆန်သည်။ ရန်သူ၏ ခြေရာခြေကြောင်းခံ၍ လိုက်လာရာ ညနေစောင်းသော် လားရှိုး၊ တန့်ယန်းကားလမ်းမကြီးကို ရောက်၏။ ရန်သူများကလည်း ကားလမ်းတောင်ဘက် ကျော်သွားပေပြီ။ ကျွန်တော်တို့ စစ်ဆင်ရေးနယ်မြေက ထိုကားလမ်းမကြီး၏ မြောက်ဘက်ခြမ်း။

ထို့ကြောင့် ဗျူဟာကို အစီရင်ခံရပြန်ပါသည်။

''ဦးတည်ရန်သူ ကားလမ်းကို ဖြတ်၍ မုန်းဟာင်၊ မုန်းဟာဝွင်သို့ ဝင်ရောက်သွားပြီဖြစ်၊ မည်သို့ ဆက်လက်ဆောင်ရွက်ရမည်ကို ညွှန်ကြားပါရန်''

ဗျူဟာကလည်း ချက်ချင်းညွှန်ကြားချက် ပြန်ပေးပါသည်။

**''လက်ရှိနေရာတွင် ခေတ္တအခြေပြုနေရန်နှင့် တန့်ယန်းမှ ယာဉ်များ စေလွှတ်ပေးမည်။ ညွှန်ကြားချက် ဆက်လက်ပေးပို့မည်ဖြစ်''**

''ဟိုက် ... ဘယ်ကို ချီတက်ရဦးမည်မသိ။ လုပ်လိုက်စမ်းကွ။ ဂျွန်စစ်ကြောင်းတဲ့ဟေ့''

ဘာပဲဖြစ်ဖြစ် လူ ၂၀၀ ခန့်ပါသည့် ရန်သူ့ပင်မစစ်





...ကြောင်းကြီးကို အလစ်ဝင်တိုက်ကာ အလောင်း၊ လက်နက် ...သိမ်းပြန်သဖြင့် ရဲဘော်များမှာ ဘာပဲလုပ်ရလုပ်ရ နိုင်ချင် ...ကြက်ကဲ့သို့ တက်ကြွနေကြပါသည်ခင်ဗျား။

**...ချုပ်မော်ပြချက်**

ဤသည်မှာ ၁၉၇၈ ခုနှစ် **အောင်ကျော်မိုး** ...ဆင်ရေးတွင် ကျွန်တော်ကိုယ်တိုင် ဦးဆောင်တိုက်ပွဲဝင် ...သည့် ညတိုက်ပွဲအမျိုးအစားတွင် ပါဝင်သော **Dawn Attack** အရုဏ်ဦးတိုက်ပွဲကလေး ဖြစ်ပါသည်။ ညတိုက်ပွဲ ...ရပ်နှင့် ညီညွတ်သည်ဟု ထင်မြင်ယူဆမိကြောင်းပါ ...င်ဗျား။

(၁၉၇၈ ခုနှစ် မိုးတွင်း စာရေးသူ ဦးဆောင် ...ိုက်ခဲ့သည့် အောင်ကျော်မိုးစစ်ဆင်ရေးမှ ပလောင်တောင် ...ကြောတိုက်ပွဲအား ပြန်လည်ခံစားရေးဖွဲ့ပါသည်။)

❖



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# လက်နက်ကြီးပစ်ကူယူခဲ့သော ညတိုက်ပွဲကြီး

## နိဒါန်း

ညတိုက်ပွဲအမျိုးအစား ၅ မျိုးရှိကြောင်း ယခင် [illegible]များတွင် ဖော်ပြခဲ့ပြီးပါပြီ။ ယခု ထပ်မံဖော်ပြပါဦးမည်။

- ❑ နေ့အချိန်တိုက်ပွဲတစ်ခု၏ အစိတ်အပိုင်းဖြစ်သည့် ညတိုက်ပွဲ၊
- ❑ လက်နက်ကြီးပစ်ကူမပါသည့် ညတိုက်ပွဲ၊
- ❑ လက်နက်ကြီးပစ်ကူပါသည့် ညတိုက်ပွဲ၊
- ❑ မီးရောင်သုံး ညတိုက်ပွဲ၊



www.burmeseclassic.com

www.burmeseclassic.com



❑ အရုဏ်တက်ညတိုက်ပွဲ

ဟူ၍ဖြစ်ပါသည်။

ကျွန်တော် ကိုယ်တိုင်ကိုယ်ကျပါဝင်ပြီး အောင်မြင်မှုရခဲ့သော ညတိုက်ပွဲများမှာ တပ်စုအဆင့်၊ တပ်ခွဲအဆင့်များသာ ဖြစ်ခဲ့ပါသည်။ စစ်ကြောင်းအဆင့် အလွန်နည်းဖြစ်ခဲ့သည်။ ထိုတိုက်ပွဲများတွင် လက်နက်ကြီး ပစ်ကူမပါပါ။ လက်နက်ကြီးပစ်ကူဆိုသည်မှာ တပ်ရင်းအဆင့်တွင် ၈၁ မီလီမီတာစိန်ပြောင်းကြီးများ၊ ၇၅ မီလီ မီတာနောက်ပြန်ရိုင်ဖယ်ကြီးများကို ဆိုလိုပါသည်။

တပ်ရင်းအဆင့်ထက်ကျော်လွန်သွားပါက လက်နက်ကြီး ပစ်ကူကို အမြောက်တပ်ဖွဲ့များက အမြောက်၊ စိန်ပြောင်းကြီးများနှင့် ပစ်ပေးကြပါသည်။ အမြောက်များတွင် ၇၆ မီလီမီတာအမြောက်၊ ၁၀၅ မီလီမီတာအမြောက်နှင့် ၁၅၅ မီလီမီတာအမြောက်ကြီးများ ပါဝင်၏။ စိန်ပြောင်းကြီးများတွင်ကား ၁၂၀ မီလီမီတာ စိန်ပြောင်းကြီးများ ဖြစ်ကြ၏။

ကျွန်တော်သည် ၁၉၇၈ ခုနှစ်က နောင်လိုင်ပါး တိုက်ပွဲကြီးတွင် အမြောက်လုံခြုံရေးတာဝန် ထမ်းဆောင်ခဲ့ရရာ အမြောက်များ၏ စွမ်းရည်ကို စတင်သိလာသည်။ ထိုတိုက်ပွဲကြီး၌ ဗကပတို့သည် ကျွန်တော်တို့၏ ၁၀၅ မီလီမီတာ အမြောက်ကြီးများ ပစ်ခွင်းမှုကြောင့် တိုက်ပွဲနေရာမှ အထိနာပြီး ဆုတ်ခွာသွားခဲ့ကြပါသည်။ ဤတွင် အမြောက်လက်နက်ကြီးများ၏ စွမ်းပကားကို နားလည်ခဲ့၏။ ၁၉၇၉ ခုနှစ် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း၊ ဘထူးကို ပြောင်းရတော့ အမြောက်သံချပ်ကာတွေနှင့်အတူ နေရသည်။ အမြောက်သံချပ်ကာ နည်းပြအရာရှိများနှင့် နေ့စဉ်လို ဆုံတွေ့ရသည်။ သူတို့၏ လက်တွေ့ပစ်ခတ်စဉ်များကို မကြာခဏ လိုက်ကြည့်ဖူးပါသည်။ ၁၉၈၀ ခုနှစ်၌ တစ်ဆင့်မြင့်ရာထူးဖြင့် အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်းသို့ ပြောင်းရသည်။ ထိုအခါ လက်နက်ကြီး ပစ်ကူယူသော တိုက်ပွဲကြီးတစ်ခုတွင် ပါဝင်ဆင်နွှဲခွင့်ရ၏။ ထိုတိုက်ပွဲကြီးမှာ ရိုးရိုး နေ့တိုက်ပွဲမဟုတ်ပဲ၊ ညတိုက်ပွဲဖြစ်ပါ၏။ ညတွင် ရန်သူ့စခန်းအားချဉ်းကပ်ပြီး အရုဏ်ဦးတွင် အမြောက်၊ စိန်ပြောင်း ပစ်ကူများဖြင့် စတိုက်၍ အရုဏ်ဦးတိုက်ပွဲဟုလည်း ဆိုနိုင်ပါသည်။ လက်နက်ကြီးပစ်ကူယူသော ညတိုက်ပွဲတစ်ခုအနေဖြင့် စာရှုသူများအား





မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောင်းပြောပြချင်ပါသည်။

အဖြစ်အပျက်က ဒီလိုပါခင်ဗျာ။

**လွယ်မွေဒေသတွင် တာဝန်ထမ်းဆောင်ရခြင်း**

အချိန်က ၁၉၅၂ ခုနှစ်၊ နှစ်ဆန်းစ။

ကျွန်တော်သည် တပ်ခွဲတစ်ခွဲနှင့် လွယ်မွေ ဒေသတွင် တာဝန်ထမ်းဆောင်နေရ၏။ လုပ်ငန်းတာဝန်မှာ လွယ်မွေရေဒါစခန်း ရှေ့ကာအဖြစ် လှုပ်ရှားပေးရန်ဖြစ်၏။

လွယ်မွေတွင် လေတပ်မှ **Radar Squadron** ရှိ သည်။ ရေဒါကိုင်သည့် ပညာရှင်များသာရှိပြီး တိုက်ခိုက် ရေးတပ် **Fighting Force** မရှိပါ။ ထို့ကြောင့် ကျွန်တော်တို့ ကြည်းတပ်က သူ့လုံခြုံရေးအတွက် **Screen** ခေါ် ရှေ့ကာ တပ် ထားပေးရသည်။ ကျွန်တော်၏တပ်ရင်းမှူးကြီးနှင့် ကျန်တပ်ခွဲများကား ကျိုင်းတုံအရန်အဖြစ် ကျန်ခဲ့၏။

လွယ်မွေရောက်ပြီး တစ်ပတ်ခန့်အကြာတွင် အရေး ကြီးကြေးနန်းတစ်စောင် ဝင်လာ၏။

**"ရင်းမှူးနှင့်အဖွဲ့ လွယ်မွေလာရန်ရှိ၊ လိုအပ် သည်များ ကြိုတင်ပြင်ဆင်ထားရန်"**





လွယ်မွေမှ ပုံပါအမြောက်ကြီးများဖြင့် ၁၉၅၅ ရန်ကြီးအောင် စစ်ဆင်ရေးတွင် တရုတ်ဖြူများကို အပြီးအပိုင်ချေမှုန်းနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





ထိုနေ့က တပ်ရင်းမှူးနှင့်အတူ ကျန်တပ်ခွဲများအားလုံး ပါလာ၏။ ဒါသာမက ဝန်တင်လားအကောင် ၁၀၀ ခန့်နှင့် လက်နက်ကြီးများ ပါပါလာ၏။ ကျိုင်းတုံဗျူဟာမှ အမြောက်အဖွဲ့များလည်း လိုက်ပါလာကြသည်။

"ဟ ... အမြောက်တွေ ဘာတွေနဲ့ ဘာများလုပ်ပါလိမ့်"

သို့လော သို့လောဖြစ်နေ၏။

တပ်ရင်းမှူးကြီးနှင့် တွေ့သည့်အခါတွင်မူကား ...

"ဗိုလ်ကြီးသက်ဦးရေ စစ်ဆင်ရေးလုပ်ဖို့ရှိတယ်ဗျာ။ ကျိုင်းတုံဗျူဟာမှူးကြီးကိုယ်တိုင် ကွပ်ကဲမယ်။ သူနဲ့ တပ်ရင်းတစ်ရင်း နောက်က ပါလာတယ်"

"ဘယ်လိုလုပ်မှာလဲခင်ဗျ"

"ကော် ၈၁၅ တပ်မဟာတစ်ခုလုံး တရုတ်ဖြူတောင်ကြောကြီးပေါ် ရောက်နေတယ်လို့ မိုင်းယောင်းဘက်က သတင်းရတယ်။ မြေပြင်သတင်းယူတော့လည်း ဟုတ်တော်ခိုင်လုံနေတယ်။ အဲဒါ လူကြီးတွေက စိုးရိမ်လို့ နှစ်ရင်းနဲ့ တက်ရှင်းခိုင်းလိုက်တာ"

တရုတ်ဖြူတောင်ကြောကြီးမှာ မိုင်းယောင်းနှင့်တ



www.burmeseclassic.com

www.burmeseclassic.com



သိပ်မဝေးလှ။ မိုင်းယောင်းအတွက် ဟောင်ကွေ့မှ မြောက်ဘက်ကို မိုင်အနည်းငယ်သွားလိုက်သည်နှင့် ကျောကန့်လန့်ကို ရောက်၏။ ကျောကန့်လန့်လွန်သော် စိမ်းညို့နေသည့် တရုတ်ဖြူတောင်ကြီးပေတည်း။

မိုင်းယောင်းကလည်း ၁၉၈၀ ခုနှစ်က ယခုကဲ့သို့ တပ်မဟာတစ်ခုစာ ရန်သူစုဖွဲ့နေကြောင်း သတင်းရသဖြင့် မိုင်းယောင်းဗျူဟာမှူးမှ သူကိုယ်တိုင် သတင်းရသည့် နေရာသို့ ထွက်ရှင်းနေစဉ် ရန်သူပင်မတပ်ဖွဲ့ကြီးက မိုင်းယောင်းကို အလစ်ဝင်တိုက်သွားခဲ့ခြင်း ဖြစ်သည်။

ယခုမူကား မိုင်းယောင်းဘက်ကသွားပြီး မရှင်းနိုင်တော့ဘဲ ကျိုင်းတုံဗျူဟာမှူးကိုယ်တိုင် ကျိုင်းတုံက တပ်များနှင့် သွားရှင်းရန် စီမံလိုက်ခြင်းပါပေ။

ကော် ၈၁၅ တပ်မဟာတစ်ခုလုံးဟု သတင်းရသဖြင့် ရန်သူတွင် လက်နက်ကြီးများပါလာမည်။ ရ အင်အားကလည်း နည်းမည်မဟုတ်။ ထောင်ဂဏန်းလော ရှိနိုင်၏။ ထို့ကြောင့် ကျွန်တော်တို့ဘက်ကလည်း တပ်ရင်း နှစ်ရင်းနှင့် တိုက်မည်။ ကျိုင်းတုံတွင် အရန်တပ်များရှိသေး သည်။ မိုင်းယောင်းတွင်လည်း အရေးပေါ် ပစ်ကူစ





ပေးရန် အရန်တပ်များ စုဖွဲ့ပေးထားသည်။ ဒါမှ ရန်သူကို ဝိုင်းပတ်ချေမှုန်းနိုင်မှာဖြစ်၏။ ကော် ၈၁၅ ကလည်း ၁၉၈၀ ခုနှစ်နောက်ပိုင်း မကြာခဏ အစွမ်းပြနေရှာ သူ့အားဖိပြီး ဦးနှိမ်ထားမှ တော်ကာကျမည်။

ညနေတွင် ကျိုင်းတုံဗျူဟာမှူးကြီးနှင့် နောက် တပ်ရင်းတစ်ရင်း ရောက်လာသည်။

စစ်ဆင်ရေးအစီအမံများအား လွယ်မွေလေတပ် အစည်းအဝေးခန်းမ၌ တိုက်ပွဲဝင်မည့် အရာရှိများအားလုံးကို ကျိုင်းတုံဗျူဟာမှူးမှ ရှင်းပြသည်။

အစီအစဉ်အကြမ်းဖျင်းမှာ တပ်တွေအားလုံး စုဖွဲ့ပြီး ယအနုတ်နှစ်ရက်နေ့တွင် လွယ်မွေမှ ရည်မှန်းချက်ကို ချီတက်မည်။ ယအနုတ်တစ်ရက်တွင် တိုက်စစ်တာဝန် ယူမည့်တပ်ရင်းက ညအမှောင်ထုကို အကာအကွယ်ယူကာ ရည်မှန်းချက်ကို ချဉ်းကပ်မည်။ ယရက် အရုဏ်ဦးတွင် အမြောက်စိန်ပြောင်း ပစ်ကူဖြင့် ရည်မှန်းချက်ကို တိုက်ခိုက်ရန်ဖြစ်သည်။ တိုက်စစ်ကို ပြည်တပ်မမှ ထောက်ကြန့် တပ်ရင်းက တာဝန်ယူမည်။ ကျွန်တော်တို့ တပ်ရင်းက အရန်နှင့် အမြောက်၊ စိန်ပြောင်းလက်နက်ကြီးများ လုံခြုံရေး



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူရမည် ဖြစ်သည်။

ထိုစဉ်က ကျိုင်းတုံဗျူဟာမှူးကြီးမှာ ဗိုလ်မှူးကြီး သိန်းဟံဖြစ်၏။ နောင်တွင် ဗိုလ်မှူးချုပ်အဆင့်နှင့် နယ်ဘက်သို့ ကူးပြောင်းပြီး သံအမတ်ကြီးတာဝန် ထမ်းဆောင်ရသည်။ သူ့ဇနီး မခင်သော်တာမှာ ကျွန်တော်နှင့် တက္ကသိုလ်တုန်းက ဘီအိုစီကောလိပ်တွင် ကျောင်းအတူတက်ရင်း ဘာသာတွဲအတူယူခဲ့သော ကျောင်းနေဖက် သူငယ်ချင်း ဖြစ်ခဲ့ကြ၏။ သူ့ဇနီးနှင့်ပတ်သက်ပြီး ဗျူဟာမှူးကြီးနှင့် လျင်မြန်စွာ ရင်းနှီးသွားခဲ့ပါသည်။ တပ်ရင်းမှူးကြီးကိုလေးမှာလည်း ဗိုလ်မှူးကြီးသိန်းဟံနှင့် ဗိုလ်သင်တန်းတစ်ပတ်တည်းဆင်း **OTS** (၂၇) က ဖြစ်ကြသည်။ သူတို့ချင်းလည်း အလွန်ရင်းနှီးခင်မင်ကြ၏။ ထိုစဉ်က ကျိုင်းတုံတပ်မမှူးမှ ဗိုလ်မှူးကြီးသန်းရွှေ (ယခု ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အငြိမ်းစား)ဖြစ်ပါသည်။

စစ်ဆင်ရေးအစည်းအဝေး၌ ဗျူဟာမှူးကြီးက ရန်သူအခြေအနေကို အောက်ပါအတိုင်း ရှင်းလင်းခဲ့လေသည်။

"ဒီဒေသကို ၁၉၄၉ ခုနှစ်နောက်ပိုင်း တရုတ်ဖြူ





တပ်မ (၉၃) နဲ့ တပ်တော် (၈) က အလုံးအရင်းနဲ့ ထိုးဖောက်ဝင်ရောက်လာတဲ့အခါမှာ မိုင်းပြင်းနားမှာ တစ်နေရာ၊ မိုင်းယောင်းနားမှာ တစ်နေရာ အင်အား ထောင်နဲ့ချီပြီး အခိုင်အမာခံစစ်စခန်းကြီးတွေ လုပ်ပြီးနေခဲ့တယ်။ အဲဒီ ဒို့တပ်မတော်က အကြိမ်ကြိမ်ချီတက်ပြီး ရှင်းလင်းခဲ့ရတယ်။ ၁၉၅၅ ခုနှစ် ရန်ကြီးအောင် စစ်ဆင်ရေးကြီးကျမှ ဒီစခန်းကြီးတွေကို အပြီးသိမ်းနိုင်ခဲ့တယ်။ သူတို့ခံစစ်တွေ အလွန်ကောင်းတဲ့အတွက် အဲဒီတုန်းက အမြောက်ပစ်ကူယူပြီးမှ ဒီစခန်းတွေကို သိမ်းလို့ရခဲ့တယ်"

"၁၉၇၅ ခုနှစ်နောက်ပိုင်း ဒီဒေသကို ဗကပလို့ခေါ်တဲ့ အသူရာတွေ ဝင်လာတဲ့အခါမှာ အဲဒီတရုတ်ဖြူတွေ နေသွားတဲ့ အဲဒီတောင်ကြောကြီးတွေမှာ ပြန်ပြီး အခြေပြုလာတယ်။ မိုင်းပြင်းနားက တောင်ကြောကြီးကိုတော့ လားဟူအဲဗွီအဖွဲ့တက်နေတာ ဒို့တပ်က တိုက်ချလိုက်ပြီး ထိုင်ထားလို့ ရန်သူတွေ မနေနိုင်တော့ဘူး။ ဒါပေမဲ့ အခု မိုင်းယောင်းအနောက်မြောက်က တရုတ်ဖြူတောင်ကြောကြီးကတော့ ဒို့ ခဏလွှတ်ထားတုန်းမှာ ရန်သူတွေက တပ်မဟာတစ်ခုလုံး တက်ပြီးနေရာယူထားတယ်လို့ သိရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူတို့အခြေခိုင်သွားရင် မိုင်းယောင်း၊ လွယ်မွေ၊ မိုင်းဖြတ် စတဲ့ ဒို့ရဲ့အချက်အချာနေရာကြီးတွေ အလွန်စိုးရိမ်ရတယ်။ အတိုက်ခံရရင် ကျသွားနိုင်တယ်။ ဒါကြောင့် ဒီတောင်ကြောကြီးကို တိုက်ရတာ။ ခံစစ်တွေကလည်း မြေအောက်ပစ်ကျင်းတွေ၊ ဥမင်လိုဏ်ခေါင်းတွေနဲ့ သိပ်ကောင်းတယ်။ ဒို့ကိုယ်တိုင် အဲဒီနေရာကို တစ်ခေါက် နှစ်ခေါက် ရောက်ဖူးတယ်။ သာမန်လက်နက်ကြီးဒဏ် ခံနိုင်တယ်။ ဒါကြောင့် အမြောက်ပစ်ကူနဲ့ တိုက်ဖို့ စီစဉ်တာ။ မင်းတို့သိတဲ့အတိုင်း ရန်သူတွေက ကျင်းတူးသန်တယ်။ တော်တော့်လက်နက်ကြီးနဲ့ မရဘူး။ အမြောက်တွေသုံးမှ သူတို့ကို ချေမှုန်းနိုင်မှာ''

ထိုညက ကျွန်တော်တို့တပ်ရင်းနှစ်ရင်းစလုံး နောက်တစ်နေ့ ခရီးစဉ်အတွက် လိုအပ်သည်များ ပြင်ဆင်ရင်း လွယ်မွေတွင် အခြေပြုကြရ၏။

အင်း ... တပ်ရင်းနှစ်ရင်းနဲ့ ပွဲကြီးပွဲကောင်းနွှဲရဦးမှာပါကလား။

မြရတနာစာပေ



ရည်မှန်းချက်သို့ချီတက်ကြပြီ

နောက်တစ်နေ့ ယအနုတ် ၂ ရက် ဝေလီဝေလင်းတွင် ဆောင်းနှင်းမှုန်များကြားမှ ရည်မှန်းချက်သို့ စတင်ထွက်လာခဲ့ကြသည်။

ခရီးစဉ်မှာ လွယ်မွေမှ ပါခါး၊ ပါခါးမှ နောင်လုံ၊ နောင်လုံမှ ခွန်ပုပ်၊ ခွန်ပုပ်မှ မိုင်းငေါင်း ထင်းရှူးတောင်ထိုမှသည် ရည်မှန်းချက်သို့ဖြစ်၏။ မိုင် ၂၀ ခန့် ကွာဝေးသော်လည်း ချီစစ်ဖြစ်၍ သတိကြီးစွာဖြင့် တဖြည်းဖြည်းသာ ချီတက်ရပါသည်။ ရိက္ခာတစ်ပတ်စာနှင့် အရန်ကျည်ဆန်များပါ သယ်ရသည်ဖြစ်၍ အမြန် ချီတက်၍မရပါ။ ကျည်ဆန်နှင့် အရန်ရိက္ခာများကို ဝန်တင်လားများဖြင့် သယ်ရပါသည်။

ကျွန်တော်၏တပ်ခွဲမှာ စစ်ကြောင်းကြီးတစ်ခုလုံး၏ နောက်ဆုံးမှ လိုက်ရသည်။ ထို့ကြောင့် မလိုက်နိုင်၍ ကျန်ခဲ့သူများ၊ အလေးအပင်များ၍ ပြတ်ကျန်ခဲ့သည့်လူ၊ လားသည့်တို့ အားလုံးပါအောင်ခေါ်ရန် တာဝန်ရှိ၏။

လွယ်မွေမှ ပါခါးအား ၃ မိုင်ခန့်သွားရ၏။ ပါခါးမှ အရှေ့ဘက်သို့ ဆက်ထွက်ရမည်ဖြစ်သည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပါခါး ဟိုဘက်မှာ ရွာမရှိတော့ဘူး။ တပ်ခွဲမှူးကြီးရဲ့ **Nomanland** ပဲ။ တောင်ပြောင်တွေနဲ့ သက်ကယ်တောချည်းပဲ၊ စွန့်လွှတ်မိုင်းတွေလည်း အများကြီး။ တပ်ခွဲမှူးကြီးက တစ်ခါမှ မရောက်ဘူးသေးလို့ သိထားအောင် ပြောတာပါခင်ဗျ"

လမ်းတွင် ဒုတပ်ခွဲမှူး ဗိုလ်ခင်မောင်လတ်က ကျွန်တော့်အား သတိပေး၏။

"လွန်ခဲ့တဲ့နှစ်က ဘိုရာဆိုင်းဘက်မှာ သက်ကယ်တောကို အရမ်းတိုးရင်း ကျွန်တော့်အရင်တပ်ခွဲမှူး ဗိုလ်ကြီးကျော်သိန်း မိုင်းထိသွားတာ"

"ကိုကျော်သိန်းက ကိုယ်တို့အပတ်စဉ်ကကွ။ ခုတော့ နယ်ဘက်ရောက်သွားပြီ"

"ဟုတ်တယ်။ အဲဒီတုန်းကလည်း ကျွန်တော် သတိပေးပါတယ်။ သူက ဒီတပ်ရောက်ခါစပဲ၊ သူက မိုင်းစစ်ဆင်ရေး မကြုံဘူးသေးတဲ့ တပ်တွေကလာတော့ ဟိုဟိုဒီဒီ လျှောက်သွားချင်တာ။ မသွားနဲ့ တပ်ခွဲမှူး။ မိုင်းဟောင်းတွေ အများကြီးလို့ပြောတာ။ နားမထောင်ဘဲ လွယ်မွေမြောက်ဘက်က ဘိုရာဆိုင်းတောင်ထိပ်မှာ ကင်းချဖို့နေရာ သူ





ကိုယ်တိုင် တက်ကြည့်ရင်း မိုင်းထိသွားတာ"

"အေးပေါ့ကွာ။ ကိုယ်တို့လည်း သတိထားရမှာပေါ့"

ဗိုလ်ခင်မောင်လတ်ကား သူရဘွဲ့ရထားသူဖြစ်ပြီး ဤဒေသ၏ရန်သူ့အထာကို အလွန်ကျွမ်းသူဖြစ်၏။ နယ်မြေလည်း ကျွမ်းပေသည်။ ထို့ကြောင့် သူ့စကားကို အလေးအနက်ထားရတော့၏။

ကျွန်တော်တို့စစ်ကြောင်းကြီးသည် ပထမနေ့တွင် နောင်လုံကိုကျော်ပြီး ရှေ့ဖျားတပ်များက ခွန်ပုတ်အထိ အရောက်ချီတက်သွားကြ၏။ ထိုဒေသများကား လွန်ခဲ့သည့်နှစ်အနည်းငယ်က စပြီး လူများမနေတော့ဘဲ စွန့်ပစ်ပြေးကြသဖြင့် မည်သည့်ရွာမှ မရှိပါ။ တောင်များကလည်း တောင်ပြောင်များသာဖြစ်ကြပါ၏။ သက်ရှိသတ္တဝါဟူ၍ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့ကြပါ။ ရေကလည်း အလွန်ရှားလှပါ၏။ တောင်ကြောလမ်းများအတွင်း ချီတက်ကြရာ ရေလိုချင်က အောက်လျှိုထဲသို့ တမေ့တမောဆင်းကြရ၏။ အသူရာ ခေါ် ဗကပတို့၏ စွန့်လွှတ်မိုင်းများကြောက်ရ၍ ရေကိုလည်း အရမ်းသွားမခပ်ရဲကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ည၌ ကျွန်တော်၏တပ်ခွဲမှာ နောက်ဆုံးက လိုက်ရသဖြင့် အလေးအပင်သယ်ရင်း ကျန်ခဲ့သည့်လား မြင်းအချို့ကို စောင့်ခေါ်ရင်း နောင်လုံတွင် အခြေပြုရတော့၏။ နောင်လုံ၌ကား ရေမခန်းသေးသော အင်းတစ်ခု ရှိနေသဖြင့် ရေအတွက်ကား စိတ်အေးရပေသည်။

"ခွန်ပုတ်လောက်အထိတော့ ရန်သူမရှိနိုင်ပါဘူး။ မိုင်းပေါင်း ထင်းရှူးတောင်လောက်ရောက်ရင်တော့ ကာကင်းတွေ ဘာတွေ ရှိနိုင်တယ်"

ဗိုလ်ခင်မောင်လတ်က ပြော၏။ ကျွန်တော်၏တပ်ခွဲ၌ ဗိုလ်ခင်မောင်လတ်၊ ဗိုလ်ခင်မောင်လင်း၊ ဗိုလ်တင်စိုး တစ်စုမှူးသုံးယောက်ရှိရာ ဗိုလ်ခင်မောင်လတ်တစ်ဦးသာ ဤဒေသများကို ရောက်ဖူးပေသည်။ ကျန်နှစ်ဦးကား လူသစ်များသာတည်း။ ကျွန်တော်နှင့် ထူးမခြားနားပါပေ။

ညနေစခန်းချချိန်၌ ရန်သူ့မိုင်းစိုးရိမ်ရ၍ ရေသုံးခြင်းနှင့် အညစ်အကြေးစွန့်ခြင်းအား တစ်နေရာတည်း၌ ဆောင်ရွက်ကြရန် ဗျူဟာမှ လှမ်းညွှန်ကြားသည်။

အလေးအပေါ့သွားရင်း ရေရှာရင်း မိုင်းဖြစ်စဉ်များ ရှိပုံရ၏။ ဤဒေသ၌ မိုင်းထိပါက ကျိုးတုံ့နှင့် အလှမ်း





ဝေးသဖြင့် အထမ်းနှင့် လက်ဆင့်ကမ်းပို့ကြရ၏။ အချိန်ကြာပြီး လူနာသွေးလွန်သေသွားနိုင်၏။ ထို့ကြောင့် ရဟတ်ယာဉ် မှာရပါသည်။ ရဟတ်ယာဉ်ကလည်း ယခုလို နှင်းတွေ ထူထပ်သိပ်သည်းအောင် ကျနေသည့်ကာလ၌ လာရန် အခက်အခဲရှိပါသည်။

နှင်းများကား ကျနေဆဲပါပေ။

နှင်းသဲသဲမှာပင် နောင်လုံသက်ကယ်တောများ၌ တစ်ညတာ နားခဲ့ကြရပါသည်။

**အရှေ့ဦးတိုက်ပွဲဆင်နွှဲခြင်း**

တပို့တွဲလ၏ နှင်းမှုန်များက ဝေ့ဝဲနေဆဲ။

ကျွန်တော်တို့တပ်ရင်း ၂ ရင်းသည် အခြေပြု နောင်လုံမှ မနက်စောစောစီးစီး ထွက်လာကြသည်။ ယနေ့ နောင်လုံခွန်ပုတ်မှ မိုင်းပေါင်းထင်းရှူးတောင်သို့ ချီတက်ခဲ့ကြသည်။ ရန်သူနှင့် ကျွန်တော်တို့ကြား စပ်ကြားမြေမို့ လူမရှိ ရွာမရှိ ဘာသတ္တဝါမှ မတွေ့။ တကယ် ကန္တာရကြီးပါပေ။ နေ့လယ်လောက်တွင် မိုင်းပေါင်း ထင်းရှူးတောင်သို့ ရောက်သွား၏။ ထင်းရှူးတောင်ဆိုသည့်အတိုင်း နာမည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်အောင် ထင်းရှူးတောကြီးများကို စတွေ့ရတော့၏။

"အဲဒီ ညာဘက်ကတောင်က တရုတ်ဖြူတောင်ကြီးပေါ့"

ဗိုလ်ခင်မောင်လတ်က လှမ်းပြသည်။ ပေ ၀၀၀ ထောင်ကျော်ခန့်မြင့်ပြီး အလိပ်လိပ်ခိုး၍ မှိုင်းညို့နေသည်။ ရောက်ရှိနေရာမှ နှစ်မိုင်၊ သုံးမိုင်တော့ ဝေးဦးမည်ထင်၏။ ကျွန်တော်တို့တပ်ရင်းသည် ဤနေရာတစ်ဝိုက်တွင် ပါလာသည့် လက်နက်ကြီးများကို နေရာချထားပြီး အရန်အဖြစ် ရှိနေသည်။ တရုတ်ဖြူတောင်ကြီးကို တက်တိုက်ရမည့် တပ်က ပြည်တပ်မမှ ထောက်ကြန့်တပ်ရင်း ဖြစ်သည်။ တပ်ရင်းမှူးမှာ ဒု–ဗိုလ်မှူးကြီး တင့်ဝေအေး ဖြစ်၏။ ကျွန်တော်နှင့် လူချင်းသိကျွမ်းပါသည်။ ၁၉၆၉ ခုနှစ်က တပ်မတော်(ကြည်း) တပ်ကြပ်သင်ကျောင်း၊ ဗထူးတွင် လက်နက်ငယ်သင်တန်းတက်ခဲ့စဉ်က သူသည် ကျွန်တော်တို့၏ သင်တန်းမှူးဖြစ်၏။ သူသည် လက်ဖြောင့်သေနတ်သမားလည်း ဖြစ်၏။ တစ်ချက်ပစ်၊ တစ်ယောက်ကျ စွမ်းရည်ရှိသူဖြစ်သည်။ တပ်မတော်တွင် ထိုစဉ်က ဗိုလ်ကြီး တင့်ဝေအေးတို့၊ ဗိုလ်ကြီးလှဆင့်တို့မှာ ထင်ရှားကျော်ကြား





သော လက်ဖြောင့်သေနတ်သမားများပါပေ။ ယခုအခါ ဆရာသမားကို တပ်ရင်းမှူးအဖြစ်နှင့် ပြန်လာတွေ့နေရ၏။ လက်နက်ငယ်သင်တန်းတုန်းက ကျွန်တော့်ကြိုးစားမှုကို သူက သဘောကျ၏။ ထိုသင်တန်းတွင် ကျွန်တော်သည်လည်း လက်ဖြောင့်သေနတ်သမားဘွဲ့ ရလာခဲ့၏။ ဗိုလ်သင်တန်းတုန်းက ကိုက် ၁၀၀ အကွာအဝေးရှိ လေးပေပစ်မှတ်ကြီးကို လွဲအောင်ပစ်ခဲ့သော ကျွန်တော်သည် ယခုသင်တန်း၌ အထူးကြိုးစားခဲ့သဖြင့် လက်ဖြောင့်သေနတ်သမား ဖြစ်လာခြင်းပါပေ။ ကျွန်တော့်ကြိုးစားမှုကို ဗိုလ်ကြီး တင့်ဝေအေးက နှုတ်မှဖွင့်ဟပြီး **Credit** ပေးခဲ့လေသည်။ ယခု တရုတ်ဖြူတောင်ကြီးကို တက်တိုက်တော့ ဆရာသမားတို့ ဘယ်လိုတိုက်မလဲဆိုတာ ကြည့်ရပေဦးမည်။

ရဖ မိလီမီတာ အမြောက်များ နေရာချတော့ လိုအပ်သည်များ ကူညီပေးရ၏။ အမြောက်တပ်ဖွဲ့မှူးမှာ ဗိုလ်မှူးခင်မောင်ညို ဖြစ်ပါသည်။ သူနှင့်ကျိုင်းတုံရောက်မှ ခင်မင်ခြင်းဖြစ်၏။ ဗိုလ်မှူးခင်မောင်ညိုသည် ခင်မောင်ညို ဆိုသည့်အတိုင်း အသားညိုညို၊ အရပ်ရှည်ရှည်နှင့် စကားကို ခပ်သွက်သွက်ပြောတတ်၏။ အပြောလည်း ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

သူက ၇၆ မီလီမီတာ အမြောက်များ၏ စွမ်းရည်များကို ကျွန်တော့်အားရှင်းပြသည်။ ထို့နောက် လွယ်မွေ အရှေ့ခြမ်း တရုတ်ဖြူများကို ချေမှုန်းခဲ့စဉ်က သူ သိခဲ့သည်များကို ဆက်ပြောပြန်၏။

"၁၉၅၅ ခုနှစ် တရုတ်ဖြူ စစ်ဆင်ရေးတုန်းက လွယ်မွေ အမြောက်စခန်းကနေပြီး ပါခါးနဲ့ နောင်ဟိုင်ဘက်မှာရှိတဲ့ တရုတ်ဖြူတွေကို အမြောက်နဲ့ပစ်မှပဲ ရှင်းနိုင်တော့တယ်လို့ အဲဒီတုန်းကပါခဲ့တဲ့ ကျွန်တော့်တပ်ရင်းမှူးကြီးက ပြောဖူးတယ်။ အခုလည်း ဒီကောင်တွေ ကျင်းတူးပြီး ကျင်းထဲက မထွက်မှာစိုးလို့ အမြောက်နဲ့ ပစ်ရှင်းဖို့ ကျွန်တော် လိုက်ခဲ့ရတာ"

အမြောက်၏စွမ်းပကားကလည်း ကြီးလှ၏။

၁၉၇၈ ခုနှစ် နောင်လိုင်ပါဖန် တိုက်ပွဲကြီး၌ နောက်ဆုံးပွဲသိမ်းတိုက်ပွဲကြီးများအား ၁၀၅ မီလီမီတာ အမြောက်ကြီးများဖြင့် ပြီးစေခဲ့ရသည်။

အသူရာတို့က ၇၆ မီလီမီတာလောက်ကို သိပ်မဖြူ ၇၆ မီလီမီတာကို ပို့င့်ဖိုက် စက်သေနတ်ကြီးများ၊ ၈၂





မီလီမီတာ စိန်ပြောင်းကြီးများ၊ ၇၅ မီလီမီတာ နောက်ပွင့်များဖြင့် Counter ပြန်သည်။ သူတို့တစ်တွေက လက်နက်ကြီး ပစ်ခတ်မှုကောင်းကြ၏။ သူတို့ Counter ကြောင့် ကျွန်တော်တို့ဘက်က အမြောက်သမားအချို့ ဒဏ်ရာရကြသည်။

သို့ဖြစ်၍ သူတို့လက်နက်ကြီးများ မမီသောနားညှ၌ ၁၀၅ မီလီမီတာ တောင်ပေါ်ပစ်အမြောက်ကြီးများထားပြီး လေကွဲကျည်သုံးကာ ချေမှုန်းမှ အသူရာများပြေးကြလေ၏။ ယခုတိုက်ပွဲကား ထိုမျှပြင်းထန်မည် မထင်ပါ။ ၇၆ မီလီမီတာအမြောက်လောက်နှင့် ရပါလိမ့်မည်။

ယနေ့ကား ယအနုတ်တစ်ရက်ဖြစ်သည်။ တပို့တွဲလဆန်းစမို့ ကောင်းကင်တွင် လတံဖင်ကွေးလေးက ရေးရေးသာ ပေါ်နေ၏။

တိုက်ပွဲဝင်ရမည့် ထောက်ကြန့်တပ်ရင်းကား တရုတ်ဖြူတောင်ကြီးကို အမှောင်ထု အကာအကွယ်ယူကာ တဖြည်းဖြည်းချဉ်းကပ်နေကြသည်။ ဗျူဟာမှူးကြီးနှင့် သနက (၁) တပ်ရင်းမှူး ဦးဆောင်သည့် စစ်ကြောင်း (၁) ကား တပ်ခွဲသုံးခွဲနှင့် နောက်ရံနေရ၏။ ကျွန်တော်က သနက



www.burmeseclassic.com

www.burmeseclassic.com



(၁) စစ်ကြောင်း (၂) နှင့် ရဖ မီလီမီတာ အမြောက်လေးလက်ကို လုံခြုံမှုယူပြီး ဗိုလ်မှူးခင်မောင်ညိုနှင့်အတူ ရှိနေပါသည်။

တိုက်စစ်ကို ဦးဆောင်မည့် ထောက်ကြန့်တပ်ရင်းကား တစ်ညလုံး ချဉ်းကပ်ပြီး ပေ ၅၀၀၀ ခန့် မြင့်သည့် တရုတ်ဖြူတောင်ကြီးအား တဖြည်းဖြည်းနှင့် ကုတ်ခြစ်တက်နေကြ၏။ ညတောင် အိပ်ကြရဟန်မတူပါ။

ယရက် အရုဏ်တက်ချိန် ရောက်ပါပြီ။

ဘာသံမှ မကြားရသေးပါ။

တိုက်စစ် စပါပြီလား။

ဒါလည်း မသိပါ။ သို့ဖြစ်၍ စက်ဖွင့်ကာ နားထောင်ကြည့်နေမိပါသည်။ လက်နက်ကြီး ပစ်ကူပေးနိုင်ရန်အတွက် ဗျူဟာမှူးကြီးနှင့် ဗျူဟာရုံးအဖွဲ့ ကျွန်တော့်စစ်ကြောင်းရောက်လာကြသည်။ ဗျူဟာမှူးနှင့် အမြောက်တပ်ဖွဲ့မှူးတို့ မြေပုံချကြည့်ပြီး အကွာအဝေး တိုင်းတာနေကြသည်။

ဗျူဟာမှ ဂိုသရီး ဗိုလ်ကြီးခင်မောင်စီ (ယခု ရဲမှူးချုပ် ခင်မောင်စီ) နှင့်တွေ့တော့ အခြေအနေ မေးကြည့်





၁၉၈၂ ခုနှစ်က တရုတ်ဖြူတောင်ကြီးကို စာရေးသူတို့တပ်နှင့်အတူ ဦးဆောင်တိုက်ခဲ့သည့် ကျိုင်းတုံ ဗျူဟာမှူး ဗိုလ်မှူးကြီးသိန်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၂ ခုနှစ်က စာရေးသူတို့၏ တပ်မမှူး ဗိုလ်မှူးချုပ်သန်းရွှေ
(ယခု အငြိမ်းစား ဗိုလ်ချုပ်မှူးကြီး)



ပေါ်။

''ဘယ်လိုလဲ ကိုခင်မောင်စိ။ ပွဲကပြီလား''

''ပြင်တုန်းဆင်တုန်းပဲ ခင်ဗျ။ တက်နေကြတုန်း။ ခုအထိ ဟိုဘက်က မပစ်သေးဘူး။ ကျွန်တော်တို့လည်း ငြိမ်နေတာ။ အဲဒါကြောင့် ဗျူဟာမှူးကြီးက အမြောက် အဖွဲ့နား ပြန်လာတာ။ တက်သွားတဲ့ တပ်ရင်းက တောင် ပေါ် အတော်ရောက်နေပါပြီ''

''ဩော်''

ထောက်ကြန့်တပ်ရင်းက တရုတ်ဖြူတောင်ကြီးအား အနောက်တောင်ဘက်မှ တက်၍ တိုက်ခြင်းဖြစ်သည်။ ယခုအချိန်အထိ ရန်သူမှ မပစ်သေးပါ။ ရန်သူတွေ ရှိမှပင် ရှိသေးရဲ့လားဟု အောက်မေ့ရ၏။ သို့ရာတွင် အသူရာ တို့အား အထင်မသေးရဲ။ ကျင်းတူးကောင်း၍ ပွေးလို ကြွက်လို ကျင်းထဲ၌ အပုန်းလည်း ကောင်းကြပါသည်။ ထောက်ကြန့်တပ်ရင်း တောင်ခါးလယ်လောက်ရောက်မှ ''ပတောက် ... ပတောက် ... ဖောင်း... ဖောင်း'' ဆိုပြီး လက်နက်ငယ်ဖြင့် စအပစ်ခံရသည်။ အချိန်က မနက် ၆ နာရီ။ နောက်တော့ RPG များ ၆၀ မီလီမီတာ စိန်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



များနှင့်ပါ ပစ်လာ၏။

ရန်သူနှင့် စတင်ထိတွေ့ပေပြီ။

တိုက်စစ်တပ်မှူးက ရန်သူပစ်ခတ်မှုများ လာသော အခါ တောင်ထိပ်ကို အမြောက်ပစ်ကူပေးရန် တောင်းဆိုလေသည်။

ဗျူဟာမှူး၏ အမိန့်အရ တောင်ထိပ်အား အမြောက်ဖြင့် အုန်းဝုန်း အုန်းဝုန်း ဂျိမ်း ဂျိမ်း ဂျိမ်း အသံများ ထွက်ကာ နာရီဝက်ခန့် ပစ်ခတ်ချေမှုန်းပေးလေသည်။ အမြောက်ကျည်အတောင့် ၂၀ ခန့် ပစ်လိုက်သည်ထင်ပါ၏။

ထို့နောက်တွင်ကား ချေမှုန်းရေးစစ်ကြောင်းက လက်နက်ငယ်များ ပစ်ပြီး လက်ပစ်ဗုံးများပါသုံးကာ တောင်ထိပ်ကို ကျားထိုးသိမ်းပိုက်ကြ၏။ သုံးလေးချီလောက် ကျားထိုးလိုက်ရသည်။ အသံဗလံ အတော်လေး ဆူညံသွား၏။ ရန်သူဘက်မှ RPG များဖြင့် တုံ့ပြန်ပစ်ခတ်သည်။ ''ဖောင်း ဂျိမ်း ဖောင်း ဂျိမ်း'' သံများလည်း ကြားရသည်။ မိနစ်အနည်းငယ်ခန့် ချေမှုန်းရေးတပ်များသည် ရန်သူနှင့် ထွေးလုံးရစ်ပတ်ပြီး တောင်ထိပ်ကို ရောက်သွားလေသည်။





တောင်ထိပ်တွင် ရန်သူလေးငါးယောက်အလောင်းနှင့် လက်နက်ငယ် လေးငါးလက် ရလိုက်သည်။ တောင်ကြော တစ်ခုလုံးကိုလည်း ရှင်းကြသည်။ ပစ်ကျင်းပေါင်း ရာ ကျောက်တူး၍ ခုခံရန်ပြင်ထားကြ၏။ သို့ရာတွင် အမြောက် နှင့်ပစ်ကတည်းက ရန်သူများ အရှေ့မြောက်ရှိ နမ့်မလွေ ချောင်းဘက်သို့ ဆင်းကုန်ကြ၏။ အမြောက်မှန်၍ အသေ ခံရန် အစီအစဉ်မရှိထင်ပါ၏။ သူတို့၏ပင်မအဖွဲ့ကြီး ကလည်း ကျွန်တော်တို့ လွယ်မွေတွင် စုဖွဲ့ကတည်းက အကယ်တိုက်တော့ မည်ဆိုသည်ကို သိကြ၍ ဝမ်ကျင်း ဆန်တောက်သို့ အပြေးအလွှား ကူးသွားကြောင်း သတင်း ရသည်။

ယခုကျန်ခဲ့သည်မှာ နောက်ချန်အင်အား တစ်ရာ ခန့်သာ ဖြစ်၏။ ထိုတစ်ရာခန့်က ခံစစ်ဆင်ကျန်နေခဲ့ကြပြီး ကျန်တာထွက်ပြေးကုန်ကြပြီ။

အသူရာတွေ တိုက်ရဲတယ်ဆိုတာ ဘယ်မှာလဲ။ ဒီမှာတော့ အသေခံပြီး မတိုက်ကြပါလား။

နေ့လယ်၌ တိုက်ပွဲ လုံးဝပြီးသွား၏။ ကျိုင်းတုံ ဗျူဟာမှူးကြီးက သိမ်းဆည်းရမိ တောင်ကြောကို၌

www.burmeseclassic.com



စစ်ကြောင်းတစ်ကြောင်းအား ခေတ္တ စခန်းထိန်းတာဝန်ယူစေ၏။ မကြာမီ မိုင်းယောင်းဗျူဟာမှ တပ်များ လာရောက်လဲလှယ်ပေးမည်ဟု ဆို၏။

အသူရာတို့သည် ဝမ်ကျင်းဆန်တောက်ကို နှင်းခုံပြုလုပ်၍ မိုင်းယောင်း၊ လွယ်မွေနှင့် မိုင်းဖြတ်တစ်ခုခုအား တိုက်ခိုက်ရန် စီမံထား၏။ ယခု တရုတ်ဖြူတောင်ကြောကြီးသို့ ဝင်ရောက်နေရာယူခြင်းမှာ ထိုစီမံချက်အပိုင်း (၁) ဖြစ်၏။ အပိုင်း (၁) အား ဦးနှိမ်လိုက်သဖြင့် စီမံချက်ပျက်သွား၏။ သူတို့၏ဌာနချုပ်မှာ မိုင်းမမိုင်းလား ဖြစ်၏။ မိုင်းမမိုင်းလားတွင် သူတို့၏သင်တန်းကျောင်းများ၊ အိမ်ထောင်သည် တန်းလျားများ၊ ဌာနချုပ်ရုံးများ ရှိပေသည်။ တစ်ဖက်နိုင်ငံ ကျိုင်းလော ခေါ် တာလောကြီးနှင့် နယ်မြေတစ်ဆက်တည်းဖြစ်ကြ၏။ ဟိုဘက်မှ သူတို့လိုအပ်တာအကုန်နီးပါးရ၏။ ဆက်သွယ်ရေးလမ်းကြောင်းများကလည်း ကောင်းပေသည်။ ထို့ကြောင့် အသူရာတို့၏ ကော်တပ်မဟာ အလွန်စွာနေခြင်း ဖြစ်၏။ ဒီပွဲမှာတော့ ကော်တပ်မဟာ မစွာနိုင်တော့ပါ။ မောင်သက်ဦးပါလာမှ ချာသွားသလားတော့ မသိ။





**တိုက်ပွဲနောက်ပိုင်းဆောင်ရွက်ချက်များ**

တရုတ်ဖြူတောင်ကြီးကို သိမ်းပြီးတော့ နောက်ရက်တွင် ကျွန်တော်တို့ တပ်ရင်း ၂ ရင်း၊ နှစ်ခွဲလျှော့ကို အထက်ဌာနမှ လွယ်မွေကို ပြန်ဝင်ခိုင်းသည်။ လောလောဆယ် ထောက်ကြန့်တပ်ရင်းမှ တပ်ခွဲ ၂ ခွဲ၊ တရုတ်ဖြူတောင်ကြီးတွင် ကျန်ခဲ့မည်။ သူတို့အား တစ်ပတ်အတွင်း မိုင်းယောင်းဗျူဟာမှ လာလဲပေးမည်ဆို၏။ သူတို့တပ်ရင်း ဘယ်လိုတိုက်ပွဲဝင်ခဲ့သည်ဆိုသည်ကို အသေးစိတ် မသိရပါ။ ဤတိုက်ပွဲကြီးတွင် ကျွန်တော် ပါဝင်သည်ဆိုသော်လည်း အမြောက်လုံခြုံရေးယူနေရသဖြင့် ဘာမျှဟုတ်တိပတ်တိ မသိပါ။ တရုတ်ဖြူတောင်ကြီးပေါ်သို့လည်း ကျွန်တော် မတက်ခဲ့ရပါ။ လူချင်းတွေ့မှ သူတို့ ဘယ်လိုတိုက်သွားကြသည်ဆိုသည်ကို မေးကြည့်ရပါဦးမည်။ ထို့ကြောင့် ဤတိုက်ပွဲကြီးနှင့် ပတ်သက်၍ ကျွန်တော့်တွင် ပြောစရာများများ မရှိပါ။ အသွားတုန်းကလည်း နောက်က၊ အပြန်လည်း နောက်က ဖြစ်သည်။ သို့ရာတွင် တိုက်ပွဲနေရာမှ လွယ်မွေသို့အပြန်တွင်ကား ကျွန်တော့်စိတ်ကို ထိခိုက်ခံစားစေသည့် အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်မှာ အောက်ပါအတိုင်း ဖြစ်ပါ
သည် ခင်ဗျား။

ရဲဘော်သားစားကြသူများအကြောင်း

ယအပေါင်း ၁ ရက်တွင် တရုတ်ဖြူတောင်ကြီး
ကျွန်တော်တို့တပ်များ ပြန်လည်ထွက်ခွာလာကြ၏။

အလာတုန်းက နှင်းဖွဲဖွဲကျနေသလို ယခုအပြန်
တွင်လည်း နှင်းများဖွေးဖွေး လှုပ်အောင်ကျနေပါသည်။
နှစ်ရက်ခရီးကို ဗျူဟာမှူးကြီးက တစ်ရက်တည်း အရောက်
ပြန်ရန် ညွှန်ကြားသဖြင့် တပ်အားလုံး အပြင်းချီတက်ကာ
Run Through ဆွဲကြရတော့၏။ ထိုအခါ မလိုက်နိုင်သည့်
လူ၊ လား၊ မြင်းများ တဖြည်းဖြည်း များလာပြီး နောက်ဆုံး
ကလိုက်သည့် ကျွန်တော်၏ တပ်ခွဲ၌ လာရောက်စုံ
လေတော့သည်။

လူတွေတောင် နားချိန်၊ စားချိန်မရခဲ့ရာ လားတွေ
အတွက်လည်း ရေသောက်ချိန်၊ အစားစားချိန် ရမယ်
မထင်ပါ။ ဘာပဲဖြစ်ဖြစ် အရောက်ချီတက်ဆိုတော့ ရောက်
အောင်ချီတက်ရမည်သာ ဖြစ်ပါ၏။ အမိန့်သည် အမိန့်





သာပဲ။

ည ဆယ့်တစ်နာရီထိုး၍ ကျွန်တော်၏ တပ်ခွဲသည်
နောင်လုံသို့ ရောက်သည်။ နောက်ထပ် ၆ မိုင်ခန့် သွား
လျှင် လွယ်မွေရောက်ပါမည်။ ပို့ဂိုင်က လွယ်မွေကို စရောက်
ပြီဟု စက်များမှ ကြားနေရ၏။ ကျွန်တော်ကား ကျည်
ဆန်သယ်သည့် လား၊ မြင်း အကောင်တစ်ရာကျော်ဖြင့်
ဒုက္ခများနေ၏။ လွယ်မွေရောက်သည့်တပ်များက ကျိုင်း
တုံဘက် ဆက်ဆင်းကြရမည်ဆို၏။

လား၊ မြင်းများခမျာ ခရီးကြမ်းကို တစ်ရက်တည်း
မိုင် ၂၀ ခန့်ချီတက်လာရသဖြင့် အချို့မှာ ပင်ပန်းလွန်း၍
သေဆုံးကြရှာလေသည်။ A.T ခေါ် Animal Transport
ခန့်တင်တပ်က လား၊ မြင်းများသာမကပဲ ဒေသန္တရ လား၊
မြင်းများကိုလည်း သုံးရ၏။ လားထိန်းများမှာလည်း အရှေ့
မြောက်မှ ဆင်းလာသူ ရှမ်းတရုတ်များသာဖြစ်ကြ၏။ ယခု
ကျွန်တော်တို့နှင့် လိုက်ပါလာသူမှာ ဦးဝင်းမောင် ခေါ်
ကိုးကန့်ကြီးဖြစ်၏။ သူသည် လွန်ခဲ့သည့်နှစ်အနည်းငယ်
ကပင် ကျိုင်းတုံသို့ ရောက်ရှိနေပြီး ကျွန်တော်တို့ တပ်
မတော်နှင့် လက်ရည်တစ်ပြင်တည်း လက်တွဲဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



နေသူပင်။ သေတူရှင်ဖက်ဖြစ်၏။

"ဗိုလ်ကြီးရေ ... ကျုပ်လားတွေတော့ ပါအောင် ဝိုင်းကူဦးနော်"

ခရီးစဉ်အစက ကျွန်တော့်အား သူပြောဖူးသည်။ ကျိုင်းတုံမှာရှိနေစဉ်ကလည်း သူနှင့် ခင်မင်ရင်းနှီးသဖြင့် သူ့အိမ်သို့သွား၍ စားဖူးသောက်ဖူးသည်။ ထို့ကြောင့် ကျေးဇူးရှိသည်။ သူ့လားတွေ မကျန်ခဲ့ရအောင် ဝိုင်းပြီး ဖေးမပေးရသည်။

"တပ်စုမှူးတွေ လားတွေမကျန်စေနဲ့နော်"

အရာရှိများကိုလည်း မှာရသည်။ မမှာလို့က မ... လားများကလည်း ဘဲငန်းများလိုဖြစ်၏။ ရှေ့ကအကောင် သွားလျှင် သွားသည်။ ရှေ့ကအကောင် စားလျှင်စားသည်။ ထို့ကြောင့် လားထိန်းများက ရှေ့ဆုံးက ခေါင်းဆောင် လား ကိုသာ ဇကောင်းစွာထိန်းရ၏။ ထိုအကောင်ကို နိုင်လျှင် ကျန်အကောင်များ ထိန်းရန် မခက်ခဲတော့ပါ။

လားများသည် အစာငတ်၊ ရေငတ်ဒဏ်ခံနိုင်၏။ ဝန်များကို အခြားတိရစ္ဆာန်များထက် ပိုသယ်နိုင်၏။ မိုးဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်၏။ မညည်းတတ်၊ မညူ





တတ်၊ နိုင်းတာ အကုန်လုပ်သည်။ အလွန် သနားစရာ ကောင်းလှ၏။

လားတွေမကျန်စေနဲ့နော်ဆိုမှ လား သုံးလေး ကောင်ပျောက်၍ လားထိန်းများနှင့် တပ်ခွဲမှ စစ်သည်များ ပြန်ရှာကြသည်။ တစ်နာရီခန့်ကြာတော့ အားလုံးပြန်ရောက် လာ၏။ လားများ ပါမလာတော့။

"ဟော့ ... လားတွေရော"

လားတွေအစား သူတို့ကို ဖျက်ပြီးယူလာသည့် အသားတွေသာ ပါလာတော့၏။

"မင်းတို့ ဒါဘာလုပ်တာလဲ"

"လားတွေ အမောဆို့ပြီး သေကုန်လို့ လားထိန်း တွေက ထားခဲ့ရမယ့်အတူတူ ယူချင်ယူပါဆိုလို့ အသား ဖျက်ယူလာတာပါ တပ်ခွဲမှူး"

ကျွန်တော်သည် ရဲဘော်များအပြောကို နားထောင် ပြီး ဒေါသအမျက်ချောင်းချောင်း ထွက်သွားသည်။ လား များမှာ ဝန်လေးများကိုသယ်ဆောင်၍ စစ်သည်များကဲ့သို့ ဝင်ပင်ပန်းပန်း စစ်ဆင်ရေးတာဝန်ထမ်းပြီးခါမှ သေဆုံး၍ အသားကို ဖျက်စားခံရပါက လွန်စွာတရားမည် မဟုတ်ပါ။

www.burmeseclassic.com



"ဟော့ကောင်တွေ ... လားတွေဟာ မင်းတို့ ငါတို့လိုပဲ တိုက်ပွဲဝင်ရဲဘော်တွေကွ။ ဒီငါတို့နဲ့ ဇာတ်ရူ သား ငါ မစားဘူး။ မင်းတို့စားချင်စား ငါ့လာမကျွေးနဲ့ သွားကွာ ... ယူသွားကြ"

"တပ်ခွဲလဲ ထွက် ... အမြန်ထွက်။ ကျိုင်းတုံကို ဆက်သွားဖို့ရှိနေတယ်"

ကျွန်တော်သည် တိုက်ပွဲစဉ်တစ်ခုလုံး ဘာမျှမဖြစ် ပါဘဲလျက် လားသေများ ဖျက်ပြီး ယူသည့်ကိစ္စကြောင့် ဒေါသပေါက်ကွဲပြီး အတော်လေး စိတ်ကသိကအောက် ဖြစ်သွား၏။

ကျွန်တော်တို့ တပ်မတော်တွင် ဝန်တင်တိရစ္ဆာန် များထဲ၌ လားနှင့် မြင်းသည်သာ ခဲရာခဲဆစ် သွားနိုင် လာနိုင်ပြီး အသုံးဝင်ဆုံးဖြစ်၏။ မိုးဒဏ်၊ လေဒဏ် ရာသီဥတုဒဏ်ခံ၏။ နွား၊ ကျွဲ စသည်တို့က လားလို နေရာတကာ မသုံးနိုင်ပါ။ ဆင်လည်း သုံးရန်မလွယ်ပါ။ ထို့ကြောင့် လား၊ မြင်းများကို ရဲဘော်ရဲဘက်လို သဘော ထားပါသည်။ လေးစားချစ်ခင်ရပါသည်။ ထို့ကြောင့် ကျွန်တော်ချစ်သော ရဲဘော်အသားကို စားသဖြင့် ဒေါသ





မိခြင်းဖြစ်၏။ ထိုဒေါသက ည တစ်ချက်တီး လွယ်မွေ ရောက်မှပင် အတန်ငယ် ပြေပျောက်သွားတော့၏။ လွယ်မွေ တွင် အသင့်စောင့်နေသည့်ကားများဖြင့် တိုက်ပွဲဝင်တပ်များ အားလုံး ကျိုင်းတုံသို့ ပြန်လည်ထွက်ခွာသွားကြတော့၏။ ကျွန်တော့်တပ်ခွဲသာ လွယ်မွေအရန်မို့ ကျန်ခဲ့သည်။

"ကဲ ... ဗိုလ်ကြီးသက်ဦးရေ သတိဝီရိယနဲ့သာ ကျန်ခဲ့ပေတော့။ လိုတာလည်းမှာ"

ဟု တပ်ရင်းမှူးကြီးက ပြောသွား၏။ လွယ်မွေတွင် လေးငါးလတော့ နေရပါလိမ့်မည်။ စစ်ကြောင်းကြီး ထွက် သွားမှ ဟင်းချကာ အိပ်နိုင်တော့၏။

ယခုတိုက်ပွဲ၌ လက်နက်ကြီးကျည်များကို လား၊ မြင်းများ မလုံလောက်၍ အဆင့်အတန်းအားလုံး တစ် ယောက်တစ်တောင့် သယ်ရသည်။ ကျည်တစ်တောင့် ဆယ့်လေးငါးပေါင် လေးသည်။ ပေါင် ၆၀ ကျောပိုးအိတ် သာမက အပိုဆယ့်ငါးပေါင်ခန့် လူတိုင်းသယ်ရသည်။ ပစ္စတိုနှစ်လက်ချိတ်ထားသည့် ကျိုင်းတုံ ဗျူဟာမှူးကြီး ကိုယ်တိုင်ပင် အရန်ကျည်တစ်တောင့်သယ်သည်။ အရပ် ခပ်ပြတ်ပြတ်၊ ဗလကောင်းကောင်း ဗျူဟာမှူးကြီးက



www.burmeseclassic.com

www.burmeseclassic.com



စစ်အကျီရှည် ပင့်တင်ပြီး ကျည်တောင့်ကြီးကို ပွေ့ပိုက် သယ်လာသည်။ ကျွန်တော်တို့တပ်ရင်းက အရာရှိများ လည်း တစ်ယောက်တစ်တောင့် သယ်ရသည်။ ကျွန်တော် လည်း ၇၅ မီလီမီတာ ကျည်တစ်တောင့် သယ်ရ၏။ ပွေ့လိုက်၊ ပခုံးပေါ်ထမ်းလိုက်နှင့် မပါပါအောင် သယ်ရ၏။ ရေတပ်မောင်ဘွဲ့ရထားသည့် ကျွန်တော်တို့ တပ်ရင်းမှူး ကြီးကမူ သူ့ခွဲတမ်းကျည်တောင့်အား မွေးကင်းစကလေး ပွေ့သလို ပွေ့လာ၏။ မြင်သူအားလုံး ပြုံးကြရသည်။

ကျည်ဆန်မလုံလောက်၍က မဖြစ်။ လက်နက် ဟူသည် ကျည်ဆန်မရှိပါက တုတ်သာတည်း။

လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ကွန်လုံ ရက် ၄၀ တိုက်ပွဲ၌လည်းကောင်း၊ ၁၉၇၈ ခုနှစ်က နောင်လိုင် ပါဖန်တိုက်ပွဲ၌လည်းကောင်း၊ မကြာသေးမီက ပြုလုပ်ခဲ့ သည့် မင်းရန်အောင် စစ်ဆင်ရေး၌ ရရှိခဲ့သည့် ရောင် ခေါက် ပန်မကောက် စခန်းသိမ်းတိုက်ပွဲကြီးများတွင် သော်လည်းကောင်း၊ ကျွန်တော်တို့သည် ဤအမြောက် လက်နက်ကြီးများကို စနစ်တကျ အသုံးပြု၍ ရန်သူကို တုန်လှုပ်ချောက်ချားစေပြီး အောင်ပွဲရခဲ့၏။





ယခုလည်း ရန်သူကို တုန်လှုပ်ချောက်ချားအောင် ဘ်နိုင်ခတ်နိုင်ရန်အတွက် ကျည်ဆန်အလုံအလောက် သယ် သာရခြင်းပါပေ။ ထိုကျည်ဆန်များကို အဓိက သယ်ခဲ့သူ များကား လား၊ မြင်းများသာတည်း။

ထိုညက ကျွန်တော်သည် ကျည်ဆန်တွေသယ်ပြီး ာရွေ့ရွေ့သွားနေသည့် သနားစရာ လားတန်းကြီးကို မြင် ယောင်ရင်း စိတ်မကောင်းဖြစ်ပြီး မိုးလင်းခါနီးမှ အိပ်ပျော် သွားတော့၏။

ဩော် ... စစ်ဆိုတာကတော့ သွေး၊ ချွေး မျက်ရည်တွေ ကျရတဲ့အမျိုးပါပဲလေ။

### နိဒုံးချုပ်မော်မြချက်

ဤဝတ္ထုကို ဤနေရာတွင် အဆုံးသတ်မည်ဆိုက သတ်၍ရပါပြီ။

သို့ရာတွင် ပြောစရာလည်း နည်းနည်းကျန်ပါ သည်။

ပြီးခဲ့သည့်နှစ်ကဖြစ်ပါ၏။ မနက်ပိုင်း အိမ်ရှေ့တွင် ကျွန်တော် စာထိုင်ရေးနေသည်။ ဆလွန်းကားတစ်စီး ထိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်လာ၏။

"ဟော့ ... စာရေးဆရာကြီး ဘာတွေလုပ်နေလဲ"

"ဟာ ... ဗိုလ်မှူးကြီးခင်မောင်ညို ပါလား။ လာပါခင်ဗျာ ... ထိုင်ပါ"

"ခင်ဗျားရေးတဲ့ ဝတ္ထုတွေ မကြာခဏ ဖတ်ရတယ်ဗျာ။ ခင်ဗျားက ကျိုင်းတုံနဲ့ မိုင်းယောင်းအကြောင်းတွေချည်းပဲ ရေးနေတာ။ စစ်တိုက်တဲ့ကိစ္စထက် လမုန်းပွဲတွေအကြောင်းရေးတာ ပိုသဘောကျတယ်ဗျာ။ အဲဒါလေးတွေဖတ်ပြီး အားလည်းအားနေတာနဲ့ စကားနည်းနည်းပါးပါး ပြောရအောင် လာခဲ့တာပဲ"

ပြောတော့မှာပေါ့ခင်ဗျာ။

တစ်ရံရောအခါက သူသည်လည်း လမုန်းကျွမ်းသည်ဟု နာမည်ကြီးပြီး **လမုန်းပွဲဆို ခင်မောင်ညို**ဟု အမည်ရခဲ့ဖူးသည်ဟု ကြားဖူးပါသည်။

"ရပါတယ်ခင်ဗျ။ ဗိုလ်မှူးကြီးခင်မောင်ညို ပြောချင်တာပြောပါ ခင်ဗျ"

"ပထမတစ်ခုက ကျွန်တော် မေးမလို့။ ခင်ဗျား ဒါတွေ ဘယ်လိုမှတ်မိသလဲ"





"ကျွန်တော်က မှတ်တမ်းစာအုပ် Diary ထားပြီး နေ့တိုင်းမှတ်ထားပါတယ်ခင်ဗျ"

"သြော် ... ဒါကြောင့်ကိုး"

"ခင်ဗျားစာအုပ်တွေ အတော်ထွက်တယ်နော်"

"ဟုတ်ပါတယ်"

"ကျွန်တော်နဲ့ လွယ်မွေအရှေ့ဘက် သွားခဲ့တဲ့ အကြောင်းရော ရေးဖြစ်သေးလား"

"နည်းနည်းတော့ ရေးဖြစ်ပါတယ်။ အပြည့်အစုံတော့ မရေးဖြစ်ပါဘူး။ ကျွန်တော့်ရဲ့စစ်သားဘဝ အမှတ်တရများတွေထဲမှာ အနည်းအကျဉ်းပါပါတယ်"

"အေးဗျာ ... အဲဒါလေးကြုံရင် ရေးစမ်းပါဗျာ။ အမှတ်တရကျိုင်းတုံ အလွမ်းပြေလေးပေါ့"

"ဟုတ်ကဲ့။ အဆင်ပြေတဲ့အခါ ရေးပါ့မယ်ခင်ဗျ"

ဗိုလ်မှူးကြီးခင်မောင်ညိုသည် အမြောက်တပ်တွင် တပ်ရင်းမှူးဖြစ်ပြီးမှ နဝတအစိုးရလက်ထက်တွင် သက်ပြည့်အငြိမ်းစား ယူခဲ့သည်။ သားတွေသမီးတွေပင် လူကြီးများ အိမ်ထောင်သည်များ ဖြစ်နေကြပေပြီ။ အစ်မကြီး ဒေါ်ကစ်တီနှင့် သူပါ အသက် ၇၀ ကျော် ၈၀ တွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သို့ရာတွင် လူကမူ သွက်သွက်လက်လက် ဖျပ်ဖျပ် လတ်လတ်နှင့် တကယ့်လူငယ်လူရွယ်လေးပုံပါပေ။

တရုတ်ဖြူတောင်ကြီးကို တိုက်ခဲ့စဉ်က ညစာ မစားမိ အာမီရမ်လေး တစ်ခွက်တစ်ဖလား သူနှင့်အတူ သောက်ခဲ့၏။ ထို့ကြောင့် ယခု ပြန်ဆုံတော့ ယမကာလေး များ မှိဝဲပါသေးသလားဟု မေးမိသည်။

“ထမင်းမစားခင် ၂ ပက်တော့ သောက်သေး တယ်ဗျာ။ အပန်းပြေ အငြိမ်းပြေပေါ့”

ဟု ဖြေလေသည်။

“အဲဒီတုန်းက ဗိုလ်မှူးကြီးရဲ့အမြောက်တွေ ကျည် ကျကောင်းတယ်လို့ တက်တိုက်တဲ့တပ်က ပြောပါတယ်။ တပ်ရင်းမှူး ဗိုလ်မှူးကြီးတင့်ဝေအေးက တစ်ခါတုန်းက ကျွန်တော့်လက်နက်ငယ် နည်းပြပါ။ သူက လက်နက်ကြီး တွေအကြောင်းလည်း ကောင်းကောင်းသိပါတယ်။ သူ လည်း အမြောက် အံကဲကြည့်တတ်ပါတယ်”

“ကျွန်တော်နဲ့လည်း ရင်းနှီးပါတယ်”

“ရန်သူကလည်း အမြောက်ကြောင့် ဆုတ်ခြေ ကြတာပါ။ သာမန်ခြေလျင်တပ်နဲ့ချည်းဆိုရင်တော့ ခြေ





မှာ မဟုတ်ပါဘူး။ ကျွန်တော်လည်း ဗကပအကြောင်း အတော်သိထားပါတယ်။ ဗိုလ်မှူးကြီး ပြောင်းသွားပြီး ဗိုလ်မှူးကြီးဘဉာဏ်ရောက်တော့ ကျွန်တော် ဂျိုတူး တစ်နှစ် လောက် လုပ်လိုက်ရတော့ ဒါတွေ ပိုသိသွားတာပေါ့ ဗိုလ်မှူး ကြီးရယ်။ အဲဒီမှာ ဂျိုတူးနဲ့ စိမ်ချက်တွေရေးပြီး ခဏခဏ ထိုးဖောက်တွေလုပ်ရတာ။ ထိုးဖောက်တွေမှာ လက်နက် ကြီးမပါလို့ကတော့ ကွဲတာပဲ။ ယန်းကောင်ထိုးဖောက်မှာ ဗိုလ်မှူးကြီးကြည်ဝင်း ကျသွားတာပဲလေ”

“ဟုတ်ပါတယ်”

“အသက်ကြီးလို့ အရှေ့မြောက် ရောက်သွားတော့ သည်း ဒီအတိုင်းပါပဲ။ ရန်သူက အမြောက်မပါရင် ကြောက်ပါဘူး”

“ဟုတ်ပါတယ်”

သူနှင့်ကျွန်တော်သည် တစ်နာရီကျော် ထွေရာ လေးပါးပြောဆိုပြီးနောက် ပြုံးပြုံးရွှင်ရွှင်ဖြင့် နှုတ်ဆက်ကာ ပြန်သွားတော့၏။

သူပြန်သွားမှ ၁၉၈၂ ခုနှစ် သို့မဟုတ် လွန်ခဲ့သည့် အနှစ် ၃၀ ကျော်က လွယ်မွေအရှေ့ဘက်ရှိ ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



စခန်းအား အမြောက်ပစ်ကူဖြင့် တိုက်ခဲ့သည့် ညတိုက်ပွဲကြီးအကြောင်းကို တစိမ့်စိမ့်တွေးကာ သတိရနေမိပါသည်ခင်ဗျား။

(ကိုယ်တိုင်ပါဝင်ခဲ့သည့် ၁၉၈၂ ခုနှစ် လွယ်မွေအရှေ့ဘက်က တရုတ်ဖြူတောင်တိုက်ပွဲကို ပြန်လည်ခံစားရေးဖွဲ့ပါသည်။)

❖



## သူခိုးသိန်းဖေကို အသေရမိခဲ့စဉ်က

ညတိုက်ပွဲများအကြောင်း ရေးဖြစ်တော့ ဒုတိယဗိုလ်ဘဝက ကြုံတွေ့ခဲ့ဖူးသော ညတိုက်ပွဲလေးတစ်ခုကို သွား၍သတိရမိသည်။ ဗိုလ်သင်တန်းဆင်းလျှင် ဆင်းချင်း Mother Unit တပ်ရင်းတွင် ငါးနှစ်ခွဲ၊ ခြောက်နှစ် နေခဲ့ရသည်။ တပ်ရင်းတွင် ၂ နှစ်ခွဲ ကမမောင်းတွင်သုံးနှစ်၊ ကျောင်းဆင်းဆင်းချင်း တပ်ရင်းရောက်သွားသည်။ တစ်နှစ်ကျော်ကြာတော့ ကမမောင်းကို ပြောင်းရသည်။



www.burmeseclassic.com

ကမမောင်းတွင် ရှိနေသော ယခင်ခြေလျင်တပ်ရင်းက အထက်က ဘီးလင်းသို့ ရွှေ့လိုက်၏။ ထိုအခါ သူတို့နေရာသို့ ကျွန်တော်တို့ တပ်ရင်းမှ တပ်ခွဲနှစ်ခွဲ ပို့လိုက်သည်။ ဒုတိယရင်းမှူးနှင့် နှစ်ခွဲ ကမမောင်းဒေသ တာဝန်ယူရသည်။ တစ်ခွဲက ကတိုင်တိ ရေပူလမ်းကြောင်း လုံခြုံရေး တစ်ခွဲက ကမမောင်းမြို့ လုံခြုံရေးတာဝန်ယူရ၏။

ကျွန်တော်တို့ ကမမောင်း ရောက်သွားချိန်၌ ကမမောင်း ဒေသတစ်ဝိုက်တွင် နာမည်ကျော်သူခိုးတော်ပြားတစ်ယောက် အလွန်သောင်းကျန်းနေ၏။ သူသည် အခြားမည်သည့်ပစ္စည်းမှ မခိုးပါ။ သေနတ်သာ ခိုးပါသည်။ သံလွင်မြစ်ရိုးတလျှောက် ဟိုမော်လမြိုင်မှသည် ကမမောင်းအထိ သူ့လက်ချက်မမိဘူးသည့် တပ်မတော်စခန်း ရဲစခန်း၊ ပြည်သူ့စစ်စခန်းဟူ၍ မရှိခဲ့ပါ။ သူသည် သေနတ်များခိုးရာတွင် သာမန်ရိုးရိုးခိုးခြင်းမဟုတ်၊ အိပ်မွေ့ချသည့် သူခိုးဂါထာများ မန်းမှုတ်၍ ခိုးသည်ဆို၏။ ကျွန်တော် ရောက်စ ၁၉၆၇ ခုနှစ် ဇန်နဝါရီမှ ယခု ၁၉၆၈ ခုနှစ် နွေဦးပေါက်သည်အထိ လက်နက်အလက် လေးငါးခြောက်ဆယ်၊ ခုနှစ်ဆယ် သူ ခိုးသွားခဲ့သည်။





ယခု ဖော်ပြလတ္တံ့သော ဝတ္ထုကလေးမှာ ထိုသူခိုးကို ကျွန်တော်တို့တပ်မတော်က ညတိုက်ပွဲကလေးဆင်နွှဲပြီး အမိဖမ်းသည့်ဖြစ်စဉ်ဖြစ်ပါ၏။ သူ့အား ညအခါတွင် ကွန်မန်ဒိုနည်းသုံး၍ သွားဖမ်းရခြင်းဖြစ်သည်။ သူ့အား နယ်နယ်ရရမဟုတ်။ ရှိန်းဆာယာပိုမောက်၍ ကိုယ်ပျောက်သည်ဟူ၍လည်း နာမည်ကြီးနေသူဖြစ်၏။ ထို့ကြောင့် သူ့အား ကျွန်တော် အလွန်အမိဖမ်းချင်ပါသည်။ သို့ရာတွင် သူ့ကို ကျွန်တော် မဖမ်းလိုက်ရပါ။ ကျွန်တော့်တပ်ခွဲမှူးက ကျွန်တော် သင်တန်းသွားတက်နေချိန်တွင် ကျွန်တော် လေ့ကျင့်ပေးထားသော ကွန်မန်ဒိုတပ်စုဖြင့် ရအောင် စွမ်းဆောင်နိုင်ခဲ့၏။

ထို့ကြောင့် ဤဝတ္ထုကလေးမှာ ကွန်မန်ဒိုဆိုသော်လည်း ရပါ၏။ သို့ရာတွင် ညတိုက်ပွဲအကြောင်းရေးတော့ ညမှာ သူ့ကို လက်စတုံးချေမှုန်းနိုင်ခဲ့သဖြင့် ညတိုက်ပွဲတွင် ထည့်သွင်းလိုက်ပါသည် ခင်ဗျား။ ဤနေရာတွင် ပြောစရာလေးတစ်ခု ကျန်နေပါသေးသည်။ သူ၏နာမည်ကား သိန်းဖေဟု ခေါ်ပါသည်။ သူခိုးသိန်းဖေဟု ခေါ်ကြပါစို့ ခင်ဗျာ။ သိန်းဖေနှင့် ကျွန်တော်တို့ မည်သို့

www.burmeseclassic.com



မည်ပုံ စပ်ဆိုင်လာသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် ခင်ဗျား။

**သိန်းဖေဆိုတာ ဘယ်သူလဲ**

အချိန်က ၁၉၆၈ ခုနှစ်၊ နွေကာလ၏ တစ်ခု သောနံနက်ခင်း။

နေရာက ကရင်ပြည်နယ်၊ ကမမောင်းမြို့ကလေး၌ ကျွန်တော်တို့ တပ်စခန်း။

ကျွန်တော်တို့အားလုံး စခန်းရုံး၌ နံနက်တိုင်း ပြုလုပ်နေကျအစည်းအဝေးအတွက် ပြင်ဆင်လျက်ရှိ၏။

''ပေပင်ဆိပ်ရဲကင်းက သေနတ်တွေ ညက သိန်းဖေ ခိုးသွားတာ အကုန်ပါသွားပြီတဲ့''

ထောက်လှမ်းရေး တပ်ကြပ်ကြီးက ထိုသတင်းကို အစည်းအဝေးတက်မည့်သူများ အားလုံးကြားအောင် ပြော လိုက်သည်။

ထိုသတင်းသည် တောမီးပမာ တစ်မနက်ခင်းမှာ ပင် သံလွင်မြစ်ရိုးတစ်လျှောက်၌ ပျံ့နှံ့သွားလေသည်။

''တို့စခန်းတွေ အကုန်လုံးလည်း သတိပေးလိုက်





ဘော့။ သိန်းဖေကို သတိထားလို့''

အစည်းအဝေးမှာပင် တပ်ခွဲမှူးက ကျွန်တော် တို့အား အထက်ပါအတိုင်း ပြောပေ၏။

ယခုတစ်လော ကျွန်တော်တို့ လက်နက်ကိုင် အဖွဲ့အစည်းများ လောကတွင် သေနတ်ခိုးသည့် သူခိုး သိန်းဖေကို အထူးဂရုစိုက်နေကြ၏။ ဟိုနေရာမှာလည်း သိန်းဖေ၊ ဒီနေရာမှာလည်းသိန်းဖေ ဖြစ်နေသည်။

သိန်းဖေသည် မနှစ် နှစ်ကုန်ခါနီးမှစ၍ ကျွန် တော်တို့အား စတင်ဒုက္ခပေးလာသည်။ အစပထမ ဟိုရွာဒီရွာက ပြည်သူ့စစ်များ၏ သေနတ်များကို ခိုးသည်။ တစ်စတစ်စ အတင့်ရဲလာပြီး ရဲကင်းများက သေနတ် များကိုပါ ခိုးလာတော့၏။ ထို့မှတစ်ဆင့် တပ်စခန်း Out Post များက မောင်းပြန်သေနတ် တစ်လက်စ၊ နှစ်လက်စ တိုပါ ရအောင်ခိုးလာ၏။

ထိုအခါ သိန်းဖေ နာမည်ကြီးလာတော့၏။ သိန်းဖေကိုသတိထားရန် ကြေးနန်းတစ်တန်၊ စာတစ်တန် ထုတ်ရတော့သည်။

''နေပါဦး ... ဒီသိန်းဖေဆိုတဲ့ကောင်က ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကဘယ်လို ရောက်လာတာလဲ။ ဘယ်ကကောင်လဲ''

''ဒီက ခိုးသွားတဲ့ သေနတ်တွေကိုရော ဘာသွားလုပ်သလဲ။ ဘယ်သူ့သွားပေးတာလဲ''

ထိုစကားကို ကျွန်တော်တို့ ကမမောင်း တပ်စခန်းတွင်ရှိနေကြသည့် စစ်သည်အချင်းချင်း မေးကြမြန်းကြခြင်းဖြစ်၏။

သိန်းဖေသည် မနှစ်ကနှင့် ယခုနှစ်စအထိ ကျွန်တော်တို့ သံလွင်မြစ်ရိုးတစ်လျှောက်ရှိ လက်နက်ကိုင်တပ်ဖွဲ့အားလုံးကို အနေအစားပျက်အောင် ကောင်းကောင်းဒုက္ခပေးခဲ့ချေသည်။

''သိန်းဖေက ဘယ်ကလဲ''

''သိန်းဖေက ဒီသံလွင်မြစ်ထဲက ကော့လုံကျွန်းသားပဲ''

''ဒီက သေနတ်တွေကို ရသွားတဲ့အခါ သူ ဘာလုပ်သလဲ''

''ဘာလုပ်ရမှာလဲ။ သူ့အပေါင်းအသင်းတွေ သွားပေးတာပေါ့''

''ဘယ်သူတွေလဲ''





''KNU တွေလေ''

''ဪ''

''သေနတ်တစ်လက်တစ်လေ ခိုးတာတော့ ရပါတယ်။ ဒါပေမယ့် သေနတ်တွေ အကုန်ပါအောင် ခိုးသွားနိုင်တာကတော့ အံ့သြစရာပဲ။ ဘယ်လိုခိုးတာတဲ့လဲ''

''သိန်းဖေက သာမန်တော့ မဟုတ်ဘူး။ ဟိုးအရင်ကတည်းက လက်စလက်နရှိတယ်။ ထောင်လည်းကျဖူးတယ်။ အခုဟာ ဒီကောင် မော်လမြိုင်ထောင်က လွတ်လာပြီးမှ အစွမ်းကပြတော့တာတဲ့''

''ဪ''

''သူ့မှာ ကြောင်ဆေးထိုးတာရော၊ အိမ်မွှေ့ချတဲ့ ဂါထာရော ရှိသလိုလိုလည်း ကြားတယ်။ မိုးလည်း မကူးဘူးတဲ့''

''ဪ''

''အဲဒါကြောင့် အခုပေပင်ဆိပ်မှာ သေနတ်တွေ အကုန်ပါသွားတယ်ဆိုပဲ''

''အင်း ... အဲဒီစခန်းက ရဲဘော်တွေတော့ ဒုက္ခပဲ။ ဒီကောင် ဒုက္ခပေးတာ မနည်းတော့ဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



သံလွင်မြစ်ရိုးက ဝတ်ကြီး၊ ဒကောင်ဘိုး၊ မိကရင်၊ ရွှေဂွန်း ပေပင်ဆိပ်၊ အတော်စုံနေပြီ။ ဒီဘက်မှာ အခွင့်မသာရင် သထုံဘက်သွားပြီး ရွှေကြည်နောင်ကတုတ်ဂွင်ထဲနဲ့ တစ်ခါတလေ ဘီးလင်းတစ်ပိုက် ရန်ကုန်–မော်လမြိုင် ကားလမ်းမကြီးက စခန်းတွေကိုတောင် ဆင်းပြီး ဒုက္ခ ပေးတဲ့ကောင်၊ ကြာကြာထားလို့ မရဘူး။ အပြတ်ရှင်းမှ ရမယ်''

ကျွန်တော်၏တပ်ခွဲမှူးက မှတ်ချက်ပြုသည်။ ဟုတ်ပါသည်။ သိန်းဖေကို အပြတ်ရှင်းမှရပါလိမ့်မည်။ သိန်းဖေခိုးခဲ့သည့် သေနတ်အလက်ပေါင်းမှာ တစ်နှစ်ခန့် အတွင်း တပ်ခွဲတစ်ခွဲစာမျှ ရှိသွားခဲ့ချေပြီ။ တိုက်ပွဲဖြစ်၍ ရန်သူ့ထံ သေနတ်ပါသွားတာတောင် ဤမျှရှိမည် မဟုတ်ပါချေ။

''ထောက်လှမ်းရေးမှူး တာဝန်ယူထားတဲ့ ဗိုလ် သက်ဦးတို့လည်း သိန်းဖေအကြောင်း ရသလောက် စုံစမ်းပါဦး''

ဟု တပ်ခွဲမှူးက ပြောသည်။

စုံစမ်းဆိုတော့လည်း စုံစမ်းရပါမည်။





ထိုနေ့က ကမမောင်းမြို့တွင်းသို့ တစ်ဦးတည်း အရပ်ဝတ်ဖြင့် ထွက်ခဲ့၏။

''လုပ်ပါဦး ဖထိဖော့ဂေနဲ့ ဦးလေးချင်းတို့''

''မိတ်ဆွေကြီး သိန်းဖေက ပေပင်ဆိပ်ကို ဒုက္ခ ပေးပြန်ပြီ။ တဖြည်းဖြည်းနဲ့ ကမမောင်းနား နီးလာပြီ။ သတင်းလေး ဘာလေး ရရင်လည်း ပေးကြပါဦး''

ကျွန်တော်သည် ကမမောင်းစခန်း ထောက်လှမ်း ရေးမှူး တာဝန်ယူထားရသူဖြစ်သဖြင့် သိန်းဖေသတင်းကို အသေးစိတ်လေ့လာရတော့၏။ ဖထီးဖော့ဂေနှင့် ဦးလေး ချင်းတို့ကား ကမမောင်းတွင် လလသသ ဆိုင်တာဝန်ခံ များဖြစ်ပြီး ကမမောင်း အရှေ့ဘက်ကမ်းမှ တခွက်ဖိုး၊ ကမော့လဲ၊ ထော့ရွဲ၊ ကော့လုံကျွန်း၊ ကော့ကရစ်ကျွန်း၊ သွစင်၊ နို့ထ၊ အုံးတော စသည့် ကျေးရွာသူ ကျေးရွာ သားများနှင့် နေ့စဉ် ထိတွေ့နေကြသူများဖြစ်၏။ ကျေးရွာ သတင်းနှင့် သောင်းကျန်းသူသတင်းကိုလည်း သူတို့ထံမှ သာ အများဆုံးရတတ်လေသည်။

ပေပင်ဆိပ်ရွာကလေးမှာ သံလွင်အနောက်ဘက် ကမ်းနံဘေး ကမမောင်းမြို့ကလေး၏ တောင်ဘက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး ကရင်ပြည်နယ်၌ ရှားရှားပါးပါး ဗမာလူမျိုးအများစု နေသည့် ရွာကလေးဖြစ်၏။ သောင်းကျန်းသူတို့ မကြာခဏ လာရောက်ဒုက္ခပေးခံရသော ရွာကလေးလည်းဖြစ်ပေသည်။ ထို့ကြောင့် ရှေးယခင်ကတည်းက ရဲကင်းစခန်း ထားရှိခြင်းဖြစ်ပေမည်။

ကမမောင်းနှင့် ပေပင်ဆိပ်မှာ ကိုးမိုင်၊ ဆယ်မိုင်မျှသာ ဝေးကွာပြီး ခြေလျင်လျှောက်က သုံးနာရီခန့် လျှောက်ရ၏။ ကြား၌ မီးဖိုင်းရွာကလေးရှိပေသည်။ မီးဖိုင်းတွင်ကား ဘာစခန်းမှ မရှိပါ။ သိန်းဖေသည် ပေပင်ဆိပ်ကို ဝင်နိုးပြီးနောက်–

“ဒီတစ်ခါတော့ ကမမောင်းအလှည့်ပဲ”

ဟု ပြောသည် ဆို၏။

“သိန်းဖေက ပေပင်ဆိပ်တော့ ပြီးပြီ။ ဒီတစ်ခါ ကမမောင်းအလှည့်ပဲလို့ ပြောသတဲ့ ဖထီးရဲ့။ သူ ပြောတဲ့ အတိုင်းဆိုရင်တော့ ဒီတစ်ခါ သက်ဦးနဲ့ သိန်းဖေတွေပြိုင်တယ် ဖထီးရေ”

ကျွန်တော်သည် ကိုယ်တာဝန်ယူထားသည့် ကာလ၌ သိန်းဖေ ဒုက္ခပေးမှာကို အလွန်စိုးရိမ်၏။





ကမမောင်း ရောက်ကတည်းက ကရင်စကားကိုလည်း ဖထီးဖော့ဂေထဲတွင် တစ်ပတ်လျှင် နှစ်ရက်၊ သုံးရက် သွား၍ သင်နေရာ လူချင်းအလွန်ရင်းနှီးနေပြီ ဖြစ်သည်။ ဦးချင်းကတော့ အထက်အညာက ဗမာ၊ အဖော်ကောင်းသဖြင့် ခြေထောက် ဖွေပါပြီး လျှောက်သွားနေရာက ကရင်ပြည်နယ်က မိန်းမနှင့်ရ၍ ကမမောင်းတွင် သောင်တင်နေသူ၊ ကရင်စကား၊ ရှမ်းစကား၊ မွန်စကား စုံအောင် ပြောတတ်သူဖြစ်သဖြင့် ကမမောင်း၌ လလသသ ဆိုင်ဘာဝန်ခံလာဖြစ်နေ၏။ သူသည် လူစုံဖြစ်၏။ ရှေးယခင်က စက်လှေလည်းလိုက်သည်။ သစ်ကန်ထရိုက်လည်း လုပ်သည်။ ဈေးဆိုင်ဖွင့်ပြီး ဈေးလည်းရောင်းသည်။ မီးသွေးလည်း ဖုတ်သည်။ ကြံသကာပေါ်ချိန်၌ ကြံသကာပွဲစားလည်း လုပ်သည်။ အငြိမ့်ပွဲ ဇာတ်ပွဲများ ပါသနာပါ၍ အခွင့်အခါသင့်သည့် အချိန်အခါများ၌ ခွဲလည်းသွင်းသည်။ ကမမောင်းက အင်ဖက်မိုးထရံကာ ဇာတ်ရုံကြီးတွင် ရုပ်ရှင်လည်း ကန်ထရိုက်ဆွဲသူဖြစ်သည်။ ထို့ကြောင့် အပေါင်းအသင်းလည်း အလွန်စုံသည်။ မိန်းမလည်း တိုင်းရင်းသူပေါင်းစုံ ယူခဲ့ပြီးပြီ။ ရှမ်း၊ မွန်၊



www.burmeseclassic.com

www.burmeseclassic.com



ကရင်၊ ပအို့၊ ယခု ယူထားသူမှာ ဗမာအမျိုးသမီး ဖြစ်သည်။ သူသည် အနီ့ထို ဟိုကိစ္စဝါသနာပါသကဲ့သို့ အပစ်အခတ်လည်း ဝါသနာပါ၏။ ထို့ကြောင့် ပြည်သူ့စစ်လည်း ဝင်လုပ်လိုက်သေးသည်။ ကျွန်တော်တို့ စစ်ကြောင်းထွက်လျှင်လည်း လိုက်တတ်သည်။

ယခု နာမည်ကြီး သိန်းဖေကိုလည်း ဟိုးရှေးယခင်ကတည်းက သူသိသည်ဆို၏။

ထို့ကြောင့် သိန်းဖေ သတင်းရရေးကိစ္စ သူ့ကိုလည်း ချဉ်းကပ်ရ၏။

"ဦးလေးချင်းလည်း လုပ်ဗျာ။ သိန်းဖေအကြောင်း သိသမျှပြောပါဦး။ **No Information, no operation** ဆိုတော့ သတင်းပလင်းလေးရမှ ဒီကောင့်ကို လိုက်လို့ရမယ် မဟုတ်လား"

ဦးချင်းသည် ကျွန်တော့်အား အညာသား ဗိုလ်ပေါက်စဆိုပြီး ကမမောင်းရောက်ကတည်းက အလွန်ခင်၏။ သူ့ဇာတိ မုံရွာအထက်ပိုင်း ချင်းတွင်းမြစ်ရိုးနှင့် ကျွန်တော့်ဇာတိ ရွှေဘိုခရိုင် ရေဦးမြို့ကလေးမှာ သိပ်မဝေးကွာလှသမို့ ရေမြေ သံယောဇဉ်လည်း ရှိပုံရ၏





သူသည် အဖေချင်း၊ အမေဗမာမှ မွေးဖွားလာ၍ ဖခင်ချင်းမှာ စစ်မှုထမ်းဆောင်ရင်း ကျဆုံးသွားခဲ့ရာ အမေ၏ တစ်ဦးတည်းသောသားအား အမေ့ဘက်မှ အမျိုးများက ချင်းကလေး၊ ချင်းကလေး၊ မောင်ချင်း၊ မောင်ချင်းဟု ခေါ်ခဲ့ကြ၏။ ယခု အသက်ကြီးလာသော် မောင်ချင်းမှ ဦးချင်း ဖြစ်လာ၏။

"ဗိုလ်ကြီးရဲ့ ဒီသိန်းဖေဆိုတဲ့ကောင်က ကျွန်တော့်ထက် အများကြီးငယ်တယ်။ ရှိလှ အသက်သုံးဆယ်ပေါ့။ ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ဒီကောင့်ကို မြိုင်ကြီးငူဘက်မှာ တွေ့ခဲ့ဖူးတယ်။ ခပ်ဖြူဖြူ ခပ်သေးသေး ခပ်ပျတ်ပျတ်ကလေးပဲ။ ဒါပေမဲ့ ဒီကောင်က အဲဒီကတည်းက ပွဲကျောင်းဘုန်းကြီးတွေဆီမှာ တပည့်ခံပြီး လက်ဖွဲ့တို့၊ နပန်းတို့စတဲ့ဟာတွေရယ်၊ ဂါထာမန္တရားတွေရယ် နည်းနည်းပါးပါး တတ်နေပြီ"

"အခု စခန်းတွေမှာဝင်ပြီး ခိုးနိုင်တယ်ဆိုတာ အဲဒီဂါထာတွေရွတ်၊ အိပ်မွေ့ချဆိုတဲ့ဟာတွေ ပါတယ်လို့ သတင်းရတယ်။ ပြီးတော့ ဒီကောင့်တစ်ကိုယ်လုံးမှာလည်း ကြောင်ရုပ်တွေနဲ့လို့ သူနဲ့အတူ ထောင်က လွတ်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



သစ်စက်က ကျွန်တော့်တပည့်က ပြောတယ်''

''အဲဒါဆိုရင် ဦးလေးချင်းရယ် အဲဒီ ဦးလေးချင်း တပည့်နဲ့ တွေ့လို့မရဘူးလား''

''ဒီနေ့တော့ မရလောက်သေးဘူး။ ကျွန်တော့် တပည့် မော်လမြိုင်ကို ပစ္စည်းဝယ်ဆင်းသွားတယ်။ တစ်ရက် နှစ်ရက်လောက်နေရင် ရောက်ပါလိမ့်မယ်။ သူ ရောက်လာရင် ဗိုလ်ကြီးနဲ့ တွေ့ပေးမယ်။ အဲဒီကျရင် သိန်းဖေအကြောင်း ဗိုလ်ကြီးပိုသိသွားမှာပေါ့။ အဲဒါဆိုရင် ဗိုလ်ကြီးလိုက်ရတာ ပိုလွယ်သွားမယ်''

''ကျွန်တော်ကလည်း ဒီကောင်ဘယ်လိုလုပ်ပြီး မြေလျှိုးမိုးပျံသလဲဆိုတာ သိချင်တယ်။ ဖြစ်နိုင်ရင် အမ် ဖမ်းချင်တယ် ဦးလေးချင်းရာ''

''မိမှာပါ။ မပူပါနဲ့ ဗိုလ်ကြီးရယ်။ ကျွန်တော့်တပည့် ရောက်လာရင် ဗိုလ်ကြီးနဲ့ တွေ့ပေးပါ့မယ်''

''ကောင်းပြီဗျာ။ ရောက်ရောက်ချင်းသာ တွေ့ချင် ပါတယ်။ ဦးလေးချင်း ကူပါဦးဗျာ''

''စိတ်ချနေပါ ဗိုလ်ကြီးရယ်။ ရပ်ဆွေရပ်မျိုးတွေ ကူညီရမှာပေါ့''



၁၉၆၈ မှ ၁၉၇၁ ထိ စာရေးသူ၏ တပ်ခွဲမှူး ဖြစ်ခဲ့သူ
ဗိုလ်ကြီး အေးကျော် နှင့် ဇနီး



www.burmeseclassic.com

www.burmeseclassic.com




၁၉၇၆ ခုနှစ်က ခလရ (၆၇)၌စာရေးသူနှင့်အတူ
တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်ကြီးညီရှင်




၁၉၇၀ ခုနှစ်က ကမမောင်းတပ်တွင်နေခဲ့ရစဉ်က စာရေးသူ၏ ဇနီးနှင့် သား

www.burmeseclassic.com

www.burmeseclassic.com




စာရေးသူ၏ ယောက္ခမ ဗိုလ်မှူးကြီး စောနားမူး
ကရင်ပြည်နယ်အစိုးရ အဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က
(၁၉၆၀ - ခုနှစ်)




ဘိုးသိန်းဖေအား အသေရမိခဲ့သည့် ကော့လုံကျွန်းမှ လေးအိမ်စုပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




လွယ်မွေ မိုင်းဖြတ် မိုင်းယောင်းကြားတွင် တည်ရှိသည့် တရုတ်ဖြူတောင်



"ကျွန်တော်က မော်လမြိုင်ထောင်ကို ပုဒ်မ ၃၀၄ နဲ့ ရောက်သွားတာဗိုလ်ကြီးရဲ့။ လွတ်ခါနီးမှာ သိန်းဖေ တလည်း လက်နက်မှုနဲ့ မော်လမြိုင်ထောင်ကို ရောက်လာ တာ။ တစ်နယ်သားတွေဆိုတော့ ခဏလေးနဲ့ ခင်သွား ကြတာပါ။ ဟိုတုန်းကလည်း ရိုးရာလက်ဝှေ့ပွဲတွေ ဘာ တွေမှာ တစ်ခါတလေ တွေ့ဖူးတယ်။ သူရော၊ ကျွန်တော် ရော အသတ်အပုတ် ဝါသနာပါတယ်။ သူက လူက ခပ်သေးသေးပေမယ့် အသတ်အပုတ်ရော၊ အခုန်အပျံ ရော၊ အထိုးအကြိတ်ရော ဝါသနာထုံတယ်။ တစ်ပွဲတိုး ထုံးမန်းတွေ ဘာတွေလည်း စွမ်းတယ်"

သိန်းဖေအကြောင်းကို စမေးသည့်နေ့က ဦးချင်း ခဲ့တပည့် ကမမောင်းသစ်စက်မှ စောသံဒိုင်က အထက်ပါ အတိုင်း ပြောလေသည်။

စောသံဒိုင်မှာ အသက် ၃၅ နှစ်ခန့် ဖြူဖြူ တုတ်တုတ် ဗလကောင်းကောင်းနှင့် မြိုင်ကြီးငူဒေသမှ ရိုးရာလက်ဝှေ့သမားဖြစ်သည်။ လက်ဝှေ့ရာသီတွင် လက် ဝှေ့ထိုးတတ်ပြီး အသက်မွေးဝမ်းကျောင်းအတွက် ကမ မောင်းသစ်စက်၌ ဝင်ရောက်လုပ်ကိုင်လျက်ရှိ၏။ ထောင်မှ



www.burmeseclassic.com

လွှတ်လာပြီးနောက် ဦးချင်း၏လုပ်ငန်းများတွင် လုပ်ကိုင်ပေးနေရာမှ ယခုအခါ သစ်စက်တွင် ဝင်ရောက်လုပ်ကိုင်နေခြင်းဖြစ်၏။

"သိန်းဖေက ဘာထူးလဲဗျ"

"သူ့မှာ ခြေမျက်စိကနေပြီး ရင်စို့အထိ လက်သုံးလုံးလောက်ရှိတဲ့ ကြောင်ရုပ်ကလေးတွေ ထိုးထားတယ် ခင်ဗျ။ ညာဘက်က အတက်ရုပ်ကလေး၊ ဘယ်ဘက်က အဆင်းရုပ်ကလေးတွေ ပြည့်နေအောင်ထိုးထားတာ အရုပ်ပေါင်းတစ်ရာလောက်များ ရှိမလားမသိဘူး"

"ဩော် ... ပြီးတော့ရောဗျာ"

"ပြီးတော့ သူက အခုန်အပျံ တကယ်စွမ်းတာ ဗိုလ်ကြီးရဲ့။ ဆယ်ပေလောက်အမြင့်ဆိုလည်း လွှားနေအောင် ခုန်နိုင်တာ ကျွန်တော့်အမြင်ပဲ။ နောက်တစ်ခုက ဒီကောင့်မျက်လုံးတွေပဲ။ နေ့ဆို ဘာမှသိပ်မထူးလှပေမယ့် ညဆို မှောင်ထဲမှာ ကြောင်မျက်လုံး တောက်သလို စူးရှတောက်ပြောင်နေတာ ခင်ဗျ။ မှောင်မိုက်လေ ပိုပြီးသိသာလေပဲ။ အမှောင်ထဲလည်း ကောင်းကောင်းမြင်သတဲ့"





"ဒါတင် မကဘူး ... သူက တစ်ခါတလေ ပါးစပ်ကလည်း တွတ်တွတ် တွတ်တွတ်နဲ့ ဆီမန်း မန်းသလို ရွတ်နေတတ်သေးတယ်။ ကိုယ့်လူ ဘာလုပ်တာလဲလို့ မေးတော့ အိမ်မွေ့ချတဲ့ဂါထာ မေ့သွားမှာစိုးလို့ ပြန်ပြန်ရွတ်ပေးနေတာလို့လည်း ပြောတတ်တယ် ခင်ဗျ"

"နောက်တစ်ခုကတော့ သူက ထောင်ထဲမှာ ရေမချိုးဘဲ အတော်နေနိုင်တယ်။ ထောင်ထဲမှာ သိပ်အိုက်တဲ့ညတွေဆို ဘောင်းဘီတိုလေးတစ်ထည်နဲ့ နေတတ်တယ်။ တစ်ခါတစ်ရံလည်း လွှတ်ခနဲ ကြောင်လိုတွေ ဘာတွေ အော်တတ်တယ်။ ရေမချိုးဘဲနေတာလည်း လနဲ့ချီပြီး ကြာတတ်တယ်"

"ဩော်"

"ဒါနဲ့ နေပါဦးဗျာ။ သူက အခုလို ကြောင်ဆေးတွေထိုး၊ ဂါထာတွေရွတ်၊ ဟိုလုပ်ဒီလုပ်တာတွေက ဘယ်လိုကြောင့်ဖြစ်လာတာတဲ့လဲ။ ခင်ဗျား မေးမကြည့်ဘူးသလား"

"မေးကြည့်ပါတယ်"

"အဲဒီတော့ ဘာပြောလဲ"

www.burmeseclassic.com



"သူငယ်ငယ်တုန်းက သံလွင်အရှေ့ဘက်ကမ်း ထော့ရွဲဘုန်းကြီးကျောင်းမှာ ဘုန်းကြီးကျောင်းသား လုပ်နေတုန်း ရှမ်းဆေးဆရာတစ်ယောက် ရောက်လာတယ်။ သူက ယိုးဒယားမြန်ဆေးဆရာတဲ့။ သူ့ကိုတွေ့တော့ မင်းမှာ ကြောင်နက္ခတ်ပါတယ်ဆိုပြီး အခု ကြောင်ရုပ်ကလေးတွေကို ထိုးပေးသွားတယ်တဲ့ ခင်ဗျ"

"ဒါတင်မကဘူး။ အခု သူ့ရွတ်ရွတ်နေတဲ့ ဂါထာကိုလည်း သင်ပေးသွားသတဲ့။ အဲဒီဂါထာကတော့ အိပ်မွေ့ချဂါထာလို့ ပြောတာပဲ။ ဒီဂါထာ ခပ်ကျယ်ကျယ်ကလေး ရွတ်လို့ အသံကြားရင် အသံကြားတဲ့လူက အိပ်ချင်လာရောတဲ့ခင်ဗျ။ နောက်တော့ ဂါထာလည်းဆုံးရော လုံးဝအိပ်ပျော်သွားသတဲ့"

"ခင်ဗျားတို့ ထောင်ထဲမှာရော သူဂါထာရွတ်ပြီး အိပ်မွေ့ချပြသေးလား"

"ထောင်ထဲမှာတော့ မင်းအာဏာကိုလွှမ်းပြီး သူ အိပ်မွေ့ချလို့ မရဘူးတဲ့ခင်ဗျ။ အပြင်ရောက်မှ သူ့ပညာက စွမ်းတယ်တဲ့"

"ဪ ... တခြားရော ကိုစောသံဒိုင်။ ဘာ





သိသေးလဲဗျာ"

"အဲ ... သိန်းဖေက လူက ဖြူဖြူနွဲ့နွဲ့ခင်ဗျ။ မြာကြွေတဲ့ရုပ်၊ ရေမချိုးပေမယ့် သပ်သပ်ရပ်ရပ်နေရင် ကြည့်ပျော်ရှုပျော် ခင်ဗျ။ ကျွန်တော် သိသလောက် ဒီကော့လုံကျွန်းတစ်ဝိုက်က သူသဘောကျတဲ့ မိန်းကလေးတွေ အတော်များသားလား။ သူကလည်း အဲဒီဘက်မှာ ဓါသနာထုံတယ်ခင်ဗျ။ အဲ..ပြီးတော့ သိန်းဖေက သေနတ်နဲ့ပစ်ရင် မီးမကျဘူးလို့လည်း ကြားတယ်။ သေနတ်ပြီးတယ်ပေါ့ ခင်ဗျာ"

"ဪ"

"အခု ဟိုအဖွဲ့အစည်းထဲ ရောက်သွားတော့ သူ့အကြိုက်ပေါ့ခင်ဗျာ။ သူကြိုက်တာ အကုန်ရနေပြီပေါ့။ ဆရာလင်းထင်တို့၊ ဆရာဆလံတို့ရဲ့ လမ်းစဉ်ပေါ့ခင်ဗျာ"

ထိုနေ့က ဆွေးနွေးပြီး သတင်းရယူခြင်း Collecting of Information အား ထိုမျှနှင့် အဆုံးသတ်ခဲ့ပါသည်။ ဤအချက် Data များကို အခြေခံပြီး သိန်းဖေ ရှင်းလင်းသုတ်သင်ရေးအား ဆောင်ရွက်ရပါတော့မည်။

သိန်းဖေအား သုတ်သင်နိုင်ရန် အထက်ဌာနက



www.burmeseclassic.com

www.burmeseclassic.com



သံလွင်မြစ်ရိုးတစ်လျှောက်ရှိ တပ်များကို ကွန်မန်ဒိုအဖွဲ့များ ဖွဲ့စည်းစေ၍ S.R.P နည်းစံနစ်များသုံးရန် ညွှန်ကြားလေသည်။

ကျွန်တော်တို့ တပ်ရင်းကလည်း ကွန်မန်ဒိုတပ်ရုံ ဖွဲ့စည်းပြီး ကျွန်တော့်အား တပ်စုမှူး တာဝန်ပေးလေတော့သည်။ ကျွန်တော်သည် နေ့စဉ် သိန်းဖေသတင်းကို နည်းမျိုးစုံဖြင့် ရအောင်ထောက်လှမ်း၏။ ရသမျှသတင်းကို တပ်ခွဲမှူးထံ တင်ပြ၍ စီမံချက်များ ရေးဆွဲလျက်ရှိ၏။

သိန်းဖေအား ချေမှုန်းနိုင်ရန် သာမန်နည်းဖြင့် မဖြစ်နိုင်ဟု သုံးသပ်ပြီး ကျွန်တော်တို့ တပ်ရင်းမှ စောချစ်ပိုအမည်ရှိ ဒေသခံတိုင်းရင်းသားတစ်ဦးအား ကော့လုံ ကျွန်းသို့ တိတ်တဆိတ်စေလွှတ်ထား၏။ သူ့အား ထိုဒေသ၌ မြုပ်နှံထားပြီး လျှို့ဝှက်သတင်းပေးပို့စေသည်။

သိန်းဖေကလည်း အလွန်လျင်၏။ ကျွန်တော်တို့က ကော့လုံကျွန်းတစ်ဝိုက်တွင် သူ့အား သဲကြီးမဲကြီး လိုက်နေချိန်တွင် သူက တောင်ဘက်သို့ ဆင်းသွားပြီး မြိုင်ကလေးဘက်၌ လှုပ်ရှားပြန်၏။

သူနှင့်ပတ်သက်ပြီး သတင်းကို အမြဲတမ်း နားစွင့်





နေရ၏။

"သိန်းဖေက အခုနအပျော်တွင် မဟုတ်ဘူး။ ဘယ်လောက်မြင့်တဲ့ သစ်ပင်ကိုမဆို တက်နိုင်တယ် ဗိုလ်ကြီးရဲ့။ ချောင်းတွေ၊ မြောင်းတွေ၊ မြစ်တွေဆိုရင်လည်း ကောင်းကောင်း ရေကူးသွားနိုင်တယ်။ ရေငုပ်လည်း ကျွမ်းကျင်တယ်။ ပြီးတော့ သူက တစ်ကိုယ်တော် စွန့်စားတာ ဗိုလ်ကြီး။ အသင်းအဖွဲ့နဲ့လုပ်တဲ့လူ မဟုတ်ဘူး။ ဒါကြောင့် တိုအဖွဲ့အစည်းက သူထောင်ကလွတ်ကတည်းက သိမ်းသွင်းစည်းရုံးပြီး ခိုင်းနေတာ။ အခုဆို သူ့ကို ဗိုလ်ရာထူး တောင် ပေးထားပြီတဲ့"

"ပြီးတော့ သူက လင်းထင်တို့၊ ဆလံတို့လိုပဲ တိုက်စစ် ဝါသနာခပ်ကြီးကြီး မဟုတ်လား"

ကျွန်တော်သည် စောသံဒိုင် ပြောစကားကို ပြန်အမှတ်ရနေသည်။ ကမမောင်းဒေသမှ သိန်းဖေ သတင်း ပျောက်သွားချိန်တွင် ကျွန်တော့်အား အထက်ဌာနမှ ဓဲဂလီတွင် ပြုလုပ်သည့် အထူးကွန်မန်ဒိုသင်တန်းတက်ရန် ရွေးချယ်လိုက်သဖြင့် သင်တန်းတက်ရန် ကမမောင်းမှ သံဖြူဇရပ်သို့ ထွက်ခွာခဲ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တပ်ခွဲမှူးက …

''ဗိုလ်သက်ဦးရေ … မောင်ရင့်ကွန်မန်ဒို တပ်စုတော့ ကိုယ့်ပဲလွှဲခဲ့တော့။ အရေးပေါ်ခရီးထွက်ရရင် ကိုယ်ပဲ သွားလိုက်ပါ့မယ်''

ယခင်က တပ်စုမှူးနှစ်ဦးရှိသော်လည်း တစ်ဦးက အမေဆုံးသဖြင့် သာမန်ခွင့်သွားနေ၍ တပ်ခွဲမှူးက ကွန်မန်ဒိုတပ်စုအား သူလွှဲခဲ့ရန်မှာ၏။

တပ်စုကို သူ့ကိုပင် လွှဲခဲ့ရပါသည်။

သင်တန်းမှာ တစ်လကြာပါသည်။ ကွန်မန်ဒို စစ်သည်များ တက်ရမည့် ခရီးတို၊ ခရီးရှည်ချီတက်ခြင်းများ၊ တောတွင်း၌ ရိက္ခာမရှိဘဲ ရက်သတ္တတစ်ပတ်ခန့် နေထိုင်ခြင်းများ၊ မြစ်ကူး ချောင်းကူး အခက်အခဲဖြတ်ကျော်ခြင်းများ၊ ဖောက်ခွဲ ဖျက်ဆီးခြင်းများ၊ မိုင်းရှာခြင်း မိုင်းထောင်ခြင်းများ၊ ရန်သူ့စခန်းငယ်များအား ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းများ၊ လက်ဖြောင့်ပစ်နည်းသုံး၍ ရန်သူကို တစ်ယောက်ချင်း သုတ်သင်နည်းများ၊ အနီးကပ် လုံးထွေးသတ်ပုတ်ခြင်းများ စသည်ဖြင့် အတော်စုံလင်လှပါ၏။





ဤပညာများ တတ်လိုက်၍ သိန်းဖေကို သုတ်သင်နိုင်ရန် ကျွန်တော့်အတွက် ပိုပြီး အရည်အသွေးပြည့်စုံသွား၏။ လူကလည်း အသက်နှစ်ဆယ်သာသာဖြစ်ရာ နုတ်မြင်းပျံမို့ မြူးကြွားကြွားပင်။ ရည်ရွယ်ချက်ရှိသဖြင့် သင်တန်းတွေလည်း အထူးကြိုးစားခဲ့ရာ နည်းပြများ၏ ချီးကျူးမှုကိုပင် ရခဲ့၏။

သင်တန်းဆင်းတော့ ကြုံးဝါးလိုက်သည်။

"ကဲ … သိန်းဖေရေ ဒီတစ်ခါတော့ မင်းပြေးလို့ ရတော့ပါဘူး။ ငါပြန်လာပြီဟေ့''

သက်ဦးနဲ့ သိန်းဖေ တွေ့ကြပေရော့မည်။

သင်တန်းပြီးဆုံး၍ မော်လမြိုင် ရောက်သည်ဆိုလျှင်ပင် သိန်းဖေအား မိပြီဆိုသည့်သတင်းက ကျွန်တော့်ကို ဆီးကြိုနေ၏။

"ဘယ်သူမိတာလဲ၊ ဘယ်လိုမိတာလဲ''

"ကော့လုံကျွန်းထဲမှာပဲ မိတာတဲ့''

"ကမမောင်းတပ်က မိတာတဲ့''

ဟိုက်… ဒါဆို ကျွန်တော်ရဲ့ ကွန်မန်ဒိုတပ်စုပင် ဖြစ်ပေလိမ့်မည်။ ကောင်းလှပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုသတင်းကြားသည်နှင့် မီရာ စက်လှေဖြင့် အမြန်ဆုံး ကမမောင်းသို့ ပြန်ခဲ့တော့၏။ ကမမောင်းရောက်သည်နှင့် အောင်ပွဲခံနေသော ကျွန်တော်၏တပ်ခွဲမှူးနှင့် တွေ့ဆုံရလေသည်။

“ကွန်ဂရက်ကျူးလေးရှင်းပါ တပ်ခွဲမှူးကြီး။ ဘယ်လိုများအောင်ပွဲခံနိုင်လိုက်တာလဲ ပြောပါဦးခင်ဗျ”

ကျွန်တော်၏တပ်ခွဲမှူးမှာ ထိုစဉ်က အသက် ၃၀ ခန့် လူငယ်လူရွယ်သာ ဖြစ်ပေသည်။ ဇနီးသည်ကလည်း ထိုဒေသမှ တိုင်းရင်းသူဖြစ်၏။ ထို့ကြောင့် ကျွန်တော်ထက် နှိုင်းယှဉ်ပါက ထိုဒေသ၏အထာကို ကျွမ်းသူဟု ဆိုနိုင်ပါသည်။ ပေါင်းသင်းဆက်ဆံရေးလည်း အလွန်ကောင်းသဖြင့် ဒေသခံ ပြည်သူအများ၏ ချစ်ခင်မှုကို များစွာရယူနိုင်သူလည်း ဖြစ်၏။ တပ်ခွဲမှ စစ်သည်များကလည်း သူ့အား အလွန်ချစ်ခင်ကြ၏။

“ဖိုးသက်ဦး မရှိတော့ ကွန်မန်ဒိုကို ကိုယ်ပဲ ကြီးကြပ်ရတော့တာပေါ့။ ရတဲ့သတင်းလည်း ကိုယ့်ဆီပဲ တိုက်ရိုက်တင်ခိုင်းရတယ်”

“အဲဒီနေ့က ညခုနစ်နာရီလောက် စောချစ်ပို





မြန်ရောက်လာတယ်။ ဒီည ကော့လုံကျွန်းထဲက လေးအိမ် စုမှာ သိန်းဖေလာဖို့ ရှိတယ်။ သတင်းက သိပ်သေချာ တယ်။ တပ်ခွဲမှူး လိုက်ခဲ့ပါလို့ လာခေါ်တယ်”

“ကိုယ်လည်း မောင်ရင့်တပ်စုကို အသေအချာ မြင်ပြီး ထလိုက်သွားတယ်။ အထက်လည်း သတင်းမပို့ တော့ဘူး။ ပို့ရင် သတင်းပေါက်ကြားမှာစိုးလို့။ ဒီကနေပြီး မီးဖိုင်းအထိ ခြေကျင်သွား။ မီးဖိုင်းရောက်တော့ လှေကလေး တွေနဲ့ ကျွန်းထဲကူးရတယ်။ ကျွန်းထဲရောက်တော့ ည ဆယ်နာရီထိုးပြီးပြီ။ လေးအိမ်စုက ကိုယ်တို့ကူးတဲ့နေရာနဲ့ နည်းနည်းလှမ်းလို့ တစ်နာရီကျော်ကျော် ဆက်လျှောက် ရတယ်။ မှောင်ကလည်း အတော်မှောင်တယ်။ ဒါပေမဲ့ ရှေ့က စောချစ်ပိုလမ်းပြလို့ တံငါတဲလေးတွေ အကုန် ကွင်းရှောင်ပြီး အိမ်လေးငါးလုံးရှိတဲ့ လေးအိမ်စုကို ရောက် သွားတယ်။ ဆယ့်တစ်နာရီသာသာမှာ သိန်းဖေရှိတယ် ဆိုတဲ့ ခြေတံရှည်အိမ်ကို ဝိုင်းမိတယ်။ ဆရာညွန့်တင် ရယ်၊ ဆရာသူဇာရယ်၊ ဆရာမောင်စံရယ်၊ ကိုယ်ရယ် လေးဖွဲ့ခွဲပြီး ဝိုင်းလိုက်တော့ လကလေး ထွက်စပြုနေပြီ”

“အိမ်နားလည်း ကပ်လိုက်ရော လုံးဝမထင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ချေးက ဟောင်လိုက်တော့ ကိုယ်တို့လည်း ဟာ သွားပြီ ဟော့ဆိုပြီး အားလုံးငြိမ်လိုက်ကြတယ်''

''သိန်းဖေကလည်း သိပ်လျင်တယ်။ ချေးဟောင်သံလည်းကြားရော အိမ်ပေါ်က အောက်ကို လွှားခနဲ ခုန်ဆင်းပြီး လက်က ဖော့်တီဖိုက် ပစ္စတိုကြီးကို ဂလောက်ဆို မောင်းတင်လိုက်တယ်။ မောင်းတင်ပြီး ပြန်အထမှာ သူ့ကံဆိုးချင်တော့ ကိုယ်နဲ့ စောချစ်ပို နေရာယူထားတဲ့ သရက်ပင်အုပ်ရှေ့တည့်တည့် ရပ်မိလျက်သား ဖြစ်နေတယ်။ အဝေးဆုံး ဆယ်ပေပေါ့။ ကိုယ်လည်း ရှေ့က စောချစ်ပိုကို အမြန်လက်ကုတ်လိုက်တယ်။ ဒီအချိန်မှာ မပစ်လိုက်နိုင်ရင် လွတ်သွားနိုင်တယ်။ စောချစ်ပိုကလည်း မြန်တယ်။ ကိုယ်လက်ကုတ်လိုက်တယ်ဆိုရင်ပဲ ချိန်ထားတဲ့ကာဘိုင်ကို အတွဲလိုက်ကို မောင်းဖြုတ်လိုက်တာ။ သိန်းဖေ အသံတောင်ကောင်းကောင်း မထွက်နိုင်ဘူး။ ဗုန်းဆိုပြီး အဲဒီနေရာမှာလဲပြီး အသက်ထွက်သွားတာပဲ။ ရင်ဘတ်မှာ ခုနစ်ချက်တောင် မှန်သွားတယ်''

''ဇာတ်လမ်းကတော့ အဲဒါပဲ။ သေချာအောင် အလောင်းကို ဒီသယ်လာတယ်။ ဒီက သိတဲ့လူတွေကို





ခေါ်ပြတယ်။ အားလုံးသေချာမှ အထက်ကို သတင်းပို့လိုက်ပြီး ကိုယ်တို့ပဲ ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးလိုက်ပါတယ်''

''သိန်းဖေက သေနတ်ပြီးတယ်ဆို။ အဲဒီနေ့က သေနတ်မပြီးဘဲ ဘာဖြစ်လို့ ချက်ချင်းသေသွားရတာလဲ တပ်ခွဲမှူးခင်ဗျာ''

ကျွန်တော်၏ စကားဆုံးသည်နှင့် တပ်ခွဲမှူးက အဓိပ္ပာယ်ပါပါ တစ်ချက်ပြုံးပြီး ...

''အဲဒါတော့ စောချစ်ပိုနဲ့ မောင်ရင့် ရဲဘော်တွေသာ မေးကြည့်ပေတော့''

ဟု ဆိုပါလေတော့သည်။ လျှို့ဝှက်ချက်တော့ ရှိပေလိမ့်မည်။

ဘယ်လိုပဲဖြစ်ဖြစ် သိန်းဖေအား သုတ်သင်လိုက်နိုင်သဖြင့် သံလွင်မြစ်ရိုးတစ်လျှောက်တွင်တော့ ငြိမ်သက်အေးချမ်းသွားပေပြီ။

မပြီးသေးသော ဇာတ်လမ်းကို ပြန်ဆက်ရ၏။ ကျွန်တော့်၏ ကွန်မန်ဒိုတပ်စုမှ အလွန်စပ်စု၍ အပြောကောင်းသော ဆရာညွန့်တင်ကို ထိုကိစ္စမေးရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဆရာညွန့်တင်ရဲ့ သိန်းဖေက သေနတ်ပြီးတယ်လည်း ပြောတယ်၊ စွမ်းတယ်လည်း ပြောတယ်။ အခုကျတော့ မစွမ်းတော့ပါလား"

"ဘယ်စွမ်းတော့မလဲ။ သူ့ကြောင်တွေက မ နဲ့ကျရင် ပျော့သွားရော။ သူ့ဆေးတွေကလည်း အဲဒီကိစ္စနဲ့ ကျရင် မစွမ်းတော့ဘူးလေ"

"ဘယ်လိုလဲ ပြောပါဦး"

"သိန်းဖေ ဟိုကီစွသိပ်ဝါသနာထုံတဲ့သတင်းကို အတိအကျသိလို့ စောချစ်ပိုက ဟိုတုန်းက ဒီလို ခဏ ခဏ လာနေတဲ့ သူ့ညီမအရင်း ဟိုဖြူဖြူဖွေးဖွေး လုံးကြီး ပေါက်လှ နော်မြမြကို တည်ကြက်လုပ်ပြီး အမိဖမ်း လိုက်တာလေ"

"ဗျာ"

စောချစ်ပို၏ ညီမနော်မြမြကို ကမမောင်းတွင် မြင်ဖူးထား၍ ကျွန်တော် ကောင်းစွာသိပါသည်။ အချော အလှစာရင်းဝင်သူတစ်ဦးပေပဲ။

"ဟုတ်တယ်လေ။ သူ့အမျိုးတွေ စော်ကားသွားတဲ့ သိန်းဖေကို အသေရရ အရှင်ရရ ကလဲ့စားချေချင်လို့





စောင့်နေတာကြာပြီ။ အခုလည်း သိန်းဖေကို သူကိုယ်တိုင် ဖစ်သတ်လိုက်တာပဲ။ သူ့ညီမကတော့ အားလုံးအတွက် မချစ်သော်လည်း အောင့်ကာနမ်းပြီး အနစ်နာခံသွားတာ။ ဒီလိုမှ မဖမ်းရင် ဒီကောင့်ကို မိမှာမဟုတ်ဘူးလေ"

"ဪ ... အံ့ဩစရာပါပဲ"

အင်း ... ဘာပဲဖြစ်ဖြစ် ဘယ်လောက် တုတ်ပြီးပြီး မာပြီးပြီး၊ ကြောင်ဆေးတွေထိုးထိုး မနဲ့ကျတော့ ကျဆုံးရတာပါလား။

အထက်ပါအတိုင်း အလွန်အစွမ်းထက်လှပါသည် ဆိုသော သူခိုးသိန်းဖေ ဇာတ်သိမ်းခဲ့ရလေတော့သည်။

အကုသိုလ်သမားအတွက် ပြေးစရာမြေ မရှိပါတကား။

နိဂုံးချုပ်ဖော်ပြချက်

သိန်းဖေကို ကျွန်တော်တို့ တပ်မတော်မှ အထက်ပါအတိုင်း အသေရမိခဲ့ပါသည်။ သို့ရာတွင် လွယ်လွယ် ကူကူတော့မဟုတ်ပါ။ သူက လောကီပညာ အကူအညီဖြင့် အစွမ်းပြနေသူဖြစ်ရာ ကိုယ့်ဘက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့လောကီပညာကို ပြန်ချေဖျက်နိုင်အောင် အစီအမံ ပြန်လုပ်ပြီး နေ့တွင် မသေချာ၍ ညတိုက်ပွဲကလေး ဆင်နွှဲခဲ့ရခြင်းဖြစ်ပါ၏။

ဤသို့ဖြင့် သူခိုးသိန်းဖေအား တောကြက်၊ တောငှက်များလို သူကြိုက်သော ကွက္ကဋ္ဌိယဖြင့်မျှားကာ အကာလ ညအခါတွင် အထက်ပါအတိုင်း လျှပ်တစ်ပြက် ကွန်မန်ဒိုနည်းသုံးကာ လက်စတုံးချေမှုန်းနိုင်ခဲ့ပါသည် ခင်ဗျား။

(၁၉၆၈ ခုနှစ်က ကမမောင်းဒေသမှ တကယ့်အဖြစ်အပျက်အား ပြန်လည်ခံစားရေးဖွဲ့ပါသည်။)

❖



စာရေးသူနှင့် သမီးအငယ်ဆုံး (၁၉၉၄ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ နှင့် ဇနီး (၁၉၉၄ ခုနှစ်)



တပ်မ (၃၃) တပ်မမှူး ဗိုလ်ချုပ်တင်ထွဋ်မှ စာရေးသူအား
ဗိုလ်မှူးကြီး အဆင့်တံဆိပ် တပ်ဆင်ပေးနေပုံ (၁၉၉၃ ခုနှစ်၊ မတ်လ)

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၅ ခုနှစ် နှစ်စက KNU ဗဟိုမာနယ်ပလောသိမ်းတိုက်အပြီး
ဆင်ဖြူတောင်သို့ချီတက်နေသည့် စာရေးသူ

## ဒေါ်ထဝ္ဂါးများနဲ့ ညတိုက်ပွဲ

ီခါန်း

ကျွန်တော် စစ်တပ်ထဲ စဝင်တော့ ကရင်ပြည်နယ်မှာ တာဝန်ကျသည်။ ပြန်ထွက်လာတော့လည်း ကရင်ပြည်နယ်ကပါပဲ။

နည်းဗျူဟာမှူးတာဝန်နဲ့ ကရင်ပြည်နယ်မှာ လေးနှစ်ကြာပါသည်။ ၁၉၉၂ ခုနှစ်စမှသည် ၁၉၉၅ ခုနှစ်ကုန်အထိဆိုတော့ လေးနှစ်ပေါ့ ခင်ဗျာ။

ထိုလေးနှစ်မှာ မိန်းမအမျိုး KNU များနဲ့ အတော်



www.burmeseclassic.com

www.burmeseclassic.com



လေး တိုက်လိုက်ခိုက်လိုက်ရပါ၏။ ထိုတိုက်ပွဲများတွင် နေ့တိုက်ပွဲများရော ညတိုက်ပွဲများပါ ပါ၏။ ထိုအထဲမှ ကျွန်တော် အမှတ်တရဖြစ်နေသော ညတိုက်ပွဲကလေး တစ်ခုအကြောင်းကို ရေးလိုက်ချင်ပါသည်။

တကယ်တော့ တိုက်ပွဲဟုပင် ပြောရခက်ခက် ဖြစ်ပါ၏။

ဤတိုက်ပွဲလေးမှာ သူတို့က မနိုင်ဘူးထင်၍ ဆွဲမိုင်းဆွဲပြီးပစ်ပြေးကြသည့် တိုက်ပွဲဖြစ်ပါ၏။ **Skir mish** ခေါ် ပစ်ပြေးသည့်တိုက်ပွဲငယ်လေးမျှသာ။

သူတို့က အမှောင်ထဲတွင် ဆွဲမိုင်းဆွဲပြီး ပစ်ပြေး ကြတော့ ကျွန်တော်ကလည်း ဒါမျိုးဖြစ်နိုင်သည်ဟု ကြို တွက်ထားရာ ရန်သူဆုတ်လမ်းဘက်မှန်းပြီး ၆၀ မီလီမီတာ စိန်ပြောင်း ဆယ့်လေးငါးချက် ပြန်လက်ဆောင် ပေးလိုက် ပါသည်။ မမှန်လည်း ကိစ္စမရှိ။ မှန်ရင်တော့ အမြတ်ပေါ့။ နောက်တစ်ခါ လာမပစ်ရဲအောင် ကြောက်လန့်သွားအောင် ခြောက်ပစ်လိုက်ခြင်းပါပေ။

ဤနေရာတွင် ကျွန်တော့်မှာ ပြောစရာလေးတစ်ခု ရှိနေပါသည်။ ကျွန်တော်သည် **Mother Unit** ဟုသွ





တပ်ရင်းသို့ ရောက်ပြီး တစ်နှစ်ကျော်၊ နှစ်နှစ်အကြာ၌ တိုင်းရင်းသူ မေနှင့်တွေ့၍ အိမ်ထောင်ကျခဲ့သည်။ သမီး ရည်းစားဖြစ်ပြီးမှ မေ့အဖေ **KNU** အလင်းဝင်မှန်း သိရ ပါသည်။

မေ့အဖေက ဟိုတုန်းက စစ်သားဟောင်းကြီး **British Army** တွင် ဆူဗေဒါဂျမဒါရာထူးအထိ ရခဲ့ပြီး မြန်မာ့တပ်မတော် စတင်ဖွဲ့စည်းတော့ အမှတ် (၁) ကရင် သေနတ်ကိုင်တပ်ရင်း၌ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ပေး အပ်ခံရ၏။

၁၉၄၉ ခုနှစ် **KNDO** တွေ တောခိုကြတော့ အပေါင်းအသင်း ရောင်းရင်းများနှင့် တောတွင်းလိုက်ပါ သွားခဲ့သည်။ တောထဲတွင် တပ်ရင်းမှူးအဆင့်ထိ တာဝန် ထမ်းဆောင်ခဲ့ပြီး ၁၉၅၄ ခုနှစ်၌ သူ၏ တပ်ရင်းတစ်ရင်း လုံးနှင့် လက်နက်ချ အလင်းဝင်ခဲ့ပါသည်။ နာမည်မှာ ဗိုလ်မှူးကြီး စောနားမူးဟု ခေါ်၏။

လက်ထပ်ခွင့်တင်တော့ "မင်းအမျိုးသမီးက အလင်းဝင်သမီးဆို"ဟု တပ်ရင်းမှူးက မေးတော့ မလိမ်ရဲ၍ ဟုတ်ပါတယ်ဟု အမှန်အတိုင်း ဖြေလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ ဘာပဲဖြစ်ဖြစ် မေ့ကို လက်ထပ်မည်ဟု ကတိပေးထားပြီးဖြစ်၍ ကတိမဖျက်ရဲပါ။ မင်းမှာ သစ္စာ လူမှာ ကတိတဲ့။ ကျွန်တော့်တပ်ရင်းမှူးကြီးကလည်း လူကြီး လူကောင်း ပီသစွာ လက်ထပ်ခွင့်ပြုခဲ့၍ မေနှင့်ကျွန်တော် အကြင်လင်မယား ဖြစ်ခဲ့ရပါသည် ခင်ဗျာ။

၁၉၇၂ ခုနှစ် ကလေး ၂ ယောက်အရွယ် ဖာပွန်မှ မော်လမြိုင်သို့ ရွှေ့ပြောင်းခဲ့ရ၏။

သို့ရာတွင် စင်ဆင်ရေးက ဘားအံဘက် ပြန်တက် ရ၍ ကရင်ပြည်နယ်ဘက် ဒုတိယတစ်ခေါက် ရောက်ရ ပြန်သည်။ တပ်ခွဲနှစ်ခွဲပါ စစ်ကြောင်းနှင့် ဘားအံအရှေ့ ခြမ်း၊ မြောက်ခြမ်း တောအနှံ့၊ တောင်အနှံ့လှုပ်ရှားခဲ့ရပါ သည်။

ဤတွင် ထိုစဉ်က နာမည်ကြီး KNU တပ်မှူးများ ဖြစ်သည့် မောင်ထွန်း၊ ဂျော်နီ၊ ကျော်တုတုတို့နှင့် ဒေါန တောင် အနောက်ခြမ်းနှင့် သံလွင်မြစ်ရိုးတစ်လျှောက်တွင် လိုက်တမ်းပြေးတမ်း ကစားခဲ့ရ၏။ သူနိုင်ကိုယ်နိုင် အပြိုင် ကြခဲ့ရ၏။ တိုက်ပွဲတွေက ပြင်းထန်လှသဖြင့် ဒေါန တောင်ကြီး၏အလှအပနှင့် သံလွင်မြစ်ရိုး အလှအပများ





ကို အာရုံမပြုနိုင်ခဲ့ပါ။ မိန်းမအမျိုးတွေရဲ့ ကျည်ဆန်ကြား မှာ အပြေးအလွှား သွားလာတိုက်ခိုက်ရင်း အချိန်ကုန် ခဲ့ပါသည်။

၁၉၇၆ ခုနှစ်တွင် ဒေါနတောင်ပေါ်က ပြန်ဆင်း ခဲ့ရ၏။ ဒေါတချွားများနှင့် ထွေးလုံးရစ်ပတ်သတ်ပုတ်နေ ခဲ့ရရာ ဆံပင်တောင် ကောင်းစွာမညှပ်နိုင်ခဲ့။

(ဒေါတချွားဆိုသည်မှာ ကရင်လို တစ်ဝမ်းကွဲဟု အဓိပ္ပာယ်ရပါသည်။)

မော်လမြိုင်ပြန်ရောက်တော့ ကျွန်တော့်ခမျာ ဆံရှည်ကိုယ်တော် ဂုတ်ဝဲမင်းသားဖြစ်နေ၏။

အငယ်ဆုံး သမီးလေးကိုယ်ဝန်ကြီးနှင့် မေက ကျွန်တော့်ကို ပြန်တွေ့တော့ ...

''ဟယ် ... ကိုရယ် ဆံပင်ရှည်ကြီးနဲ့ပါလား''

''အေးလေ ... မင်းအမျိုးတွေက ဆံပင်ညှပ် ချိန်တောင် မပေးတာကွ။ အားရင် တဒိုင်းဒိုင်းနဲ့ လာလာ ပြီး ပစ်နေကြတာ''

ဟု ရယ်ကျဲကျဲနှင့် ပြောလိုက်ရ၏။

ဒေါတချွားတွေကလည်း ကျွန်တော့်ကို ဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး မညှာပါခင်ဗျာ။ တွေ့ကြရင်တော့ 'အသည်းအသန် တိုက်ကြခိုက်ကြသည်သာ။ သတ်လို့ရရင်လည်း သတ်ဦး မည်ထင်ပါ၏။ သို့ရာတွင် သူတို့တစ်တွေနှင့် ဆွေမျိုး ဆိုသော်ရပါ၏။

ကျွန်တော့်ကို ယခင်က ဖာပွန်တွင် ကရင်စကား သင်ပေးခဲ့သည့် ဆရာစောရွှေယာဟဲ၊ ကျွန်တော်နှင့် ဘောလုံးကစားဖော် ကစားဖက် ကမမောင်းမြို့ပိုင် စောချားလ်စ်ဘတ်၊ ကျွန်တော့်တပ်ရေး ဗိုလ်ကြီးဖြစ်ညီ ဒေါက်တာ ခိုသောတို့တစ်တွေကား ကျွန်တော် ဘားအံ ဘက် ပြန်ဝင်ရချိန်တွင်မူ ဟိုဘက်ရောက်သွားပြီး နေ့သနတ် ကိုင်နေကြပြီလေ။

သူတို့တစ်တွေနှင့်လည်း ပစ်ခဲ့ခတ်ခဲ့ရပါသည်။ ကိုယ်ယုံကြည်ရာ ကိုယ်လုပ်စတမ်းပါပဲလေ။ ဟိုတုန်းက ပဒေသရာဇ်ခေတ်မှာလည်း ဒီလိုပဲ ညီနဲ့အစ်ကို၊ အဖေနဲ့ သား၊ ယောက္ခမနှင့် သမက်လည်း တိုက်ခဲ့ခိုက်ခဲ့ကြတာ မဟုတ်လား။ လွတ်လပ်ရေးအတူ ကြိုးပမ်းခဲ့ကြတဲ့သူ တွေလည်း ညီအစ်မအရင်းကို အတူယူထားပြီး အယူအဆ မတူ၊ ဝါဒသဘောထားမတူ၊ ခံယူချက်မတူတော့ ရန်သူ





တွေဖြစ်သွားပြီး တိုက်ကြခိုက်ကြတာ မဟုတ်လား။ ထား ပါတော့ခင်ဗျာ။

၁၉၅၆ ခုနှစ်ကုန်တွင် ကရင်ပြည်နယ်မှ ရှမ်းပြည် နယ်ကို ကျွန်တော် ပြောင်းရတော့သူတို့ အားလုံးကို ကာလ တစ်ခုကြာမျှ မေ့သွားပါသည် ခင်ဗျာ။

ကျွန်တော်ဗျူဟာမှူး

၁၉၆၂ ခုနှစ် နှစ်ဆန်းတွင် ကျွန်တော် စစ်ကိုင်း တိုင်းတွင် နည်းဗျူဟာမှူးဖြစ်လာတော့၏။

ပထမဆုံးအကြိမ် စစ်ဆင်ရေးက ဗျူဟာတစ်ခုဖြင့် မာနယ်ပလောတောင်ခြမ်းကို တိုက်ရသည်။

တိုက်ပွဲများက ပြင်းထန်လှ၏။ နှစ်လ၊ သုံးလ ကြာမှ ဦးစီးချုပ်အသစ်ကြီးက ငြိမ်းချမ်းရေးခေါ်သဖြင့် တိုက်ပွဲများ ရပ်နားဖြစ်တော့၏။

တိုက်ပွဲများ ရပ်နားပြီး ငြိမ်းချမ်းရေးအတွက် ဟိုဘက်ဒီဘက် ညှိနှိုင်းကြသည်။ လိုချင်သော အဖြေမရ ခဲ့ပါ။

၁၉၆၃၊ ၁၉၆၄၊ ၁၉၆၅ ခုနှစ် သုံးနှစ်လုံးလုံး



www.burmeseclassic.com

www.burmeseclassic.com



ကရင်ပြည်နယ်အနှံ့ နည်းဗျူဟာမှုး တာဝန်ဖြင့် သွား ပြန်သည်။

ယခု ဖော်ပြမည့်ဖြစ်စဉ်လေးမှာ ၁၉၉၄ ခုနှစ် မေလတွင် ကမမောင်းမြို့ကလေးမှ သာလွန်ဒေသသို့ ချီတက်စဉ် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပါ၏။

**သာလွန်သို့ ချီရာဝယ်**

၁၉၉၄ ခုနှစ်၊ မေလဆန်းတွင် သာလွန်သို့ ကျွန်တော့်ဗျူဟာနှင့် တစ်ရင်း ချီတက်ပြီး ဟိုက ဗျူဟာ နှင့် တပ်ရင်းတစ်ရင်းကို လဲရန် တပ်မဌာနချုပ်မှ အမိန့် ထွက်လာသည်။ စစ်ကိုင်းတွင် ဖနီးသည် မေ ရောက် နေသည်။

"မေရေ ... ဒီတစ်ခေါက်တော့ ဒို့ဗျူဟာ သာလွန်တဲ့ကွ"

"သာလွန်ဆိုတာ ဘယ်နားမှာလဲ ကို"

"သာလွန်က ကတိုင်တီနဲ့ ဆင်စွယ်တောင် သုံးဆုံ ကြား ယွန်းစလင်းမြစ်အရှေ့ဘက်လို့တော့ ပြောကြတာ ကိုယ်တော့ မရောက်ဖူးသေးဘူး။ ငယ်ငယ်တုန်းကတော့





ဒေါ်မွဲအထိ ရောက်ဖူးတယ်။ ဒေါ်မွဲအလွန်မှာရှိတယ်တဲ့ ငှက်ဖျားအလွန်ဆိုးဆိုပဲ။ သာလွန်အပေါ်မှာတော့ ဒို့ဆရာ ဗိုလ်ချုပ်အေးကျော် တိုက်သွားတဲ့ ထွီးဖားဝိကြီးလို့ ခေါ်တဲ့ ခွေးအိပ်တောင်ရှိတယ်ကွ"

"ကြော်"

"ဘာပဲဖြစ်ဖြစ် စစ်သား။ လွှတ်တဲ့နေရာ သွား ရမှာပေါ့"

"ဟုတ်တာပေါ့"

၁၉၉၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် စစ်ကိုင်းမှ သာလွန်သို့ ထွက်ခဲ့သည်။ ဝန်းသိုမှ ဒုတိယဗိုလ်မှူးကြီး မင်းမြင့်ဆွေ ကွပ်ကဲသည့် ဝန်းသိုတပ်ရင်းကို သယ်ဆောင် လာသော စစ်ရထားနှင့် ကျွန်တော့်ဗျူဟာ လိုက်ပါခဲ့ခြင်း ဖြစ်၏။ ဇနီးသည် မေလည်း သူ့ကလေးတွေရှိရာ ရန်ကုန် ပြန်ဖို့ ကျွန်တော်နှင့်အတူ လိုက်ပါလာ၏။

မေလ ၁၆ ရက်နေ့ ညနေတွင် ပဲခူးဘူတာ ရောက်ပါသည်။ မေ ဆင်းကျန်ခဲ့၏။ ရန်ကုန်က သားနှင့် သမီး နှစ်ဦးလာကြိုကြသည်။

ပဲခူးဘူတာမှ မိသားစုလေးဦး မျက်နှာညှိုးငြိုး



www.burmeseclassic.com

www.burmeseclassic.com



လက်တပြပြနှင့် ထွက်ခွာသွားကြ၏။ ဖခင်နှင့် သားသမီးများကြည့်ပြီး စိတ်မကောင်းဖြစ်မိပါသည်။

စစ်သားတွေရဲ့ဘဝဟာ ဒီလိုပါပဲလေ။

မေလ ၁၇ ရက်နေ့ မနက်တွင် ကျွန်တော်တို့ စစ်ရထား သထုံသို့ ရောက်ပါသည်။

သထုံရှိ ရှေ့တန်းတပ်မရုံးသို့ ရောက်ရှိကြောင်း သတင်းပို့ရသည်။

တပ်မမှူး ဗိုလ်မှူးချုပ် တင်ထွတ်နှင့် တွေ့ရသည်။

တွေ့သည်နှင့် တပ်မမှူးက အောက်ပါအတိုင်း ပြောတော့၏။

"ကဲ ... ကိုသက်ဦး ဒီနေ့ ဒီမှာ လုပ်စရာတွေလုပ်၊ လိုတာတွေပြင်ဗျာ။ ခင်ဗျားဗျူဟာ သာလွန် သွားလဲရမယ်။ ဟိုမှာ ကိုသန်းအောင်ရှိတယ်။ သူလည်း ကြာနေပြီ။ ကောင်းကောင်းလည်း နေမကောင်းဘူး။ သာလွန်က အဖျားအနာများတယ်။ ရန်သူ့ဗဟိုနဲ့ကလည်း သိပ်နီးတယ်။ ဟိုဘက်ကမ်း ဒီဘက်ကမ်းပဲ ဂရုတစိုက်နဲ့သာ လုပ်ပေတော့"

ခရီးရောက်မဆိုက် တပ်မမှူးက ကျွန်တော့်ကို မှာ





၏။

"အေးဗျာ ... ခင်ဗျားလည်း ဖားပွန်နေဖူးတာပဲ။ အဲဒီဘက်အကြောင်းသိပြီးသားပါ"

"စိတ်ချပါ တပ်မမှူး။ ကျွန်တော် ကြိုးစားဆောင်ရွက်ပါ့မယ်"

တပ်မမှူးနှင့်တွေ့ဆုံသတင်းပို့၍ ညွှန်ကြားချက်များလက်ခံခဲ့ရပါသည်။

သထုံမြို့ကလေးမှသည် ကမမောင်းသို့

၁၈ ရက်နေ့ မနက်တွင် ကျွန်တော်တို့ ကားတန်းကြီးသည် သထုံမှ မြိုင်ကလေးသို့ ထွက်ခဲ့၏။ ခဏနှင့် မြိုင်ကလေးရောက်သည်။ မြိုင်ကလေး သင်္ဘောဆိပ်တွင် မော်တော် လေး,ငါးစီး အသင့်စောင့်နေသည်။ မြိုင်ကလေးတစ်ဖက်ကမ်းရှိ ကရင်ပြည်နယ်မြို့တော် ဘားအံကား တိုက်တာအိမ်ခြေများနှင့် အတော်ပင် တိုးတက်ပြောင်းလဲနေသည်ကို တွေ့ရပါသည်။ ငြိမ်းချမ်းရေးသာ ရသွားပါက ဒါထက်ပင် တိုးတက်ပေလိမ့်မည်။ နိုင်ငံတော်က သံလွင်မြစ်ကူးတံတားပင် စီစဉ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသည်ဟု သိထားပါသည်။ ထိုသို့ဆိုပါက မေတို့၏ ကရင်ပြည်နယ်ကြီးကား ငြိမ်းချမ်းသာယာ၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးသို့ ရှေ့ရှုနေသည်ဟု ဆိုရပါမည်။

မနက် ၉ နာရီတွင် မြိုင်ကလေးက ထွက်ခဲ့ကြပါသည်။ နေ့လယ် ၂ နာရီထိုးတော့ ဘားအံနှင့် ကမမောင်းကြားရှိ ရွှေဂွန်းမြို့ကလေးသို့ ဆိုက်ရောက်သည်။ ရွှေဂွန်းကား သံလွင်မြစ်အရှေ့ဘက် ကမ်းနဖူးတွင် ရှိပါသည်။ မေ့ဦးလေး ဖထီးဦးမောင်ငြိမ်း၏ ဇာတိဖြစ်၏။ မေနှင့်ရခါစ ကမမောင်းတွင် နေခဲ့ရစဉ်က ကမမောင်းမှ ဘားအံသွားတိုင်း အသွားအပြန် ရွှေဂွန်းဝင်၍ ဦးမောင်ငြိမ်းတို့ထံ ထမင်းဝင်စားခဲ့ကြသည်ကို သတိရနေမိသည်။ ယခုတော့ သူလည်းမရှိတော့။ လွန်ခဲ့သည့် သုံးလေးနှစ်က ကွယ်လွန်သွားပြီဆို၏။ သို့ရာတွင် သံယောဇဉ် အမျှင်မပြတ်နိုင်ဘဲ ကမ်းပေါ်တက်ပြီး ရွှေဂွန်းကမ်းနား ဈေးတစ်ဝိုက် ဖထီးဦးမောင်ငြိမ်း၏ သားသမီးများကို လိုက်လံစုံစမ်း ရှာဖွေနှုတ်ဆက်လိုက်ပါသည်။

''ဗိုလ်မှူးရေ ...အနောကတော့ ကျွန်မတို့ကို မေ့နေပြီလား မသိပါဘူး''





ဟု ဦးမောင်ငြိမ်း၏ သမီး အကြီးမက ပြောလိုက်သည်။

''မင်းတို့ အစ်မက ဉာတကာနဲ့ သက်ဟောပါကွာ။ ခမေ့ပါဘူး''

ဟု ကျွန်တော်က ပြောခဲ့ရပါသေးသည်။

ကမမောင်းသို့ ထိုနေ့ညနေ နေမဝင်မီ ရောက်ရှိပါသည်။ ကမမောင်းတွင် ကျွန်တော်တို့ တပ်မမှ နည်းဗျူဟာ (၃၃၂) ရှိနေ၏။ သူတို့ဗျူဟာနှင့် တစ်ည အတူအိပ်ဖြစ်သည်။

## ကမမောင်းမှသည် သာလွန်သို့

၁၉ ရက်နေ့တွင် ကမမောင်းမှ စထွက်၏။ ကားလမ်းရှိသော်လည်း ကားမသုံးနိုင်၍ ခြေလျင်ချီတက်ရပါသည်။ ကျွန်တော်၏စစ်ကြောင်းမှာ ဗျူဟာနှင့် ဝန်းသိုတပ်ရင်း နှစ်ခုပေါင်း ဖြစ်၏။ အထမ်းအပိုးတွေနဲ့ အင်အားဖြည့်အဖွဲ့ပါ ပေါင်းလိုက်ပါက လူတစ်ထောင်နီးပါးခန့် ရှိမည်ထင်၏။ ဤစစ်ကြောင်းကြီးအား ဦးဆောင်၍ ဆင်စွယ်အနီးမှ ယွန်းစလင်းမြစ်ကို ကူး၍ သာလွန်သို့

www.burmeseclassic.com



သွားရမည် ဖြစ်ပါသည်။ စုစုပေါင်း မိုင် ၄၀ ခန့်ရှိပါမည်။ တကယ့် ကန္တာရခရီးကြမ်းကြီးပါ။

သို့ရာတွင် ကျွန်တော်ကား စစ်သားဖြစ်သည် ဆိုလျှင်ပင် ဤဒေသ၌ နေလာသူဖြစ်သဖြင့် နယ်မြေအခြေအနေနှင့် ရန်သူ့အထာအား အတော်ကြီး သိနားလည်ထားပြီး ဖြစ်ပါသည်။ သိပ်စိတ်မပူပါ။ ထို့ကြောင့် တပ်ရင်းမှူးနှင့် အရာရှိများအားလုံးကို ခေါ်လိုက်ရပါသည်။ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မင်းမြင့်ဆွေကား မွန်အမျိုးသားဖြစ်၍ ဘီလူးကျွန်းဇာတိဖြစ်၏။ သူကား ရိုးသားကြိုးစား၍ စစ်သားကောင်းတစ်ဦးဖြစ်၏။ ဒီဘက်ကိုလည်း သိပ်ရောက်ဖူးပုံမရ။ သူ့အောက်က ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးဌေးဝင်းကား ရွှေဘိုနယ်၊ တန့်ဆည်သားဖြစ်၍ ကျွန်တော်နှင့် တစ်နယ်တည်းသားများ ဖြစ်ကြသည်။ သူလည်း ရိုးသားကြိုးစားသော စစ်သားကောင်းဖြစ်သည်။ ထိုနေ့က လူစုံသည့်အခါ ကျွန်တော်သည် **Briefing** လုပ်၍ အရာရှိများအား သိသင့်သည်များကို ရှင်းလင်းပြောဆိုရပါတော့သည်။

"ကဲ ... ဒီကနေပြီး တို့ ကတိုင်တိထိ သွားမယ်။ ခရီးက ၂၄ မိုင်ဝေးတယ်။ အရင်တပ်တွေက တစ်ရက်တည်းတော့ မရောက်ကြဘူး။ လမ်းမှာ ရန်သူ့ အနှောင့်အယှက် အတားအဆီးက ရှိတယ်။ အဓိကတော့ မိုင်းပါပဲ။ ဒီကောင်တွေက နင်းမိုင်း၊ ဆွဲမိုင်း၊ တိုက်မိုင်း ဒါတွေ အများဆုံး သုံးတယ်။ မြေအနေအထားကတော့ မြေပြန့်နဲ့ တောင်ကုန်းလေးတွေရောပြီး ကွင်းစပ်စပ်နဲ့ အောက်ခြေရှင်းတာတွေ များတယ်။ ဒါကြောင့် နေရာတိုင်းက ချောင်းပစ်နိုင်တယ်။ မိုင်းဆွဲမယ်၊ ဒါသူတို့ အဓိက အားသာချက်ပဲ။ သိပ်မပူပါနဲ့။ ရှေ့ပြေးနံကာ ကာဘာဦးကင်း နောက်ရံခြင်းဖြင့် စစ်မင်းလိုရာ သွားလေပါ ဆိုတဲ့ အတိုင်းသာ သွားပါ။ ဘာမှမဖြစ်ပါဘူး"

"ဒီက စထွက်ထွက်ခြင်း ဝါကော်ကျေးဆိုတဲ့ ရွာလေး လမ်း ဘယ်ဘက်မှာရှိတယ်။ အဲဒီအထိကတော့ ပြန့်ပဲ။ ကားလမ်းမကြီးက အောင်သိဒ္ဓိလမ်းမကြီးလို့ ခေါ်တယ်။ ကမမောင်း ဖာပွန်လမ်းမကြီးပေါ့။ ဝါးကော်ကျေး လွန်ရင် ဝါးဒူး။ အဲဒီမှာ အထူးသတိထား။ တောင်ကုန်းတွေ များတယ်။ အရင်က တိုက်ပွဲတွေ အများကြီး ဖြစ်ဖူးတဲ့နေရာ၊ ဝါးဒူးကျော်လို့ လမ်းမကြီးအတိုင်း သွား




မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ဝါးသိုးခိုပေါ့ကွာ။ အဲ ... ဒီစစ်ကြောင်းက တော့ လမ်းမကြီးရှောင်ပြီး ညာဘက်ဆင်းမယ်။ ညာဘက် မှာ ကျောက်ကွင်းရွာရှိတယ်။ ကျောက်ကွင်းကျော်ပြီး ရင်တော့ ဒီတပ်စခန်းရှိတဲ့ ရေပူပေါ့ကွာ။ ရေပူနဲ့ ကတိုင် တိကတော့ ၉ မိုင်ကျော် ၁၀ မိုင်လောက်ရှိတယ်ကွ။ ကြားမှာ ဂဟိ လူကြိုးဝိုင်းနဲ့ ကညင်ခုံချောင်းရှိတယ်။ အဲဒီ နေရာတွေကလည်း သတိထားရမယ်။ မိုင်းဆွဲပြီး ချုံခို တိုက်တတ်တယ်''

''အဲဒီတော့ ပို့ဂိုင့်က သွားတဲ့ အဖွဲ့က တဖြည်း ဖြည်းရှင်းသွား မျက်နှာစာကျယ်ကျယ် ဖြန့်ရှင်းသွား။ ဒီ ချီစစ် ဥပဒေသအတိုင်းပေါ့။ ရောက်သွားမှာပါ။ ကဲ ... ဘာမေးစရာရှိကြလဲ''

အားလုံးက မေးစရာမရှိကြောင်းပြော၍ တန်း ဖြုတ်လိုက်၏။ ကမမောင်းက ထွက်တော့ မနက် ၇ နာရီ ၈ နာရီတွင် ဝါးတော်ကျေးသို့ ရောက်၏။ ဝါးကော်ကျေး က ရှိမန်ကက်သလစ်ဘုရားကျောင်းနှင့် သာတောင့်သာ ယာဖြစ်၏။ ယခုအခါ အိမ်ခြေတော်တော် လျော့နေ ပါသည်။ ၁၀ နာရီတွင် ဝါးဒူးရွာကို ရောက်၏။ ရွာ မရှိ





တော့ ဝါးဒူးနားတွင် ကျွန်တော် ငယ်စဉ်က မကြာခဏ ရွှေယောက်ဖများနှင့် တိုက်ပွဲဖြစ်ခဲ့ရပါသည်။ ဖာပွန် တပ်ရင်းမှူး ဗိုလ်မှူးမိုးဟိန်း ကျဆုံးခဲ့သောနေရာနှင့် မဝေးလှပါ။ ရန်သူ့တပ်မဟာ (၇) နှင့် (၁) တို့ ကျက်စားရာ နေရာလည်း ဖြစ်ခဲ့ပါ၏။ ဝါးဒူးနှင့် ဝါးသိုးခိုကြား ကားလမ်း အတိုင်းဆက်သွားက အန္တရာယ်ရှိနိုင်သည်။ စစ်ကြောင်း အား ညာဘက် ကျောက်ကွင်းသို့ ဆင်းခိုင်းမှဖြစ်မည်။ ဤနေရာတစ်ဝိုက်ကား ကျောက်တောင်ကုန်းများ၊ ဘန့် ဘွေးတောများရှိသဖြင့် ရန်သူမှ ချုံခို၍တိုက်လို့ခိုက်လို့ ကောင်းသည့်နေရာဖြစ်ပါသည်။ သတိကြီးစွာ ထားရ သည်။ ရှေးဖြစ်ဟောင်းများကို သတိရလိုက်သဖြင့် ကျွန် တော်သည် အတူပါလာသည့် ဂျီသရီး ဗိုလ်ကြီးစိုးဝင်း ဘက်သို့လှည့်ကာ ...

''ဗိုလ်ကြီးစိုးဝင်း ... တပ်ရင်းမှူးကို ပြော။ ဝါးဒူးကထွက်ရင် ကားလမ်းကြီးကို ကပ်မသွားနဲ့တော့။ ဒီနားမှာ တိုက်ပွဲ ခဏခဏ ဖြစ်တယ်။ ဝါးသိုးခိုကလည်း သိပ်မလွယ်ဘူး။ ညာဘက် ကျောက်ကွင်းကို ဆင်းခိုင်း''

ဗိုလ်ကြီးစိုးဝင်းက ကိုယ်တိုင် တပ်ရင်းမှူးကို



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့ကာ သတင်းပို့လိုက်သည်။ ခဏအကြာတွင် စစ်ကြောင်းက ညာဘက်ကျောက်ကွင်းသို့ ထိုးချလိုက်၏။ ကျောက်ကွင်းသွားသည့် လှည်းလမ်းကား ဖြူးနေ၏။ ၁၅ မိနစ်ခန့်သာ သွားလိုက်ရသည်။ "ဖောင်း … ဒိုင်း" "ပတောက် … ပတောက်" ရုတ်တရက် လက်နက် ငယ်သံ ထွက်လာ၏။ ထို့နောက် "ဖောင်းကျိမ်း" "ဖောင်း ကျိမ်း" "ဖောင်းကျိမ်း" "ဖောင်းကျိမ်း" ဟူ၍ အမ် ၇၉ အသံများ ဆက်တိုက်ကြားလိုက်၏။ ဘာဖြစ်သလဲဟု ကျွန်တော်တို့က စက်ဖွင့်မေးလိုက်ရာ ရန်သူပြောက်ကျား လေးငါးဦးနှင့် မိမိပွိုင့်တို့ ထိတွေ့မှုဖြစ်ကြောင်း၊ ရှေ့ထွက် မိုင်းနှစ်လုံးနှင့် နင်းမိုင်းအချို့အား တိုက်ပွဲနေရာမှ သိမ်း ဆည်းရမိကြောင်း၊ မိမိ အထိအခိုက်မရှိကြောင်း၊ ပတ်ဝန်း ကျင် ရှင်းပြီးကြောင်း၊ ပွိုင့်တပ်ခွဲမှ သတင်းပို့သဖြင့် ကျွန်တော် လိုက်သွားပါသည်။ ပေ ၄၀၀ ခန့်မြင့်သည့် ဘန်ဘွေးပင်များပေါက်နေသည့် ကျောက်တောင်ကုန်း လေးအတက်တွင် ရန်သူအဖွဲ့ငယ်တစ်ခုမှ မိုင်းဆွဲရန် စီစဉ်နေဆဲ ထိတွေ့မှုဖြစ်ခြင်းဖြစ် သည်။ ကျွန်တော်တို့ တပ်နှင့် ပစ်ခတ်မှုဖြစ်ပြီး ရန်သူအဖွဲ့ အရှေ့ဘက်သို့ ဆုတ်

မြရတနာစာပေ



သွားခြင်းဖြစ်၏။ ထိုနေရာသို့ ကျွန်တော်တို့အရောက်တွင် တပ်ရင်းမှူးမှ …

"မိုင်းတွေနဲ့ နိုင်လွန်ကြိုးတစ်ခွေ ရလိုက်တယ် ဗျာမှူး။ ဒီကောင်တွေ လေးငါးခြောက်ယောက်ပဲ ရှိပါတယ်၊ ထိုင်ထားတဲ့နေရာတွေ တွေ့တယ်"

ကျွန်တော်က ရန်သူနေရာယူထားသည့် နေရာ များကို ကြည့်ရာ ဝါးရေဘူးတစ်ဘူးနှင့် သစ်ရွက်များခင်း ထားသည်ကို တွေ့ရ၏။

"အင်း … တပ်ရင်းမှူးရေ ပုံကတော့ အိပ်စောင့် ထားတဲ့ပုံပဲ။ သတင်းရပြီး အပိုင်ဆော်ချင်ပုံရတယ်။ ကံ ကောင်းလို့"

ကျွန်တော်တို့ကုန်းလေးပေါ်တွင် စကားကောင်း နေစဉ် "ဖောက်" ခနဲ အသံကြား၍ လှည့်ကြည့်ရာ ရုတ် တရက် မမျှော်လင့်ဘဲ ၆၀ မီလီမီတာစိန်ပြောင်းဟု ယူဆ ရသည့် လက်နက်ကြီးသုံးလေးလုံး "အုန်း" ခနဲ "အုန်း" ခနဲ ကျရောက် ပေါက်ကွဲလာ၏။ ကျည်ဆန်များက ကျွန်တော်တို့နှင့် ဝါးတစ်ရိုက်၊ နှစ်ရိုက်အကွာတွင် လာ ကျရာ လျင်မြန်စွာ မှောက်၍ နေရာယူလိုက်ရသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နီးရာသစ်ပင်လည်း ပြေးမကပ်ရဲ၊ သစ်ပင်အောက်တွင် လှုနင်းမိုင်း ထောင်ထားနိုင်၏။ တက်နင်းမိပါက ဗျူဟာမှူး ဖြစ်ပြီးမှ အတိုတစ်၊ အရှည်တစ် ဖြစ်သွားနိုင်၏။ ဗုံးပေါက် ကွဲမှုကြောင့် ဖုန်များ၊ ကျောက်ခဲများ၊ သစ်ကိုင်းစများက ကျွန်တော်တို့ကြားထဲတွင် "ဒိုး" ခနဲ "ဒိုး" ခနဲမြည်၍ လွင့်ပျံ့သွား၏။ အချို့ကျောက်ခဲများက ကျွန်တော်အား လာစင်ကြ၏။ မိမိစစ်ကြောင်းမှ ပြန်ပစ်မည် လုပ်၏။ ရန်သူက ဘယ်မှာနေမှန်း တိတိကျကျမသိ။ ပြန်ပစ်လိုက်က မိမိရှိရာအရပ်ကို ညွှန်ပြသလို ဖြစ်သွားမည်။ မိမိတို့တွင် အထမ်းတွေအပိုးတွေ ဝန်စည်စလည်တွေနှင့် လူတွေအများကြီးနှင့် ရှုပ်ယှက်ခတ်၍နေရာ ရန်သူလက်နက်ကြီး ထပ်ကျက ဖွဲ့စည်းပုံပျက်သွားပေမည်။

ထို့ကြောင့် ပြန်မပစ်ဘဲ ဆက်ထွက်စေ၏။ ၁၂ နာရီတိတိတွင် ကျောက်ကွင်းသို့ ရောက်၏။ ကျောက်ကွင်းက အတော်ပြန့်ပြူးသည့်နေရာလေးဖြစ်၏။ ကျွန်တော်ငယ်စဉ် ရေပူစခန်းမှူးဘဝက မကြာခဏ ရောက်ခဲ့ဖူး၏။ ကျောက်ကွင်းရောက်သည်နှင့် မိတ်ဆွေဟောင်း ကိုမဲကျော်တို့၊ ကိုရွှေတင်တို့ကို မေးရာ ကမမောင်းသို့





ပြောင်းသွားကြောင်းသိရ၏။ ရေပူလလသသတွင် အတူနေခဲ့သည့် စောသောင်းစိန်တို့သာ ပြန်တွေ့ခဲ့ရပါသည်။ တွေ့လျှင်တွေ့ချင်း သူက ...

"ဟာ ... ဗိုလ်ကြီး ... ကျုပ်က ဘယ်သူလဲလို့ ခင်ဗျားကို။ ခင်ဗျားနာမည် မနှစ်ကတည်းက ကြားနေတာ။ အခုမှ ရောက်လာတော့တယ်။ မတွေ့တာကြာပြီနော်"

"ဟုတ်တယ် ... စောသောင်းစိန်ရေ၊ မတွေ့ဆို အနှစ်နှစ်ဆယ်ကျော်ပြီ။ ခင်ဗျား အခု ဘာလုပ်နေလဲ"

"ဘာလုပ်ရမလဲ။ လလသသမှ မရှိတော့တာ။ တောင်ယာခုတ်ပဲပေါ့"

စောသောင်းစိန်က ကျွန်တော် ဗိုလ်ပေါက်စဘဝ ၁၉၆၈ ခုနှစ်က ရေပူစခန်းတွင် စခန်းထိုင်နေစဉ် ရေပူလလသသမှ ဝန်ထမ်းတစ်ဦးဖြစ်၏။ သူက ရိုးသား၍ သွက်သွက်လက်လက် လူငယ်လေးဖြစ်သဖြင့် စခန်းအတွက် တောက်တိုမယ်ရများ ခိုင်းရ၏။ ထို့အပြင် ကျွန်တော့်ကိုလည်း ...

"မူကနော ဒဲ့ ဖိုးသာခွား ဆောတပေ့၊ အောခီးဒါး" စသည့် ဒေသခံတိုင်းရင်းသား အပျို၊ လူပျိုတို့၏



www.burmeseclassic.com

www.burmeseclassic.com



သီချင်းများနှင့် ...

"ရက္ခနာဂေ ဒို့မ" "ရအဲ့နား" စသည့် အပြောင်အပျက်စကားများကိုလည်း သင်ပေး၏။ ဤသို့ဖြင့် သူနှင့်အထူးပင်ရင်းနှီးခဲ့၏။

ကျွန်တော်က ပါလာသည့် ကရင်လုံချည်တစ်ထည်နှင့် အာမီရမ်တစ်ပုလင်း လက်ဆောင်ပေးပြီး ...

"ဘယ်လိုလဲ စောသောင်းစိန်။ ဒီနားမှာ အခြေအနေ ဘာထူးလဲ"

စောသောင်းစိန်က ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ရင်း ကျွန်တော့်အား ...

"ဗိုလ်ကြီး ... ဟာ ... ဗိုလ်မှူး။ အဲ ... ဗျူဟာမှူး။ ခင်ဗျားတို့ကံကောင်းသွားတယ်။ ကားလမ်းကြီး အတိုင်းသွားရင်တော့ ဝါးသိုးခိုကုန်းမှာ အကြီးအကျယ်ချမလို့ လုပ်ထားတယ် ကြားတယ်။ ဗဟိုက ဝါးဒယ်တောင်ပါသတဲ့။ ပြောကြတာပဲလေ"

ဝါးဒယ်သတင်းကြားတော့ ကျွန်တော်က စိတ်ဝင်စားသွား၏။

"စောစောက ပစ်သွားတာ ဘယ်သူတွေလဲ"





"အဲဒါက ရွာခံတွေပါ။ ကျုပ်သိပါတယ်။ လမ်းမကြီးအတိုင်း မသွားမိတာ ကောင်းတယ်။ သွားရင် သူတို့လူအများကြီးနဲ့ တွေ့မယ်"

သူပြောတာ ဟုတ်,မဟုတ်တော့ မသိ။ ရန်သူ့ဗဟိုမှ အထူးတိုက်ခိုက်ရေးတပ်များ ရှိပါက အမြန်သွားမှ သင့်ပေမည်။ ထို့ကြောင့် ကျွန်တော်က စစ်ကြောင်းကိုမရပ်ဘဲ ခဏနားပြီး ဆက်ထွက်စေ၏။ စောသောင်းစိန်ကို ခေါ်လာချင်သော်လည်း သူ့အတွက် စိုးရိမ်၍ မခေါ်ခဲ့တော့ပါ။ နှုတ်ဆက်ခဲ့ပါ၏။ ညနေ ၄ နာရီတွင် ရေပူစခန်းသို့ရောက်၏။ ရေပူတွင် ခမရ (၁၁) မှ ဒုတပ်ရင်းမှူးဗိုလ်မှူးသိန်းဦးနှင့်အဖွဲ့က စောင့်နေ၏။ ရေပူတွင် ခဏနားကာ သတင်းစုဆောင်းရပေဦးမည်။ ယနေ့၏ နောက်ဆုံးရည်မှန်းချက်ကား ကတိုင်တီဖြစ်၏။ ကတိုင်တီ ရောက်,မရောက်ကား အတတ်မပြောနိုင်သေး။

## ရေပူနှင့် ကတိုင်တီကြားက ညတိုက်ပွဲကလေး

ရေပူစခန်းကား ကျွန်တော် ဒုတိယဗိုလ်ဘဝက လပေါင်းအတော်ကြာအောင် စခန်းထိုင်ခဲ့သည့် နေရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပတ်ဝန်းကျင်တစ်ခွင်ကို ကျွန်တော် ကောင်းစွာ သိပါသည်။ သို့ရာတွင် နောက်ဆုံးအခြေအနေကိုကားမသိ။ ထို့ကြောင့် စခန်းမှူး ဗိုလ်မှူးသိန်းဦးအား မေးရ၏။

''ဗျူဟာမှူး ခင်ဗျ။ ပြောက်ကျားအဖွဲ့လေးတွေကတော့ Icom စက်ကလေးတွေနဲ့ အမြဲရှိတတ်ပါတယ်။ မနက်ပိုင်း ဗျူဟာမှူးတို့နဲ့ တွေ့တာလည်း ပြောက်ကျားတွေပါ။ တိုက်ခိုက်ရေးအဖွဲ့ကြီး မဟုတ်ပါဘူး။ သူတို့ပြောက်ကျားမှာ စိန်ပြောင်းအဖွဲ့တွေ ဘာတွေရှိတတ်ပါတယ်''

''ဒါဆို မနက်က ကိုယ်တို့ကို စိန်ပြောင်းနဲ့ ပစ်သွားတာလည်း ပြောက်ကျားတွေပဲပေါ့။ ဗဟိုက ဝါးဒယ်အဖွဲ့ထိုကျောက်ကွင်းက ပြောတာ မဟုတ်ဘူးလား''

''မဟုတ်ပါဘူး ခင်ဗျ။ အဖွဲ့ကြီးဆို ကျွန်တော်သတင်းရပါတယ်''

''လောလောဆယ်ရော ကတိုင်တိ ခရီးစဉ်အတွက် ဘာသတင်းရသေးလဲ။ ဘာထူးသေးလဲ''

''ဂဟိလူကြိုးပိုင်းနဲ့ ကညင်ခုံချောင်းဆုံမှာ မိုင်းထောင်၊ မိုင်းဆွဲ လုပ်တတ်ပါတယ်။ ဗျူဟာမှူးတို့ကို





လုပ်ဖို့တော့ သူတို့အချင်းချင်း စက်ထဲမှာ ပြောသံဆိုသံကြားပါတယ်။ ရေပူသူကြီးမဆီကလည်း အဲဒီ သတင်းရထားပါတယ်။ ဗျူဟာမှူးတို့ စစ်ကြောင်းကြီး နက်ဖြန်လင်းလင်းချင်းချင်းမှ သွားပါခင်ဗျ''

ဗိုလ်မှူးသိန်းဦးအား ဘာမှပြန်မပြောတော့ပါ။

ကျွန်တော်သည် စစ်ကြောင်းကြီးတစ်ခုလုံးအား အနားပေးကာ ထမင်းချက်ခြင်း၊ ညစာစားခြင်း စသည့် အုပ်ချုပ်မှုကိစ္စများကိုဆောင်ရွက်စေ၏။ ထို့နောက် အခြေအနေအရပ်ရပ်ကို သုံးသပ်၏။ ညစာစားပြီးချိန်တွင် ဂျီသရီး ဗိုလ်ကြီးစိုးဝင်းနှင့်အတူ ကတိုင်တိသွားရာ အောင်သိဒ္ဓိကားလမ်းမကြီးပေါ်တက်၍ ပိစပ်ပင်များကြား တိုးဝှေ့ပြီး မြေအခြေအနေကို လေ့လာ၏။

''လား ...လား ...ကားလမ်းမပေါ်မှာ လတ်လတ်ဆတ်ဆတ် ကျွဲနွားခြေရာတွေပါလား''

မိုး တစ်ပြိုက် နှစ်ပြိုက်ရွာထားသည်မှာ မကြာသေး၍ ကားလမ်းမပေါ်တွင် ရေတင်နေပြီ။ ကျွဲ နွားခြေရာအသစ်စက်စက်များက ထင်ရှားစွာ ရှိနေ၏။ ကိုက်လေးငါးရာ တစ်ထောင်ခန့်အထိ လိုက်လံကြည့်ရှုကာ ထိုအချ

www.burmeseclassic.com



ပြုတ်သားသော ဆုံးဖြတ်ချက်တစ်ခုအား ချလိုက်၏။

"ဟော့ ... စိုးဝင်း ... ဒီ ကားလမ်းမကြီးအတိုင်း ဆက်ထွက်မယ်ကွ။ မင်း အားလုံးကို လိုက်ပြောလိုက်တော့"

ည ၈ နာရီ စစ်ကြောင်းကြီး ပြန်ထွက်ချိန်တွင် ဗိုလ်မှူးသိန်းဦးက မသွားရန် တားသေး၏။ ကျွန်တော်က လက်မခံပါ။ ကားလမ်းအတိုင်း ကျွန်တော်တို့ စစ်ကြောင်းကြီးထွက်သွားသည်ကို အံ့ဩစွာဖြင့် နှုတ်ဆက်ကာ ကျန်ခဲ့ပါသည်။

ကားလမ်းအတိုင်း ချီတက်ခဲ့သဖြင့် ချီတက်မှုက မြန်ဆန်၏။ မထွက်မီကတည်းက ပို့ိုင့်သွားမည့်အရာရှိများအား အခြေအနေကို မှာကြားထားပြီး ဖြစ်၏။ ည ၁၀ နာရီတွင် ကညင်ဒုံချောင်းဆုံအနီး ရောက်၏။ ချောင်းဆုံအနီးရောက်ခါမှ ကတိုင်တီက စက်ဖြင့် ရန်သူဆွဲမိုင်းဆွဲမည့် အဖွဲ့တစ်ဖွဲ့ ချောင်းဆုံတွင် စောင့်နေကြောင်း သတင်းပေးလာသည်။

"ဘာတဲ့လဲ ဗိုလ်ကြီးစိုးဝင်း"

"ရန်သူအဖွဲ့ ဆွဲမိုင်းဆွဲပြီး ချောင်းပစ်ဖို့လုပ်





နေတယ်တဲ့ ဗျူဟာမှူးကြီး။ အဲဒီသတင်း ခုမှရလို့ ပေးရတာတဲ့ ခင်ဗျ"

"ဟေ"

ကညင်ဒုံချောင်းနှင့်က အလွန်နီးနေပြီ။

"ဟော့ ... ပို့ိုင့်ကို ခဏရပ်ဖို့ပြောထား"

ကျွန်တော်နှင့် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မင်းမြင့်ဆွေတို့ ရှေ့သို့ အတင်းတက်လိုက်သွားကြသည်။

"ဟော့ ... ပို့ိုင့်တပ်ခွဲ ရပ်ထားပြီလား"

ကွင်းစပ်အရောက်တွင် မေးလိုက်သည်။

ကွင်းကိုလွန်မှ ကညင်ဒုံချောင်း ရောက်မည်။ မေလမို့ မိုးမများသေး၍ ကညင်ဒုံချောင်းကို လူ ကောင်းစွာ ကူး၍ရပါသည်။

ယနေ့ကား မေလ ၁၉ ရက်နေ့ဖြစ်သည်။ သို့ မဟုတ် ကဆုန်လဆန်း ၁၀ ရက်နေ့ အချိန်က ည ဆယ်နာရီကျော်။

ကောင်းကင်တွင်မူ တိမ်များဖုံးနေရာ လဆန်းဆိုသော်လည်း လရောင်က ကောင်းစွာ မလင်းပါ။

ကညင်ဒုံချောင်းစပ်မှ ယွန်းစလင်းမြစ်ဆုံသို့ ဆိပ်



www.burmeseclassic.com

www.burmeseclassic.com



မဝေးလှ။ မှုန်ပျပျ အလင်းရောင်နှင့်ပင် ခပ်ရေးရေး လှမ်းမြင်နေရ၏။ ချောင်းဆုံနှင့် ကတိုင်တိ ၃ မိုင်ခန့် သာဝေး၏။ ကိုင်းတောဆိုသည့် ကြံသကာချက်သည့် ရွာလေးက အိမ်ခြေ ဆယ်လေးငါးလုံးနှင့် ယွန်းစလင်းမြစ် အနောက်ဘက်ကမ်းမှာ ဖြစ်ပါသည်။

ကျွန်တော်တို့ ကွင်းစပ်ရောက်၍ ကြည့်သောအခါ ကွင်းထဲ၌ မမျှော်လင့်ဘဲ နွားအုပ်ကြီးတွေ့ရ၏။ အကောင် သုံး လေး ငါးဆယ်ခန့်ရှိမည်။

ကျွန်တော့်ခေါင်းထဲတွင် အတွေးတစ်ချက် လက်သွား၏။

"ဒီကောင်တွေ ဆွဲမိုင်းဆွဲရင် ချောင်းဆုံဘက်က ဆွဲမှာပဲ။ အဲဒီဘက်မှာ ကြံတောအပေါင်းတွေရှိနေတယ်။ ဒါပြီးရင် ဟိုဘက်ကမ်းကူးပြေးကြမယ် ထင်တယ်"

ကျွန်တော်သည် ထိုသို့တွေးပြီး အောက်ပါအတိုင်း ပြောလိုက်တော့၏။

"ကဲ ... တပ်ရင်းမှူးကြီး ရှေ့မှာ မြင်နေရတဲ့ နွားအုပ်ကြီးကို ရေထဲမောင်းချလိုက်"

"နောက်ပြီးတော့ လိုလိုမယ်မယ် ၆၀ မီလီမီတာ





စိန်ပြောင်း ၂ လက်ဆင်ထား၊ ပစ်ဖို့လိုရင် ပစ်မယ်"

ခဏအကြာတွင် နွားအုပ်ကြီးကို ပို့ဖို့တပ်ခွဲမှ စစ်သည်များက ကွင်းစပ်မှ ကညင်ဒုံချောင်းထဲ မောင်းချလိုက်ကြသည်။ အော်ဟစ်မမောင်းဘဲ တိုးတိုးတိတ်တိတ် မောင်းရန်မှာ လိုက်ရ၏။ နွားအုပ်ကြီးက ကြောက်လန့်ပြီး တရုန်းရုန်းနှင့် ရေထဲ ပြေးဆင်းသွား၏။ ချောင်းဟိုဘက်ကမ်းအတက်တွင်ကား "အုန်းကျိမ်း" ဆိုသည့် အသံကြီးထွက်ပြီး မိုင်းကွဲသံကြီး ကြားတော့၏။ မိုင်းသံကြားမှ လရောင်မှုန်မှုန်ဝါးဝါးကလည်း လုံးဝပျောက်သွားသည်။ တိမ်မည်းကြီးတစ်လုံးက လကို ဖုံးနေသည်မို့ ဘာမှ မမြင်ရပါ။

"ပတောက် ... ပတောက် ... ပတောက် ဒိုင်း ... ဒိုင်း ... ဒိုင်း"

"ဟ ... လက်နက်ငယ်တွေနဲ့ လှမ်းပစ်နေပါလား။ ဘယ်ဘက်က ပစ်တယ်ထင်လဲ"

"မီးရောင်ကြည့်ရတာတော့ ယွန်းစလင်း ဟိုဘက်ကမ်းက ပစ်နေတာ ဗိုလ်မှူးကြီး"

ယွန်းစလင်းမြစ် ဟိုဘက်ကမ်းကဆိုတော့ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



စရာသိပ်မရှိပါ။ ဒါပေမဲ့ မိန်းမအမျိုး ဒေါ်တခွါးများကို တော့ ပညာပေးရပါဦးမည်။ ကမမောင်းရောက်သည့်နေ့ ညက မြို့ပေါ်က မိန်းမအမျိုးတွေ လာတွေ့ကြသည်။ အုံးတောမှ အချို့လည်းပါ၏။ အုံးတောရွာကား ကျွန်တော့် ယောက္ခမ အမကြီး စာသင်ခဲ့သည့်ရွာ။ ယောက္ခမကြီး ကား အုံးတောသူဆိုသော် ရပါ၏။ အုံးတောသည် စနေသင်းရွာဖြစ်၏။ KNU ထဲသို့ လိုက်ပါသူ စာတတ် ပေတတ်များ ရှိ၏။ အချို့ဆို ရာထူးကြီးကြီး ဟိုဘက်မှာ ရကြသည်။ KNU သံလွင်မြစ်ရိုး တပ်ရင်းမှူး ကျော်ခြား ခေါ် ချာတိတ်သည် အုံးတောသားဆို၏။ ဝါးဒယ်လည်း အုံးတောသားဟု ဆိုသည်။ သူတို့သည် ကျွန်တော့်မိန်းမ အမေကြီးနှင့် ဆွေမကင်း မျိုးမကင်းဟု ဆိုပြန်၏။ လမ်းမှာ ဝါးဒယ်က စိန်ပြောင်းနှင့် ပစ်သွားသေးသည်။ ကံကောင်း လို့ ဘာမှမဖြစ်တယ်။

အခုလည်း မိုင်းဆွဲပြီး အငယ်တွေနဲ့ ပစ်နေ၏။

"ကဲ ... တပ်ရင်းမှူးကြီး ထင်တဲ့အတိုင်းပဲ။ ရန်သူက ပစ်နေပြီ။ ၆၀ မီလီမီတာလေး လက်ဆောင် ပြန်ပေးလိုက်ပါဦး။ လေးငါးဆယ်လုံးပေါ့"





"ဝုန်းဂျိမ်း ... ဝုန်းဂျိမ်း ... ဝုန်းဂျိမ်း"

၆၀ မီလီမီတာ စိန်ပြောင်း ဆယ့်လေးငါးလုံး သွန်းစလင်းဟိုဘက်ကမ်း လှမ်းပစ်လိုက်သည်။ ထိုအခါ ငုံးသီးများ တအုန်းအုန်းပေါက်ကွဲသွားမှ တဖျောက်ဖျောက် ပစ်နေသည့် အငယ်သံများ ရပ်သွားတော့၏။

"ရပြီ ... ကူးကြတော့"

ပစ်ခတ်မှုပြီးသည်နှင့် ကညင်ဒုံချောင်းကို အလျင် အမြန် ဖြတ်ကူးကြသည်။ ရေသိပ်မနက်ပါ။ ကျွန်တော့် ခါးလယ်လောက်သာရှိပါ၏။ ရေပြင်ကတော့ ကိုက် သုံး လေးငါးဆယ် ရှိပါသည်။ အချို့နေရာများ၌ ရင်ခေါင်း လောက် နက်သည်။ ထို့ကြောင့် လမ်းကြောင်းသတ်မှတ် ပြီး ကူးစေရသည်။

ပွိုင့်တပ်ခွဲကူးပြီး တပ်ရင်းမှူးနှင့် ကျွန်တော်တို့ ကူးကြသည်။ ဗျူဟာရုံးအဖွဲ့ကိုပါ ကူးခိုင်းရ၏။

ကညင်ဒုံချောင်းကူးပြီးသည်နှင့် အချိန်က ည ဆယ့်တစ်နာရီထိုးပြီး ကညင်ဒုံ ကတိုင်တိမှာ လမ်း ကောင်းပါသည်။ ထို့ကြောင့် တပ်ဖွဲ့များကို အပြင်းသုတ် ချီတင်စေသည်။ ကျွန်တော် ကိုယ်တိုင်လည်း အပြင်း



www.burmeseclassic.com

www.burmeseclassic.com



ချီတက်ခဲ့သည်။

ည ဆယ့်နှစ်နာရီတိတိတွင် ကတိုင်တီစခန်းသို့ ချောချောမောမော ရောက်တော့၏။

''ဟာ ... အဘ ... အဘက ကမမောင်းဗေ ကတိုင်တီ ၂၄ မိုင်ကို တစ်ညတည်း အရောက်ဆွဲလာတာ ကိုး။ ကျွန်တော်တို့က ရေပူမှာ အိပ်မယ်ထင်နေတာ''

ကတိုင်တီစခန်းမှူးက ဝမ်းသာအားရ သီးပြော ပါသည်။

''နားလို့မရဘူးကွ။ နားရင် ခံသွားရမယ်။ အခုဟာ တောင် စောင့်ပြီး မိုင်းဆွဲသွားသေးတယ်။ ဒီကောင်တွေ မှောင်နဲ့မည်းမည်းမှာ လူနဲ့နွား မှားပြီး ဆွဲမိလို့။ အဲလို မဟုတ်ရင် သိပ်မလွယ်ဘူး''

''အဘက ဒီအရပ်သားပဲ အဘရယ်။ သူတို့ အကြောင်းတွေ သိပြီးသားပါ''

''အေးပေါ့ကွာ။ ဒါကြောင့် သက်သာသွားတာ ပေါ့''

ထိုညက မောမောနှင့် ကတိုင်တီစခန်းတွင် အာ ရမ်လေး တစ်ခွက်တစ်ဖလား သောက်သုံးကာ နှစ်မြို






www.burmeseclassic.com

www.burmeseclassic.com




၁၉၉၄ ခုနှစ်၊ မေလ စာရေးသူနှင့် ဗျူဟာရုံးအဖွဲ့ သာလွန်သို့ချီတက်စဉ် ဘားအံ တစ်ဖက်ကမ်း
မြိုင်ကလေး တွင် ဓာတ်ပုံ
(ဘယ်မှ ညာ ဗိုလ်ကြီး အောင်မိုးထွေး၊ ဒေါက်တာမြင့်မော်၊ စာရေးသူ၊ ဗိုလ်မှူးဌေးနိုင်)





၁၉၅၂ ခုနှစ်မှ ၁၉၇၅ အထိ စာရေးသူတာဝန်ထမ်းဆောင်ခဲ့သည့်
မြန်မာနိုင်ငံတောင်ပိုင်းဒေသများ

www.burmeseclassic.com

www.burmeseclassic.com





ရွှေရေး၊ သောကြီးလယ်၊ ကညင်ဇုံ၊ ကတိုင်တီ ဒေသပြမြေပုံ




ရှမ်းပြည်နယ်တောင်ကြီးဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com





ရွာ အိပ်စက်အနားယူလိုက်ပါသည်ခင်ဗျား။

**နိဂုံးချုပ်စော်ပြချက်**

ညက ဒေါတခွားများနဲ့ ချောင်းဆုံမှာ ညတိုက်ပွဲကလေး ဆင်နွှဲခဲ့ပါသည်။

ကတိုင်တီစခန်းတွင် ရန်သူသုံး Icom လေးများနှင့် စခန်းမှူးက သူတို့ပြောစကားများကို ဖမ်းပြီး နားထောင်ကာ Intercept လုပ်နေသည်။

"ဘာတွေများပြောလဲ စခန်းမှူး"

"ညက စစ်ကြောင်းက အတော်လူလည်ကျတယ်။ အဲဒါကြောင့် သူတို့မှားပြီး နွားတွေကို မိုင်းခွဲလိုက်လို့ အထက်က အဆူခံရတယ်လို့ အချင်းချင်းပြောနေတယ်"

"ဩော်"

"တခြား ဘာပြောသေးလဲ"

"ဒီတစ်ခါ မလုပ်လိုက်ရရင် နောက်တစ်ခါ လုပ်ဦးမယ် ပြောပါတယ်ခင်ဗျ။ အခုလာတဲ့ ဗျူဟာမှူးကို လူလည်လို့ ပြောပါတယ်ခင်ဗျ"

"ဟေ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားကြောင့် ပြုံးမိပါသည်။

"ရပါတယ်။ လုပ်ပါစေ။ အပြန် ဗိုလ်မှူးကြီး သန်းအောင်ဗျူဟာကို သေချာမှာလိုက်ကြတာပေါ့"

မနက်ခုနစ်နာရီသာသာတွင် မရောက်တာကြာခဲ့သည့် ရွာထဲ ကျွန်တော် ဆင်းခဲ့သည်။ သိမှောင်းကျွမ်းဟောင်းများကို နှုတ်ဆက်သည်။

ဦးကဘူ၊ ကိုတင်စိုး၊ ကိုမောင်မောင်၊ အန္တုဆိုင် စသည့် B.M.O များ ဦးတာတေ၊ ဒေါ်မြင့် စသည့် ဗမာကရင်များ စသည့်မိတ်ဟောင်းဆွေဟောင်းများကို တွေ့ရာအားလုံးက ဝမ်းသာအားရ ထွက်နှုတ်ဆက်ကြသည်။

ကတိုင်တီကို ၁၉၇၅ ခုနှစ်က နောက်ဆုံးရောက်ခဲ့သည်။ အခု ၁၉၉၄ ခုနှစ်တွင် ပြန်ရောက်တာဆိုတော့ အနှစ် ၂၀ ကြာခဲ့ပြီ။ ဟိုတုန်းက ဗိုလ်ကြီးရာထူး တပ်ခွဲမှူး အခုတော့ ဗိုလ်မှူးကြီး ရာထူး၊ ဗျူဟာမှူး။ ဒါပေမဲ့ အားလုံးက ရှေးယခင်လို အခင်မင်မပျက်ရှိနေဆဲမို့ ဝမ်းသာသည်။ သူတို့နှင့် ဖာပွန်တပ်အကြောင်း ပြောမိသည်။ အတူတူနေခဲ့ကြသည့် ဗိုလ်ကြီးအေးကျော်၊ ဗိုလ်





ခင်မောင်ယဉ်၊ ဗိုလ်တက်ထွန်း၊ ဗိုလ်တိုးမိုတို့ အကြောင်းတွေပါ ပြောဖြစ်သည်။

အားလုံးစကားပြောကောင်းနေစဉ် ရွာတောင်ဘက်မှ ရွာသားအချို့ အသားတွဲများ ဆွဲကာ ပြန်လာနေကြသည်။

"ဘာသားတွေလဲ"

"အမဲသားတွေ။ ညက ချောင်းဆုံမှာ မိုင်းထိသွားလို့ သွားဖျက်ကြတာ"

"ဗျူဟာမှူးကြီးတို့အဖွဲ့ကို ဆွဲတဲ့မိုင်းလို့ ပြောကြတယ်"

"ဟုတ်ပါတယ်။ ဒါပေမဲ့ နွားအုပ်ကြီးက ကြောက်ပြီး ရေထဲဆင်းပြေးတော့ အမှောင်ထဲမှာ နွားတွေကို [illegible]တွေထင်ပြီး ဆွဲလိုက်တယ်ထင်ပါတယ်ဗျာ"

ကျွန်တော်က ထိုသို့ပြောတော့ အားလုံး ခေါင်းညိတ်ညိတ်နှင့်လုပ်နေကြ၏။

တကယ်တော့ နွားအုပ်ကြီးက ကြောက်ပြီး ရေထဲဆင်းပြေးကြခြင်းမှာ ကျွန်တော်တို့နောက်က တိတ်တိတ်လေး မောင်းချလိုက်၍သာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းနှောင်းဖြစ်များကို ပြောပြီး စခန်း[illegible] ၁၀၀၀ ခန့်နှင့် တရကြမ်း ချီတက်ခဲ့ရာတွင် ဖြစ်စဉ်
ပြန်တက်ခဲ့၏။ ရှေးဟောင်းနှောင်းဖြစ်တွင် ဗိုလ်ချေ[illegible]ရှိပါ၏။ ကမမောင်းကအလာ ဝါးဒူးအလွန်၌ မိုင်း
လေးဘဝက နို့ဖောထိရွာကလေးမှာ ကျွန်တော် သေ[illegible]ပြီး ကျောက်ကွင်းနားတွင် စိန်ပြောင်းနှင့် ရန်သူမှ
တစ်လက်ဆုံးတဲ့ကိုစွလည်း ပါပါသည်။ အဲဒီတုန်းက[illegible]တစ်သွားခြင်းနှင့် ကညင်ခုံချောင်းဆုံတွင် ဒေါ်တချွား
က်ကောင်းလို့။ မိန်းမက သားကြီးကိုယ်ဝန်နဲ့။ ကျွန်တော်[illegible]မှ မိုင်းဆွဲပြီး အဝေးမှ လှမ်းပစ်ခြင်း ၂ ခုဖြစ်ပါ
သေများသွားခဲ့ရင် သားကြီး မောင်ဖိုးချွန် အဖေ[illegible]ည်။ ကျောက်ကွင်းတုန်းက ရန်သူကို ပြန်မပစ်ပါ။
တောင် ရှိမှာမဟုတ်ပါ။ [illegible]နေခဲ့ပါသည်။ သူက လူကလေး လေးငါးယောက်နဲ့
စဉ်းစားခန်းကို ဖြတ်လိုက်သည်။ [illegible]သေးက လာလုပ်တာ။ ပြန်ပစ်လို့ ကိုယ့်တပ်တည်
ယနေ့ သာလွန်သို့ အရောက်သွားရမည်[illegible]သွားရင် ဟိုက ထပ်ပစ်ဦးမည်။ ကိုယ့်မှာက လူ ၁၀၀၀
မနက်စာစားပြီး ခရီးထွက်ရန်ပြင်ရပြန်ပါသည်။ ဟို[illegible]ယောက်နဲ့ မကောင်းသူထိပ် ကောင်းသူထိပ် ထိများသွား
က ဗိုလ်မှူးကြီးသန်းအောင်နှင့် ဗျူဟာက လမ်းတ[illegible] မခက်ပါလား။ ကညင်ခုံချောင်းမှာတော့ ရန်သူအား
ဖလုံက စောင့်မည်ဆို၏။ ကျွန်တော်တို့နှင့် ဖလုံတွင်[illegible]မှောင်မှောင်တွင် စိန်ပြောင်းစာ တဝကြီး ပြန်ကျွေးပစ်ခဲ့
ကြပါမည်။ [illegible]သည်။
မည်သို့ပင်ဖြစ်စေ ဤခရီးစဉ်တွင် ကမမောင်[illegible] အဲဒီမှာတော့ ပြဿနာမရှိပါ။ သူ့မှာ လက်နက်
ကတိုင်တီကြားကား ရန်သူနှောင့်ယှက်ပစ်ခတ်မှု အ[illegible]ပါလာတာမဟုတ်။ ကြောက်စရာ မရှိ။ မိုင်းဆွဲတာ
နေရာဖြစ်ပါ၏။ ကျန်နေရာများ စိုးရိမ်စရာမရှိပါ။ [illegible]လည်း တစ်လုံးတည်း။ ဒါပြီးရင် ကုန်ပြီ။ ဒါကြောင့်
ကလည်း တိုပါသည်။ [illegible]ပြောင်း ဆယ့်လေးငါးလုံး ဟိုဘက်ကမ်းက အငယ်နဲ့
ကမမောင်း ကတိုင်တီ ၂၄ မိုင်ခရီးကြမ်းကြီး[illegible]နေတဲ့သူတွေကို လှမ်းပစ်တာ။ ထိသွားရင် အမြတ်။



www.burmeseclassic.com

www.burmeseclassic.com



နောင် ကိုယ့်ဆို ဘယ်တော့မှ လာလုပ်ရဲမှာ မဟုတ်တော့ ဘူး။ တစ်သက်လုံး ဖြုံသွားမည်။

စစ်ဆိုတာကတော့ ကိုယ့်ဘက်က အသာ ရအောင် အထက်ပါအတိုင်း အမျိုးမျိုး စဉ်းစားသုံးသပ်ပြီး ဆောင်ရွက်ရသည့်ကိစ္စဖြစ်ပါ၏။

ယခု ညတိုက်ပွဲကလေးကား ကျွန်တော်၏ ဗျူ မှူးဘဝ၌ ကျေနပ်စရာကောင်းသော အပျင်းပြေ ရန်သူ ယှဉ်ပြိုင်ပြီး ဉာဏ်ကစားခဲ့သည့် ညတိုက်ပွဲကလေးဟု ပြောပါရစေခင်ဗျား။

(၁၉၉၄ ခုနှစ် ကမမောင်းမှ သာလွန်သို့အချ တကယ့်ဖြစ်စဉ်အား ဇာတ်လမ်းဖွဲ့ရေးသားပါသည်။)

❖



## ရှေးခေတ်က ညတိုက်ပွဲများ

ကြုံခဲ့ဖူးသော ယခုခေတ် ညတိုက်ပွဲများ အကြောင်းကို အတော်အတန်ရေးခဲ့ပြီးပါပြီ။ ကျွန်တော် ကိုယ်တိုင် ပါဝင်သော တိုက်ပွဲ နှစ်ပွဲ၊ သုံးပွဲ ပါ,ပါသည်။ ညတိုက်ပွဲများကို ယခုအခါမှသာ မဟုတ်။ ရှေးအထက် ကျော်ကာရီကပင် လူသားတို့ ဆင်နွှဲခဲ့ကြ၏။ မြန်မာ ရာဇဝင်တွင်လည်း လူသိများသော ညတိုက်ပွဲများ ရှိခဲ့ ပါသည်။ ၎င်း ညတိုက်ပွဲများအနက် ကျွန်တော် လေ့လာ



www.burmeseclassic.com

www.burmeseclassic.com



ထားသော အောက်ပါညတိုက်ပွဲ နှစ်ပွဲအား ဤစာအုပ်ကလေး၏ နောက်ဆက်တွဲအနေဖြင့် ဖော်ပြလိုပါသည်။

ဦးဇွာ် ပထမ ပုဂံခေတ်က စောလူးမင်းနှင့် ငရမန်ကန်းတို့ တိုက်ခဲ့သော ပြည်တော်သာကျွန်း ညတိုက်ပွဲကို ဖော်ပြပါမည်ခင်ဗျား။

## ပြည်တော်သာကျွန်းတိုက်ပွဲ

**နိဒါန်း**

ပြည်တော်သာကျွန်းဆိုတာ ဘယ်မှာလဲ။

မေးရင် သိသူနည်းလှပါ၏။

တကယ်တော့ ပြည်တော်သာကျွန်းဆိုသည်မှာ ရောဝတီမြစ်ရိုး သရက်နယ် အထက်မင်းလှအနီးတွင် ရှိလေသည်။ မြစ်နှင့်တစ်ဆက်တစ်စပ်တည်း ရွှံ့နွံထူထပ်သည့် ကျွန်းကြီးဟု ဆိုကြသည်။

တကယ်တော့ ရောဝတီမြစ်ရိုးတွင် မင်းလှ နှစ်နေရာရှိ၏။





တစ်ခုက အထက်မင်းလှ။

တစ်ခုက အောက်မင်းလှ။

အထက်မင်းလှက မင်းဘူး မကွေးတောင်ဘက် မိုင် နှစ်ဆယ်၊ အစိတ်အကွာခန့်မှာ ရှိသည်။ မြစ်အနောက်ဘက်ကမ်းမှာ ဖြစ်၏။ မြစ်အရှေ့ဘက်က မိချောင်းရဲနှင့် ဒါးလွှယ်ခုတ်ဖြစ်၏။

အောက်မင်းလှက ရောဝတီမြစ်ကမ်းနဖူးမှာ မဟုတ်။ ရောဝတီမြစ် အရှေ့ဘက်ကမ်းနှင့် ဆယ်လေးငါး မိုင်ဝေးသည်။ လက်ပံတန်းနှင့် အုတ်ဖို ကြို့ပင်ကောက်ကြားမှာ ဖြစ်သည်။ သူ့ကို မိုးညိုနားက မင်းလှ သို့မဟုတ် အောက်မင်းလှဟု ခေါ်ကြသည်။ ယခု အမှတ် (၁) ခြေလျင်တပ်ရင်း ဌာနချုပ် ရုံးစိုက်ထားသောမြို့ ဖြစ်သည်။

အထက်မင်းလှနှင့် အောက်မင်းလှသည် တကယ်တော့ မိုင် ၁၅၀/၂၀၀ ခန့် ဝေးပေသည်။

ယခု စောလူးမင်းနှင့် ငရမန်ကန်းတို့ စစ်ခင်းခဲ့ကြသော ပြည်တော်သာကျွန်းကား အထက်မင်းလှအနီးတွင်ဖြစ်ကြောင်း သမိုင်းသုတေသီတို့က ဆိုကြပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံတွင် စောလူးမင်းနန်းတက်လာခြင်း

ပုဂံမင်းဆက်တွင် အထင်ရှားဆုံးကား ဘုရင်အနော်ရထာတည်း။

အနော်ရထာသည် မြန်မာသက္ကရာဇ် ၃၇၉ ခုနှစ် ခရစ်နှစ် ၁၀၄၄ တွင် နောင်တော်စုက္ကတေးနှင့် စီးချင်းထိုးရာတွင် အနိုင်ရ၍ မင်းဖြစ်လာ၏။

အနော်ရထာသည် မင်းအဖြစ်ကို ရသည့်အချိန်တွင် လူရွယ်လူလတ်ဖြစ်၍ အိမ်နိမ့်စံဘဝက မိဖုရားငယ်တစ်ဦး ရှိခဲ့ပြီး ထိုမိဖုရားငယ်မှ သားတော်စောလူးအား မွေးဖွားခဲ့လေသည်။ စောလူးသည် အနော်ရထာဘုရင် နတ်ရွာစံသည့် သက္ကရာဇ် ၄၂၁ ခုနှစ်၌ ဖခင်၏အရိုက်အရာကို ဆက်ခံကာ မင်းအဖြစ်ကို ရခဲ့၏။ ထိုအချိန်တွင် စောလူးမင်းသည် အသက် သုံးဆယ်ကျော်၊ လေးဆယ်တွင်းမှာ ဖြစ်၏။

စောလူး၏ဖခင် ဘုရင်အနော်ရထာသည် ဘုရင်ဖြစ်လာသည်နှင့် စောလူး၏မယ်တော်ကို မိဖုရားကြီးအရာထားရန် ဆန္ဒမရှိသဖြင့် မှူးမတ်များအား ...

"ငါနှင့်ထိုက်တန်သော မင်းသမီးကိုရှာလေ" ဟုဆို





ကာ အနယ်နယ်အရပ်ရပ်သို့ သံအဖွဲ့များ စေလွှတ်တော်မူလေသည်။

ထိုအခါ ဝေသာလီ (ယခုအာသံပြည်နယ်)မှ ပဉ္စကလျာဏီမင်းသမီးကို ရရှိတော်မူ၏။ ထိုမင်းသမီးကို ဘုရင်အနော်ရထာက သိမ်းပိုက်ပြီးမှ အမျက်တော်တော်ရှ၍ ပရိမ္မအရပ်သို့ ပို့လိုက်ရာ ကျန်စစ်သားကို ဖွားမြင်သည်ဟု အချို့သမိုင်းဆရာတို့က ဆိုကြ၏။ ထို့ကြောင့် ကျန်စစ်သားသည် အနော်ရထာ၏သားဟု ဆိုနိုင်၏။ သို့ရာတွင် ဤအဆိုမမှန်ဟု အချို့သမိုင်းဆရာတို့က ငြင်းပယ်ကြ၏။ မည်သို့ဆိုစေ အနော်ရထာသည် ပထမ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ရန်အတွက် လူသူစုဆောင်းရာတွင် ကျန်စစ်သား၊ ငထွေရူး၊ ညောင်ဦးဖီး၊ လုံးလဖယ်စသော သူရဲကောင်းများကို စုဆောင်းမိပြီး ထိုသူရဲကောင်းများ အကူအညီနှင့် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့လေသည်။ အနော်ရထာ၏ စစ်သူကြီးများအနက် ကျန်စစ်သားကား လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံ၍ ရုပ်ရည်ခန့်ညား ချောမောသူဖြစ်၏။ ဘုရင်အနော်ရထာနှင့် သူ့အသက် ၁၅ နှစ်ခန့်တွင် တွေ့ဆုံပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ရုံးရည် နှလုံးရည်ကြောင့် စစ်သူကြီးဘဝကို လျင်မြန်စွာ ရရှိခဲ့၏။ သူ့အသက် ၂၉ ခန့်တွင် ပဲခူးမင်းက ဘုရင်အနော်ရထာအား ဆက်သသည့် မဏိစန္ဒာမင်းသမီးလေးကို သွားရောက်ခေါ်ယူရာလမ်းတွင် ငယ်သူတို့ဘဝ တစ်ဦးနှင့်တစ်ဦး ရည်ငံငြိစွန်းမိကြ၏။ ပုဂံသို့ရောက်သော် ထိုအကြောင်းကို မင်းကြီးသိပြီး အမျက်တော်ရှ၍ ကျန်စစ်သားအား ကိုယ်တိုင် လှံနှင့် ထိုးလေသည်။ လှံချက်မှာ ကြိုးကိုသာထိုးမိ၍ ကြိုးပြတ်ပြီး ကျန်စစ်သား ထွက်ပြေးလွတ်မြောက်သွားလေသည်။ ထိုစဉ်က မင်းသမီးလေးမှာ တစ်ဆယ့်ခြောက်နှစ်အရွယ် ပျိုမျစ်နုနယ် အလွန်ပင်လှသွေးကြွယ်နေချိန်ဖြစ်၏။ အနော်ရထာ စိတ်ဆိုးမည်ဆိုက စိတ်ဆိုးစရာပါပေ။ ကျန်စစ်သားသည် အနှစ် ၂၀ နီးပါး ပုဂံနေပြည်တော်နှင့် ဝေးကွာသော ဒေသများတွင် သွားလာကျက်စားနေထိုင်ခဲ့ရလေသည်။

ဘုရင်အနော်ရထာသည် ကျန်စစ်သားအား လွယ်လွယ်နှင့် ခွင့်မလွှတ်နိုင်သဖြင့် နေပြည်တော်သို့ ပြန်လည်ခေါ်ယူခြင်း မပြုခဲ့ချေ။ သို့ရာတွင် ၁၅ နှစ်တိုင်တိုင် သူ၏အမှုတော်ကို ဦးလည်မသုန် ထမ်းခဲ့သူဖြစ်၍ အမိအရ





လိုက်လံရှာဖွေသုတ်သင်ခြင်းလည်း မပြုခဲ့ချေ။ ကျန်စစ်သားမရှိသည့်နောက် ကျန် စစ်သူကြီး၊ မှူးမတ်များနှင့်သာ သူ၏ တိုင်းရေးပြည်ရာများကို ဆောင်ရွက်ခဲ့လေသည်။

တစ်ဦးတည်းသော သားတော်ရင်း စောလူးကား နိုင်ငံတော် တည်ထောင်ရေးတွင် များစွာအားကိုးအားထားရသူ မဟုတ်ပေ။ ဘုရင့်သားဘဝ၌ ကြွေအံကစားခြင်း၊ အပျော်အပါး လိုက်စားခြင်းများဖြင့်သာ အချိန်ကုန်ခဲ့လေသည်။ ထို့ကြောင့်လည်း နန်းတွင်းရှိ မှူးမတ်များက စောလူးကို အထင်ကြီးလေးစားခြင်း၊ အားကိုးအားထားပြုခြင်း မရှိခဲ့ကြချေ။

သို့ရာတွင် မင်းဖြစ်ရန် ကံဇာတာပါလာသူ စောလူးသည် သက္ကရာဇ် ၄၂၁ ခုနှစ်၌ ဖခင် အနော်ရထာ နတ်ရွာစံသောအခါ အစဉ်အလာအရ ပုဂံဘုရင်အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

## ပြည်တော်သာကျွန်း ညတိုက်ပွဲ

စောလူးမင်းသည် သူနှင့်နို့စို့ဖက်ဖြစ်သော ငရမန်နှင့် ငယ်စဉ်ကစပြီး အလွန်ရင်းနှီးစွာ ပေါင်းသင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အရင်းနှီးလွန်သောကြောင့် အချင်းများကာ နောက်ဆုံးတွင် ရေမန်က ပုန်ကန်သည်အထိ ဖြစ်လာခဲ့သည်။

စောလူးမင်းသည် ဖခင်တည်ထောင်ခဲ့သည့် နိုင်ငံတော်ကို ကောင်းစွာမထိန်းသိမ်းနိုင်ခဲ့ပေ။ ထို့ကြောင့် မွန်မတ်များက ဖခမည်းတော် အနော်ရထာလက်ထက်က ပုဂံမှ တိမ်းရှောင်နေခဲ့ရသော ကျန်စစ်သားကို ပြန်ခေါ်ရန် တိုက်တွန်းတောင်းပန်ကြသောအခါ စောလူးမင်းက ကျန်စစ်သားကို ပြန်ခေါ်ခဲ့သည်။ ထိုသို့ပြန်ခေါ်ခဲ့သော်လည်း ကောင်းစွာနေရာပေး ချီးမြှောက်ခဲ့ခြင်းမရှိသည့်ပြင် မိဖုရားမဏိစန္ဒာ ခေါ် ခင်ဦးနှင့် အထင်အမြင်လွဲမှားကာ ဒလသို့ ပို့စေခဲ့သည်။ ရေမန်ပုန်ကန်သောကြောင့် ကျန်စစ်သားကို ဒလသို့ မရောက်မီ လမ်းခုလတ်မှ ပြန်ခေါ်ခဲ့ရလေသည်။

စောလူးမင်းသည် နို့စို့ဖက်ဖြစ်သော ရေမန်အား ဥဿာပဲခူးမြို့ကို အပိုင်စားပေးထားခဲ့ကာ ပုဂံနန်းတွင်းသို့ မကြာခဏ ခေါ်၍ ကြွေအန်ကစားလေ့ရှိသည်။ တစ်ခါသော် ကြွေအန်ကစားစဉ် ရေမန်နိုင်၍ လက်ပမ်းပေါက်ခတ်လေရာ စောလူးမင်းက ...

"နင် ... ငါ့ကို ကြွေအန်တစ်ပွဲမျှနိုင်ရုံမျှဖြင့်





လက်ပမ်းပေါက် ထ၍ခတ်ရသလော။ နင် ယောက်ျားဟုတ်နီးသော် နင်စားသော ပဲခူးအားနှင့် ပုန်စားလေ"

ဟု မင်းဟူသော ဒေါသမာန်အမျက်ဖြင့် မိန့်ရာ ရေမန်လည်း အစကပင် ပုဂံကို ပုန်ကန်ရန် ကြံစည်လျက်ရှိနေသူဖြစ်သဖြင့် ပဲခူးသို့ ချက်ချင်းပြန်၍ ရဲမက်မိုလ်ပါ ဆင်မြင်း စုစည်းလေတော့သည်။

ရေမန်သည် ပဲခူးကို အခြေပြုကာ မြန်မာနိုင်ငံအထက်ပိုင်းသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း ချီတက်လာသည်။ ပုဂံမရောက်မီ သရက်နယ် မင်းလှအောက်ရှိ ပြည်တော်သာကျွန်း ကင်းစခန်းကို ရေမန်က တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ ရေမန်၏တပ်များ ပြည်တော်သာကျွန်းပေါ်တွင် နေရာယူထားသည့်အကြောင်းကို စောလူးမင်း ကြားသိရသည့်အချိန်တွင် ဒေါသအမျက်ပြင်းစွာထွက်၍ ပြည်တော်သာကျွန်းသို့ ချီတက်သွားသည်။ ထိုသို့ချီတက်သွားသည့် စစ်ကြောင်းတွင် ကျန်စစ်သားလည်း ပါဝင်သည်။ ပြည်တော်သာကျွန်းသို့ စောလူး ဦးဆောင်သည့် တပ်များ ညဘက်တွင် ရောက်သည်။ "ညအချိန်တွင် ကြယ်ရောင်လရောင်မျှဖြင့် လှုပ်ရှားရသည့်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



မြင်တွင်းမကောင်းသဖြင့် ညဘက်တွင် ရန်သူများကို မတိုက်သင့်။ နောက်နေ့ကျမှ တိုက်သင့်သည်''ဟု အရှင် ရောက်နှင့်သော ကျန်စစ်သားက အကြံပေးသည်ကို စောလူးက လက်မခံချေ။ စောလူးမင်း၏စိတ်ထဲတွင် သူ့ကို တစ်ချိန်လုံး အနိုင်အထက် ဆက်ဆံခဲ့သော ငရမန်က ပုန်ကန်သည်ကို ခံပြင်းစိတ်ဖြင့် ချက်ချင်းတိုက်ခိုက်လို သည်။ ထို့ပြင် ငရမန်က အကြံအစည်ပြုကာ နီးဖြင့် ဆင် ရုပ်များပြုပြီး စစ်ရေးငင်ထားသည်ကို ညဥ့်၏ လရောင် အောက်တွင် စောလူးမင်းက မသဲမကွဲ လှမ်းမြင်နေရာ သက်ရှိဆင်များ နေရာယူထားသည်ဟု ထင်မှတ်မှားလေ ထို့ကြောင့် စောလူးမင်းသည် ကျန်စစ်သား၏တင်ပြချက်ကို လက်မခံတော့ဘဲ ညတွင်းချင်းပင် တိုက်ပွဲကို စလိုက် လေသည်။

သူ၏ဆင်များသည် ပြည်တော်သာကျွန်းပေါ်တွင် နေရာအသင့်ယူထားသည့် ငရမန်ဆင်များ၏အနီးသို့ ချဉ်းကပ်မိသည့်အချိန်တွင်မှ စောလူးမင်းသည် ငရမန် ဆင်ထားသော ထောင်ချောက်တွင် မိခဲ့ပြီဟု သိလိုက်ရ တော့သည်။ အကြောင်းမှာ ပြည်တော်သာကျွန်း၏ ရွံ့နုံ




ငရမန်ကန်းကို အနိုင်တိုက်၍ ပုဂံတွင် မင်းဖြစ်လာသည့် ထီးလှိုင်ရှင် ကျန်စစ်သား



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၅ ခုနှစ် နှစ်ဦးက KNU ဗဟိုမာနယ်ပလော သိမ်းပိုက်အပြီး ဆင်ဖြူတောင်သို့ ချီတက်နေသည့် စာရေးသူ



ထူထပ်သောနေရာတွင် နှီးဆင်ရုပ်များလုပ်ကာ ချထား သည်ကို လရောင်ဖြင့် ဆင်အစစ်မှတ်ကာ သွားရောက် တိုက်ခိုက်မိသည့်အချိန်တွင်မှ မှားသွားပြီဖြစ်ကြောင်း စောလူး သိခွင့်ရသည်။ သူ စီးသွားသည့်ဆင်တော် သံမြန်စွာသည် ဆင်အစစ်ဖြစ်၍ လေးလံသောကြောင့် နွံ တွင် ကျွံချေ၏။ ရေမန်၏ ခြေလျင်စစ်သည်များ ဝိုင်း လာချိန်၌ စောလူးမင်းသည် ဆင်ပေါ်က ဆင်းကာ အသက် လွတ်အောင် ပြေးရလေသည်။

ကျန်စစ်သားသည် စောလူးမင်းက သူ၏စကားကို နားမထောင်ဘဲ ပြည်တော်သာကျွန်းပေါ်သို့ တက်ရောက် တိုက်ခိုက်ရာတွင် ပါသွားခဲ့၏။ တပ်ကျွံသွားကာ စောလူး မင်း၏ဆင် နွံတွင်နစ်ပြီး စောလူးမင်း ထွက်ပြေးသွားပြီဟု သိရချိန်တွင် ကျန်စစ်သားသည် ကျွန်းပေါ်မှ ဆင်းကာ မြစ်ကို လက်ပစ်ကူး၍ ကမ်းပေါ်တွင် ကျန်ရစ်ခဲ့သော သူ၏တပ်ကို ပြန်လည်စုစည်းပြီးနောက် ပုဂံသို့ ပြန်လည် ဆုတ်ခွာသွားခဲ့သည်။ ပုဂံသို့ ရောက်သည့်အချိန်တွင် ကျန်စစ်သားကို ထီးနန်းသိမ်းပိုက်ပါရန် မှူးမတ်များက တိုက်တွန်းသော်လည်း ကျန်စစ်သားက "သူ၏သခင်



www.burmeseclassic.com

www.burmeseclassic.com



စောလူးမင်းအသက်ရှင်နေသရွေ့ ကာလပတ်လုံး သူသည် သစ္စာစောင့်သိမည်။ ထီးနန်းကို သိမ်းပိုက်ခြင်းမပြု" ဟု ပြောကြားကာ ပုဂံ၏လုံခြုံရေးကို တာဝန်ယူနေခဲ့သည်။

စောလူးမင်းသည် ပြည်တော်သာကျွန်း တစ်ကျွန်းလုံးကို ရန်သူသိမ်းပိုက်ထားသည်ကို သိလျက်နှင့် ဖောက်ထွက်ရန် မကြိုးစားဘဲ တောထဲမှ သစ်ခေါင်းတစ်ခုတွင် ပုန်းနေခဲ့သည်။ ရက်ကူးလာကာ ဆာလောင် လွန်းလှသည့်အချိန်တွင် တောထဲသို့ ထင်းခွေရန် ရောက်လာသော ထင်းခွေသမားတစ်ယောက်ထံမှ ထမင်းထုပ်ကို သူ၏မြလက်စွပ်နှင့် လဲကာ စားခဲ့သည်။ မည်သူ့ကိုမျှ ပြန်မပြောရန် တောင်းပန်ပြီးနောက် နေမြဲအတိုင်းပင် နေနေခဲ့ရာ ထင်းခွေသမားထံမှ သတင်းရသွားသော ငရမန်၏တပ်များက လာရောက်ဖမ်းဆီးသွားခြင်းကို ခံခဲ့ရသည်။

စောလူးမင်းကို ဖမ်းဆီးမိပြီးနောက် ငရမန်သည် ပုဂံဘက်သို့ ဆက်လက်ချီတက်ခဲ့သည်။ ပုဂံ၏ လုံခြုံရေးကို ကျန်စစ်သားသာ တာဝန်ယူထားခြင်းမရှိပါက ငရမန်သည် ပုဂံထီးနန်းကို လွယ်ကူစွာ သိမ်းပိုက်လိုက်ရုံသာမျှမ





သို့သော် ကျန်စစ်သားက လက်ဦးနေသောကြောင့် ပုဂံအနီးမြင်းကပါတွင် ငရမန် တပ်ချထားခဲ့ကာ စောလူးမင်းကို သုံ့ပန်းအဖြစ် ဆက်လက်ထိန်းသိမ်းထား၏။ ပုဂံထီးနန်းကို သိမ်းပိုက်ရာတွင် စောလူးမင်း၏ အသက်နှင့် အပေးအယူလုပ်ရန် သို့မဟုတ် စောလူးမင်းကို လာရောက်ကယ်တင်မည့် ကျန်စစ်သားကို ထောင်ဖမ်းရန်အကြံဖြင့် စောလူးမင်းကို မသတ်ဘဲထားခဲ့ခြင်း ဖြစ်၏။ ကြိုတင်တွက်ဆထားသည့်အတိုင်း တစ်ညတွင် ကျန်စစ်သားသည် စောလူးမင်းကို အကျဉ်းချထားသောနေရာသို့ ဖောက်ထွင်းဝင်ရောက်ပြီး စောလူးမင်းကိုထမ်း၍ သစ်တပ်အပြင်ဘက်သို့ ထွက်ရန် ကြိုးစားခဲ့သည်။ ကျန်စစ်သားက စောလူးမင်းကို နန်းပြန်တင်ရန် ခိုးခြင်းဖြစ်သော်လည်း စောလူးမင်းက ရုတ်တရက် လန့်ဖျန့်သွားကာ အတွေးမှား၍ "ကျန်စစ်သားငါ့ကို ခိုးသည်"ဟု ဟစ်အော်ခဲ့သည်။ အစောင့်များ နိုး၍ ရုတ်ရုတ်သဲသဲ ထလိုက်လာကြသည်တွင် ကျန်စစ်သားလည်း စိတ်ထွက်၍ "ရန်သူ့လက်တွင် ခွေးသေ၊ ဝက်သေသေရစ်ပေတော့"ဟု ပြောကာ စောလူးမင်းကို မြေပေါ်သို့ ပစ်ချ၍ ကိုယ်လွတ်ရုန်းခဲ့ရသည်။ ငရမန်လည်း စောလူးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ပြန်လည်ဖမ်းဆီးရမိသည်နှင့် ကွပ်မျက်လိုက်လေတော့သည်။

**တိုက်ပွဲနောက်ပိုင်း ဆောင်ရွက်ချက်များ**

ကျန်စစ်သားသည် ပြည်တော်သာကျွန်းတိုက်ပွဲမှ ပုဂံသို့ ပြန်ရောက်ခဲ့၏။ ထို့နောက် ပုဂံအနီး မြင်းကပါတွင် တပ်ချထားသည့် ငရမန်၏တပ်တွင်းသို့ ဝင်ကာ အကျဉ်းချထားသော စောလူးမင်းကို ခိုးယူခဲ့လေသည်။ မအောင်မြင်သဖြင့် အောင်သာဘက်သို့ ကူး၍ ပြေးရလေ၏။ အောင်သာသို့ရောက်သောအခါ ၎င်း၏ရောင်းရင်း မုဆိုး စေဉ့်ကို အရှာထွက်ခဲ့လေသည်။ မုဆိုးစေဉ့်ကား အလွန်လက်ဖြောင့်သော လေးသည်တော် ဖြစ်၏။ ကျန်စစ်သား မင်းဖြစ်မင်းဒဏ်သင့်သည့်ဘဝက သွားရင်းလာရင်း ရင်းနှီးခဲ့သူဖြစ်၏။

မုဆိုးစေဉ့်အား ရှာရင်း မိတ္ထီလာနယ် ထီးလှိုင်အရပ်သို့ ရောက်သွား၏။ ထီးလှိုင်သူကြီးက ကျန်စစ်သား၏ ကြန်အင်လက္ခဏာနှင့် အစွမ်းအစကို မြင်သော် ဘုန်းငါကံရှင်မှန်းသိ၍ အဆင်းအင်္ဂါနှင့် ပြည့်စုံသည့် သမီးကို





ဆက်သကာ တပည့်ခံလေသည်။ ထီးလှိုင်သူကြီး အကူအညီဖြင့် စေဉ့်ကို ရှာတွေ့ပြီး လယ်တွင်းကိုးခရိုင်တွင် လူသူစုဆောင်းကာ အခိုင်အမာနေလေ၏။

ကျန်စစ်သား မရှိသည့်နောက် ငရမန်သည် ပုဂံသို့ ရောက်လာ၏။ ပုဂံရှိ မှူးမတ်တို့က –

"ဂူတစ်ခုထဲ ခြင်္သေ့နှစ်ကောင် အောင်း၍ မရပါ။ လယ်တွင်းကိုးခရိုင်တွင် ကျန်စစ်သားရှိနေပါသည်။ ကျန်စစ်သားကို အနိုင်တိုက်ပြီးမှ ပုဂံမှာ မင်းပြုပါလေ" ဟုဆိုကာ မြို့တံခါးများကိုပိတ်ပြီး အခိုင်အမာ နေလေသည်။

ငရမန်ကန်းလည်း "ကောင်းပြီ" ဟုဆိုကာ ဧရာဝတီမြစ်ကြောင်းအတိုင်း အထက်သို့ ဆန်တက်သွားရာ အင်းဝမြို့ တည်လတံ့သောနေရာအနီးတွင် ကျန်စစ်သား၏ တပ်များနှင့်တွေ့ဆုံကာ ကြည်းကြောင်း၊ ရေကြောင်း တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလေတော့သည်။ ထိုတိုက်ပွဲကြီး၌ ငရမန် အရေးနိမ့်ကာ တောင်ဘက်သို့ ဆုတ်ခွာရ၏။ ပုဂံ၏တောင်ဘက် မြင်းကပါအရပ်၌ ဒုတိယအကြိမ် တိုက်ပွဲကြီးဖြစ်ပွားပြန်ရာ ငရမန်ကန်း အရေးနိမ့်ပြန်၍ တပ်ပျက်ပြီး ဧရာဝတီမြစ်ကြောင်းအတိုင်း ဖောင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စုန်ပြေးရလေတော့သည်။

ရေမန်အား မုဆိုးစေ့ဉ်က ထက်ကြပ်လိုက် စစ်ဆင်ပြီး ပြည်မြို့အထက် စေ့ဉ်ကူးအရပ်၌ လေးဖြင့်ပစ်ကာ သုတ်သင်ရှင်းလင်းလိုက်နိုင်၏။ ဤတွင် ကျန်စစ်သားအတွက် အကြီးမားဆုံးသော ရန်သူကို သုတ်သင်ရှင်းလင်းလိုက်နိုင်ပြီး လွတ်လွတ်ကျွတ်ကျွတ် ပုဂံတွင် မင်းအဖြစ်သို့ ရရှိလေတော့သည်။

**ပြည်တော်သာကျွန်းတိုက်ပွဲနှင့် ပတ်သက်ပြီး စာရေးသူ၏ ရှုမြင်သုံးသပ်ချက်**

ပြည်တော်သာကျွန်းတိုက်ပွဲကား ညတိုက်ပွဲဖြစ်၏။ အချိန်သိပ်မကြာသည့် ညတိုက်ပွဲပါပေ။

ရေမန်ကန်းသည် သူ၏ ကြည်းကြောင်း၊ ရေကြောင်း တပ်များနှင့် မင်းလှအနီး ပြည်တော်သာကျွန်းကြီးကို ရောက်လာပြီး ထိုနေရာရှိ ပုဂံရှေ့ပြေးကင်းစခန်းကို သိမ်းပိုက်ခဲ့သည်။ ပြည်တော်သာကျွန်းမှာ ရွံ့ညွန်နှင့်တောအုပ်ကောင်းများ ရှိသည်ဆို၏။ ညတ်နီ ညတ်နက်များသော ရေမန်ကန်းသည် သူ၏တပ်များကို ပြည်တော်





သာကျွန်းတစ်ဝိုက်တွင် ချထား၍ ပြည်တော်သာကျွန်းရှိ ရွံ့ညွန်တောကြီးတွင် နီးဖြင့် ပြုလုပ်ထားသော ဆင်ရုပ်၊ မြင်းရုပ်၊ လူရုပ်များချထားကာ စောလူးမင်း၏ တပ်များကို စစ်မြူပြီး ထောင်ချောက်ဆင်ခဲ့လေသည်။ ရေမန်သည် စောလူးနှင့် နှစ်ပေါင်းများစွာ ပေါင်းသင်းဆက်ဆံခဲ့သူဖြစ်၏။ နို့တိုဖက်လည်း ဖြစ်၏။ ကြွေအံကစားဖက်လည်း ဖြစ်၏။ ထို့ကြောင့် စောလူး၏ အရည်အချင်းနှင့် စိတ်နေစိတ်ထားကို ကောင်းစွာသိလေသည်။ သိသဖြင့်လည်း ထောင်ချောက်ဆင် လှည့်စားနိုင်ခဲ့ခြင်း ဖြစ်၏။

စောလူးသည် ညအချိန်တွင် ပြည်တော်သာကျွန်းသို့ ရောက်ရှိလာပြီး ပြည့်စုံသည့် စစ်ရေးသုံးသပ်ချက်လည်း မလုပ်၊ ကျန်စစ်သားတင်ပြသည်ကိုလည်း နားမထောင်ဘဲ ကမူးရှူးထိုးနှင့် ရန်သူကို အထင်သေး၊ အမြင်သေးဖြင့် အတင်းဝင်တိုက်ရာ ရေမန်ကန်း၏ ထောင်ချောက်တွင်းသို့ လုံးဝဥဿုံ ကျရောက်သွားလေတော့သည်။

ဆင်တော်သံမြန်စွာ နှံနစ်ပြီး ရေမန်၏စစ်သည်များ ဝိုင်းလာချိန်မှ ဆင်ထက်က ဆင်းကာ လက်လွတ် ထွက်ပြေးရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးလွတ်မြောက်ပြီးနောက် မိမိတပ်များကို ပြန်လည်ရှာဖွေစုစည်းခြင်း မရှိဘဲ သစ်ခေါင်းတစ်ခုတွင် ဝင်ပုန်းနေရာမှ ရန်သူအဖမ်းခံရသည်။ ထို့နောက် ကျန်စစ်သား လာကယ်သည့်အခါတွင်လည်း အထင်မြင်လွဲကာ ကျန်စစ်သား ငါ့ကို လာခိုးနေသည်ဟု အော်ဟစ်ခဲ့သည်။ ဤသို့အားဖြင့် အမှားများကို ဆက်ကာ ဆက်ကာ ကျူးလွန်ပြီး နောက်ဆုံး ငရမန်ကန်း၏ သုတ်သင်ကွပ်မျက်ခြင်းကို ခံလိုက်ရတော့၏။

ဤသည်မှာ ငယ်ရွယ်နုပျိုစဉ်ဘဝ ဖခင်ကြီး နိုင်ငံတော်တည်ဆောက်နေချိန်က အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်ခြင်းမပြုဘဲ သောက်စားပျော်ပါးပြီး သက်သောင့်သက်သာနေခဲ့သဖြင့် စစ်ရေးအတွေ့အကြုံ ကောင်းစွာမရှိခဲ့ခြင်း၊ လေးလေးနက်နက် တွေးခေါ် မြော်မြင်နိုင်စွမ်းမရှိခြင်း၊ ကမူးရှူးထိုးနှင့် ရန်သူကို အထင်သေးခြင်း၊ အရေးနိမ့်သွားချိန်တွင် ဆောင်ရွက်သင့်သည်များကို မဆောင်ရွက်ဘဲ တွေဝေခြင်း၊ ရဲဝံ့ပြတ်သားမှု မရှိခြင်းတို့ကြောင့် ပြည်တော်သာကျွန်း ညတိုက်ပွဲ၌ စောလူးမင်း အရေးနိမ့်သွားကာ နောက်ဆုံး၌ အသက်ပါ ဆုံးရသည်ဟု ထင်မြင်





ယူဆပါသည်ခင်ဗျား။

**မှီငြမ်းကိုးကားသည့်စာအုပ်များ**


၁။ မင်းဆယ်ပါးရာဇဝင်
ဒေါက်တာမတင်ဝင်း

၂။ မြန်မာသူရဲကောင်းများ
သတင်းစာဆရာဦးသိမ်းမောင်

၃။ မြန်မာနိုင်ငံတော်သမိုင်း
ဗိုလ်ဘရှင်

၄။ မြန်မာရာဇဝင်သစ်
ဦးအုန်းမောင်


❖



www.burmeseclassic.com

www.burmeseclassic.com

## သံလျင်တိုက်ပွဲ

**နိဒါန်း**

ကျွန်တော် ဆက်လက်ပြီးဖော်ပြမည့် မြန်မာ့သမိုင်းလာ ညတိုက်ပွဲကား ကုန်းဘောင်ခေတ်က အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ သံလျင်မြို့သိမ်း ညတိုက်ပွဲပင် ဖြစ်ပါ၏။

သံလျင်မြို့ကား ရန်ကုန်မြို့၏ တောင်ဘက်ကမ်း ရန်ကုန်မြစ်ထဲသို့ ပဲခူးမြစ် စီးဝင်သည့်နေရာတွင် ရှိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သံလျင်သည် ရှေးအထက်ကျော်ကာရီကပင် မွန်ဘုရင်များ အစဉ်တစိုက် စိုးစံခဲ့သော မင်းနေပြည်တော်တစ်စိတ်တစ်ပိုင်းလည်း ဖြစ်ခဲ့၏။ သံလျင်တိုက်ပွဲကြီးမှာ မြို့ကို အခိုင်အမာ ခုခံနေသော မွန်တို့အား ဦးအောင်ဇေယျ၏တပ်များက ဝန်းရံတိုက်ခိုက်ရာတွင် နေ့အချိန်၌ မအောင်မြင်သဖြင့် ညအချိန်တွင် လက်ရွေးစင် ကွန်မန်ဒိုစစ်သည်သူရဲကောင်း ၉၃ ယောက်နှင့် စီးနင်းတိုက်ခိုက်အောင်မြင်ခဲ့သည့် တိုက်ပွဲပင်ဖြစ်ပါ၏။

ဤတိုက်ပွဲကြီးအကြောင်း မဖော်ပြမီ တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ အတ္ထုပ္ပတ္တိကို အကျဉ်းမျှဖော်ပြပါမည်။

**အင်းဝပျက်သုဉ်းခြင်း**

ခရစ်နှစ် ၁၇၅၂ ၌ မြန်မာတို့၏ အင်းဝ နေပြည်တော်အား မွန်စစ်သူကြီး ဗညားဒလ၏ တပ်များက ဝင်ရောက်တိုက်ခိုက်ရာတွင် အင်းဝကျဆုံးပြီး ဘုရင် မဟာဓမ္မရာဇာဓိပတိနှင့်တကွ မင်းညီမင်းသား၊ ဆွေတော်





မျိုးတော်နှင့် မြို့သူမြို့သားများကို ဟံသာဝတီသို့ မွန်တို့က ခေါ်ဆောင်သွားခဲ့သဖြင့် အင်းဝမင်းဆက် ပျက်သုဉ်းရလေတော့သည်။ မွန်တို့သည် မြန်မာနိုင်ငံတောင်ပိုင်းကိုသာမက မြောက်ပိုင်းအထိ လွှမ်းမိုးခဲ့ကြလေသည်။

**ဦးအောင်ဇေယျပေါ်ပေါက်လာခြင်း**

မွန်စစ်သူကြီး ဗညားဒလ အင်းဝကို အပြီးတိုင်ချေမှုန်းဖျက်ဆီးနေချိန်၌ အထက်မြန်မာနိုင်ငံကို ဦးဆောင်နိုင်မည့် မြန်မာသူရဲကောင်းတစ်ဦး ပေါ်ထွက်ခဲ့၏။ ထိုသူကား နောင်တွင် အလောင်းမင်းတရားဟု ကျော်ကြားလာမည့် ဦးအောင်ဇေယျဖြစ်သည်။ အင်းဝကျဆုံးချိန်၌ ဦးအောင်ဇေယျသည် အသက် ၃၅ နှစ်မျှ ရှိပြီဖြစ်သည်။

သူသည် ယခု ရွှေဘို ဟုခေါ်ဆိုသော မုဆိုးဘိုရွာသားဖြစ်သည်။ မွန်တို့ အထက်မြန်မာနိုင်ငံကို ချီတက်လာသောအခါ ယခင်ကတည်းက မိမိရပ်ရွာပေါ်တွင် ဩဇာညောင်းသော ဦးအောင်ဇေယျသည် မိမိရပ်ရွာ ကာကွယ်ရေးအတွက် လိုအပ်သည့် အစီအမံများကို လျင်မြန်စွာဆောင်ရွက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိ၏မှဆိုးဘိုရွာနှင့် ပတ်ဝန်းကျင်ရှိ ရွာပေါင်း ၄၆ ရွာတို့ကို စည်းရုံးပူးပေါင်းကာ စားရေရိက္ခာ လက်နက် စသည်တို့ကို ဖြည့်တင်းထားခြင်း၊ မိမိရွာကို ခံတပ်သဖွယ် ထန်းလုံးများ ကာရံထားခြင်း၊ လူသူလက်နက် စုဆောင်းကာ စားရေး လုံရေး မြင်းရေးများ လေ့ကျင့်ထားခြင်းတို့ကို ဆောင်ရွက်ပြီး လာလတ္တံ့သော တိုက်ပွဲအတွက် အသင့်ပြင်ဆင်ထားရှိခဲ့လေသည်။

အင်းဝကို အောင်နိုင်ခဲ့သော မွန်တို့သည် အထက်မြန်မာနိုင်ငံရှိ မြို့ရွာအသီးသီးသို့ လှည့်လည်ပြီး သစ္စာခံရန် သစ္စာရေတိုက်ကြသည်။ ဦးအောင်ဇေယျ၏ မုဆိုးဘိုကိုလည်း မွန်တပ်ဖွဲ့တစ်ဖွဲ့က လာရောက်၍ သစ္စာရေ တိုက်လေသည်။ ဦးအောင်ဇေယျက ထိုတပ်ဖွဲ့အား မုဆိုးဘိုတောင်ဘက်တွင် ဆီးကြို၍ ချုံခိုတိုက်ခိုက်ရာ မွန်တို့ အကျအဆုံးများစွာဖြင့် တပ်ပျက်ပြေးရတော့၏။ ပထမတိုက်ပွဲအောင်နိုင်သဖြင့် မုဆိုးဘိုသားတို့ အလွန်အားတက်သွား၏။ ပတ်ဝန်းကျင်ဒေသမှ မြန်မာအများလည်း ဝင်ရောက်ပူးပေါင်းခိုလှုံလာကြ၏။ စိတ်မကျေသော မွန်တို့သည် အင်အားကြီးအားကြီးဖြင့် နောက်ထပ် နှစ်ကြိမ်တိုင်တိုင် မုဆိုးဘို





အား လာရောက်တိုက်ခိုက်ရာ နယ်မြေကျွမ်းကျင်၍ မြင်းတပ်များနှင့် လှုပ်ရှားစစ်နည်းဗျူဟာများကိုပါ ကျင့်သုံးနိုင်သော မုဆိုးဘိုသားတို့ အနိုင်ရပြန်လေသည်။ ဦးအောင်ဇေယျ၏ တပ်များမှာ အောင်ပွဲများကြောင့် လျင်မြန်စွာ အင်အားကြီးထွားလာပြီး မကြာမတင်မှာပင် အထက်မြန်မာနိုင်ငံ တာဝန်ခံ မွန်စစ်သူကြီး ဒလပန်းကိုပါ အောင်နိုင်ခဲ့လေသည်။

**အင်းဝကိုအောင်နိုင်ခြင်း**

မွန်စစ်သူကြီး ဒလပန်းကို ရရှိပြီးနောက် ဦးအောင်ဇေယျ၏ မြန်မာတပ်များသည် မုဆိုးဘိုမှ အရှေ့ဘက် ရောဝတီမြစ်ရိုးရှိ ကျေးရွာများကို လှည့်လည်တိုက်ခိုက်သိမ်းသွင်းနိုင်ခဲ့လေသည်။ ရောဝတီမြစ်အတွင်းရှိ မွန်တို့၏ ရေတပ်ကိုလည်း ဖျက်ဆီးနိုင်ခဲ့သည်။ ထို့နောက် တောင်ဘက်သို့ စုန်ဆင်းကြ၍ အင်းဝတွင် အခိုင်အမာနေသော မွန်တို့ကို ရေကြောင်း၊ ကြည်းကြောင်း နှစ်ဖက်ညှပ်၍ တိုက်ခိုက်ခဲ့လေသည်။ မွန်တို့သည် အင်းဝတွင် အခိုင်အမာနေကာ ခုခံကြ၏။ သို့ရာတွင် အစာရေစာပြတ်လတ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် မြို့ကို စွန့်ခွာပြီး မှောင်မိုက်သော ညအချိန်၌ ရေလမ်းခရီးဖြင့် အင်းဝမှ ဆုတ်ခွာထွက်ပြေးကြသည်။

၁၇၅၃ ခုနှစ်တွင် အလောင်းဘုရားသည် အင်းဝကို တိုက်ခိုက်အောင်နိုင်၍ မွန်တို့အား အောက်မြန်မာနိုင်ငံသို့ ဆုတ်ခွာစေလေ၏။ ထိုနောက် မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကောင်းတုံ၊ မိုးညှင်း၊ မိုးကောင်း၊ မိုးမိတ်နှင့် ကွေ့ရှမ်းတို့ကို တိုက်ခိုက်သိမ်းသွင်းခဲ့သည်။ ဤသို့အားဖြင့် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်နှစ်သွယ်စပ်ကြားရှိ ဒေသတို့သည် ဦးအောင်ဇေယျခေါ် အလောင်းမင်းတရား၏အောက်တွင် စည်းလုံးစွာရှိလာခဲ့သည်။

## ရန်ကုန်ထိအောင်နိုင်ခြင်း

မွန်တို့သည် လက်လျှော့မပေးသေးပါ။ နောက်နှစ်တွင် ရေတပ်၊ ကြည်းတပ်များဖြင့် အင်းဝအထိ ချီတက်တိုက်ခိုက်လာကြပြန်သေး၏။ သို့ရာတွင် ရေတပ်တိုက်ပွဲ၌ တစ်ဖန် ရှုံးပြန်၍ အောက်မြန်မာနိုင်ငံသို့ စုန်ကြရပြန်လေသည်။





www.burmeseclassic.com

www.burmeseclassic.com





ဤသို့ဖြစ်ပျက်နေစဉ်အတွင်း ပဲခူးတွင် ရောက်ရှိနေသော အင်းဝဘုရင်နှင့် ဆွေတော်မျိုးတော်တို့သည် မွန်တို့အား တော်လှန်ရန် ကြိုးပမ်းကြလေတော့သည်။ မွန်တို့မှ သိရှိသည့်အခါ ဘုရင် မဟာဓမ္မရာဇာဓိပတိနှင့် ဆွေတော်မျိုးတော်တို့အား ရေတွင် ဖျောက်လေသည်။ မြန်မာအချို့မှာ ပဲခူးမြို့မှ ထွက်ပြေးကာ ရွှေတောင်၊ မြန်အောင် စသည့်ဒေသတို့တွင် အင်အားစုပြီးလျှင် ပြည်မြို့ကို သိမ်းယူ၍ အခိုင်အလုံနေကြသည်။ ပြည်မြို့ကို ပဲခူးသားတို့ ဝန်းရံတိုက်ခိုက်စဉ်တွင် အာကာရွှေတောင်ဆိုသူနှင့် ရောဝတီမြစ်တွင်းမှ ရရှိသော ရန်ပုံခွင်းအမြောက်တို့သည် ခုခံရာတွင် ထင်ရှားခဲ့သည်။ အဆုံး၌ အလောင်းမင်းတရား၏ တပ်များ စုန်ဆင်းလာပြီးလျှင် ပြည်မြို့ကို ရံနေသော မွန်တပ်အား တိုက်ခိုက်အောင်နိုင်သည့်အပြင် တောင်ဘက် ဒဂုံ(ရန်ကုန်)အထိဖြစ်သော လှိုင်မြစ်ရိုးတစ်လျှောက်ရှိ မြို့ရွာများကို သိမ်းသွင်းခဲ့လေသည်။

၁၇၅၄ ခုနှစ်တွင် ရန်ကုန်ကို ရရှိပြီးနောက် အစောင့်အချို့ချထားပြီးလျှင် မုဆိုးဘို(ရွှေဘို)သို့ ပြန်ခဲ့သည်။ သို့ပြန်နေစဉ်အတွင်း ပြင်သစ်တို့၏ အကူအညီနှင့်

www.burmeseclassic.com



မှန်တို့သည် ထပ်မံတိုက်ခိုက်ကြပြန်သော်လည်း မအောင်မြင်ကြချေ။

အောက်မြန်မာနိုင်ငံမှ တိုက်ပွဲများ အောင်မြင်၍ အောင်ပွဲခံပြီးချိန်၌ ဦးအောင်ဇေယျသည် မုဆိုးဘိုသို့ ပြန်လာခဲ့ပြီး အလောင်းမင်းတရားကြီးအမည်ဖြင့် ကုန်းဘောင်မင်းဆက်ကို တည်ထောင်ခဲ့လေသည်။

**အလောင်းမင်းတရား၏ သံလျင်တိုက်ပွဲ**

၁၇၅၆ ခုနှစ်တွင် အလောင်းမင်းတရားကြီး ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာသည်။ ထို့နောက် သံလျင်ကို တိုက်တော်မူသည်။ သံလျင်တိုက်ပွဲသည် ပြင်းထန်သော တိုက်ပွဲဖြစ်သည်။ သံလျင်သည် ဒီရေ အတက်အကျရှိသော မြစ်များက ဝန်းရံထားသည့်ပြင် ခံတပ်သည် ခေတ်အဆက်ဆက်ကတည်းက အခိုင်အမာ တည်ဆောက်ထားသော ခံတပ်ဖြစ်နေသည်။ ပြင်သစ်အကြံပေးများ၏ အစီအမံဖြင့် ဆောက်လုပ်ထားသည့်ပြင် ခဲယမ်းမီးကျောက်များလည်း ပြည့်စုံသည်။ မုဆိုးဘိုသားများအတွက် လုပ်ကြံရန် များစွာခက်ခဲသော အခြေအနေနှင့် ကြုံရသည်။





ထိုသို့လုပ်ကြံရေးခက်ခဲသော သံလျင်ခံတပ်သို့ ရိက္ခာမဝင်အောင် အလောင်းမင်းတရားကြီး၏တပ်များက စည်းကြပ်ကြသည်။ သံလျင်ခံတပ်သို့ ရိက္ခာပို့ရသူမှာ ဒလပန်း ဖြစ်သည်။ ဒလပန်း၏ ရိက္ခာပို့တပ်များကို မုဆိုးဘိုတပ်များက ဖြတ်တောက်တိုက်ခိုက်နိုင်သဖြင့် ခံတပ်အတွင်းတွင် အစားအစာငတ်မွတ်လာကြသည်။ ထို့ကြောင့် ရံထားသော အလောင်းမင်းတရားကြီး၏ တပ်များသို့ ခံတပ်တွင်းမှ ထွက်လာသော လူ ၅၀ မှ ၁၀၀ ဆိုသလို နေ့စဉ်လက်နက်ချ ဝင်ရောက်လာတတ်ကြသည်။

အလောင်းမင်းတရားကြီးသည် ရန်ကုန် သန်လျက်စွန်းမှ ကိုယ်တော်တိုင်ကြည့်ရှုကာ ကြီးကြပ်လေသည်။ ထိုသံလျင်တိုက်ပွဲသည် နောင်တွင် မုဆိုးချုပ်ဗိုလ် ဦးတွန်ဟု ကျော်ကြားမည့် မင်းခေါင်နော်ရထာသည် အသက်စွန့်ကာ ရန်သူ၏သင်္ဘောပေါ်သို့ ကျောက်ဆူးကြိုးမှတစ်ဆင့် တွယ်တက်ကာ ရန်သူများကို ပြင်းပြင်းထန်ထန် အားထုတ်၍ တိုက်ခိုက်ခဲ့သည်။ ရန်သူ၏စစ်သင်္ဘောကြီးများမှာ တစ်စင်းလျှင် စစ်လှေ ၇၀ ရံထားသော စစ်သင်္ဘောကြီးများဖြစ်ကာ စစ်သည်အင်အား ကြီးမားသည်။ လက်နက်



www.burmeseclassic.com

www.burmeseclassic.com



အစ္စည်း တစ်ဆင်ထားသည်။ ပထမပိုင်းတွင် ထိုသဘော်ကြီးများ၏ ဖိဖိစီးစီးတိုက်ခိုက်မှုအောက်တွင် မုဆိုးဘိုသားများ ရှုံးတော့မည်ကဲ့သို့ ရှိနေရာမှ မင်းလှမင်းခေါင်၏ စွန့်စားမှုကြောင့် အားတက်လာကာ သူနည်းတူသဘော်များပေါ်သို့ စွန့်စားတက်ရောက်ကြသည်။ ရန်သူတို့ အငိုက်မိကြကာ ရေတပ်တစ်တပ်လုံးပျက်လေ၏။

ထိုသို့ ရေတပ်ပျက်သည်တွင် ခံတပ်တွင်းသို့ဝင်ရန် မုဆိုးဘို ကြည်းတပ်သားတို့ ကြိုးစားသော်လည်း မဝင်နိုင်သဖြင့် ခံတပ်အပြင်ဘက်မှ ရံမြဲ ရံထားရလေသည်။ သေနတ်ဝန်ဖြစ်သူ သေနာပတိဦးကောင်းသည် ခံတပ်ကို လာရောက်စစ်ဆေးသည်။ ထိုအချိန်တွင် ခံတပ်အတွင်းမှ ပစ်လိုက်သော သေနတ်ကျည်ဆန်သည် ဦးကောင်းကို ထိမှန်သွားလေသည်။ ဦးကောင်းသည် သူ့ကို ကျည်ဆန်မှန်ပြီဖြစ်ကြောင်း အခြားသူများ မသိစေရန် ရင်စည်းပဝါဖြင့် ဒဏ်ရာကိုစည်းကာ ညွှန်ကြားဖွယ်ရှိသည်တို့ကို သေချာစွာ ညွှန်ကြား၍ သူ၏နေရာမှ ပြန်လည်ထွက်ခွာသွားသည်။ ဒဏ်ရာမှာ ပြင်းထန်လှသဖြင့် လှေဆိပ်ကို ဆင်းရာတွင် တွဲမ၍ ဆင်းရသည်။ သေနတ်ဝန်သည် လှေပေါ်သို့





အတက်တွင် လဲကျသွားသည်မှာ နောက်ဆုံးလဲကျခြင်းပင် ဖြစ်သည်။ အလောင်းမင်းတရားကြီးသည် သန်လျက်စွန်းမှ လှမ်းမျှော်ကြည့်နေစဉ် လှေတစ်စင်းအပြင်းလှော်လာသည်ကို မြင်သဖြင့် ဆီးကြိုမေးမြန်းစေရာ ဦးကောင်း ဒဏ်ရာရလာသည်ကို သိရသည်။ အလောင်းမင်းတရားကြီးက ကိုယ်တော်တိုင် လှေအနီးသို့လာကာ သမားတော်များနှင့် ကြပ်မတ်ကုသရန် စီစဉ်သော်လည်း သူရဲကောင်း ဦးကောင်းသည် ''မရနိုင်တော့ပါ ဘုရား။ တာဝန်မပြီးမီ ကိုယ်တော့်ကို ခွဲခွာသွားသည်ကို ခွင့်လွှတ်စေလိုပါသည်'' ဟု လျှောက်တင်ကာ ကွယ်လွန်သွားလေသည်။

မင်းလှမင်းခေါင်နှင့် သေနတ်ဝန်တို့သာမက အခြားသော အမှုထမ်းစစ်သည်ရဲမက်များလည်း ကိုယ်ကျိုးစွန့်ကာ အသက်စွန့်ကာ တိုက်ခိုက်ကြသည်ချည်းသာ ဖြစ်ပါ၏။ ထိုသူနှစ်ယောက်၏အကြောင်းကို တင်ပြသည်မှာ အများကို ဦးဆောင်နိုင်သူများဖြစ်၍ တင်ပြခြင်းဖြစ်ပါသည်။ အလောင်းမင်းတရားကြီးသည် ကိုယ်နှင့် တန်းတူထားကာ ကိုးစားနိုင်သော သူရဲသူခက်များကို စည်းရုံးသိမ်းသွင်းထားနိုင်သော ခေါင်းဆောင်ကြီး ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းမင်းတရားကြီးသည် ဦးကောင်းကွယ်လွန်ပြီးနောက် သန်လျင်တိုက်ပွဲကို တစ်ရစ်ထပ်၍ တင်းကျပ်လိုက်သည်။ သူရဲကောင်း ကိုးကျိပ်သုံးယောက် (၉၃) ယောက်ကို သံလျင်မြို့သိမ်း တိုက်ပွဲအတွက် အထူးတာဝန်ပေးအပ်သည်။ ကွန်မန်ဒိုဆိုသော် ရပါ၏။ သူတို့သည် ၁၇၅၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် သန်လျင်မြို့တွင်းသို့ ညအချိန်တွင် ဝင်ရောက်နိုင်ခဲ့ကြသည်။ ၂၆ ရက်နေ့တွင် သံလျင်မြို့ကို အလောင်းမင်းတရားကြီး ရတော်မူသည်။

အလောင်းမင်းတရားကြီး၏ သံလျင်မြို့သိမ်း ညတိုက်ပွဲမြင်ကွင်းကို သတင်းစာဆရာကြီး ဦးသိမ်းမောင်က သူ၏ မြန်မာသူရဲကောင်းများစာအုပ်၌ အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

**သတင်းစာဆရာကြီးဦးသိမ်းမောင်၏ ဖော်ပြချက်**

မဟာသေနာပတိ သေနတ်ဝန် ဦးကောင်း ဆုံးရှုံးရခြင်းကို အနာကြီးနာကြသော မြန်မာတို့သည် သံလျင်မရလျှင် မနေ။ သေသေကျေကျေ နောက်ဆုံးပွဲအနေနှင့်





တိုက်ခိုက်ရမည့် နေ့ရက်ကိုသာ အားခဲလျက် ရှိနေကြလေ၏။ အလောင်းမင်းတရားကိုယ်တိုင်လည်း သံလျင်မြို့ရအောင် မည်သို့စီမံရမည်ကို အကြံထုတ်လျက် ရှိနေလေ၏။ သို့ဖြစ်ရကား ရန်ကုန်တဲနန်းတော် လျောင်းတော်ဦးတွင် ထူးချွန်သော အသွင်အပြင်ရှိသည့် မြန်မာစစ်သားအချို့တို့သည် စားကောင်းသောက်ဖွယ်များကို စားသောက်ကာ ပျော်ရွှင်စွာ နေထိုင်လျက်ရှိသည်ကို မကြာမီ ရက်အတွင်း တွေ့မြင်ကြရ၏။ ဆေးရေးပုဆိုး၊ သက္ကလတ်အင်္ကျီ၊ ရွှေခါးစည်း၊ ငွေခါးစည်း၊ ရွှေရောင်ခေါင်းပေါင်း၊ ငွေရောင်ခေါင်းပေါင်းတို့ကို ဝတ်စားဆင်ယင်ထားသော ထိုသူတစ်စုတို့၏ အရေအတွက်မှာ ကိုးဆယ့်သုံးယောက်မျှရှိ၍ သံလျင်ကို သိမ်းပေးရန် အထူးရွေးချယ်ထားသော သတ္တိခဲ ရဲမြန်မာများပင် ဖြစ်ကြလေ၏။

အဆိုပါသတ္တိခဲ ရဲမြန်မာတစ်စုတို့အား မင်းတရားကြီးသည် လေးငါးရက်မျှ ပြုစုကျွေးမွေးပြီး နောက်တစ်နေ့တွင် စည်မောင်းသံ နှဲခရာ မုံသံတို့ဖြင့် ဆူညံစွာ တီးမှုတ်လျက် ရန်ကုန်မှ တစ်စတစ်စ သံလျင်ဆီသို့ ချီထွက်လာကြသည်ကို တွေ့မြင်ကြရလေ၏။ နေမင်းသည်



www.burmeseclassic.com

www.burmeseclassic.com



ကား အနောက်ဘက် ဝင်တော့မည့်ဆဲဆဲ နီရဲသော အရောင်ကို ပြလျက်ရှိလေ၏။ မြန်မာ့လေ့တပ်သားတို့သည် သံလျင်တွင်ရှိနှင့်သော မြန်မာရန်တပ်ရှိရာသို့ အဆက်မပြတ် ဆိုက်ရောက်နေဆဲပင်ရှိနေရာ နေလည်း တဖြည်းဖြည်းဝင်၍ ညဥ့်မှောင်လွှမ်းကာ မြစ်ကမ်းကို မမြင်ရတော့သဖြင့် နောက်ထပ် မြန်မာလေ့တပ် မည်မျှထပ်မံဆိုက်ရောက်လာသည်ကိုပင် မမှန်းဆနိုင်သောအခါ၌ မြန်မာတို့တပ်မှ လှုပ်လှုပ်ရွရွ ပြင်ဆင်စပြုကြလေ၏။

"ခဏဆိုင်းကြဦး။ သိပ်မှောင်သေးဘူး။ မှောင်မည်းနေတဲ့အချိန်မှာ အာမခံသူရဲ သတ္တိခဲ ကိုးကျိပ်သုံးယောက် မြို့ရိုးတက်ပြီး မြို့တံခါးအတင်းဖွင့်ပေးလိမ့်မည်။ ငါတို့ကုန်းတပ်၊ ရေတပ်များက မြင်း၊ ဆင်၊ လက်နက် အရန်သင့်ထားကြရမည်" ဟု ဗိုလ်အသီးသီးတို့က တီးတိုးအမိန့်ပေးလျက်ရှိကြလေ၏။ ကောင်းကင်တစ်ခုလုံး တိမ်ညိုတို့ဖြင့် ဖုံးလျက် စုရုံးနေသော မြန်မာတပ်များကို အမှောင်အားဖြင့် ကွပ်သကဲ့သို့ ထင်ရသောအခါ တဖွဲဖွဲကျဆင်းလျက်ရှိသော မိုးရေ မိုးပေါက်သည်လည်း မြန်မာစစ်သားတို့ကို အင်အားဖြည့်စွက်သကဲ့သို့ ဖြစ်၍နေလေ၏။





မြန်မာသူရဲကောင်းတို့သည်ကား သံလျင်မြို့ထိပ်သို့ တက်သာရာအရပ်ကို လှည့်လည်ကြည့်ရှုလျက်ရှိကြရာ လျှပ်စီးလက်သောအခါကျမှ အထူးစီမံပြုလုပ်ပေးထားသော ရေနွေးစ၊ ချိပ်ရည်ခံ သားရေကို သစ်စေး သရိုးကိုင်ထားသည့် ဒိုင်းချွန်း အုပ်ဆောင်းများကို ခမောက်သဖွယ် ဆောင်းထားသော ၎င်းတို့၏အသွင်အပြင်ကို ရေးရေးမျှ မြင်နိုင်လေတော့၏။ သံလျင်မြို့၏ အနောက်မြောက်ဘက်ထောင့်နေရာသည်ကား မြန်မာသူရဲကောင်း သတ္တိခဲ ကိုးကျိပ်သုံးယောက်တို့ တက်နေသော အခြင်းအရာကို ပြလျက်ရှိလေ၏။

မြို့ထိပ်ပေါ်ရှိ အစောင့်တပ်သားတို့သည် လျှပ်စစ်လက်လိုက်သောအချိန်၌ ၎င်းတို့မြို့ရိုးကို တက်ရောက်နေသော ဒိုင်းချွန်းဆောင်းလူတစ်စုကို မြင်လေလျှင် အသင့်ပြုလုပ်ထားသည့် ပွဲ့လျက်ရည်၊ သလွဲရည်၊ အုတ်ခဲ၊ ကျောက်ခဲများဖြင့် သွန်းလောင်းပစ်ချလျက်ရှိရာ ခါဘိုင်းမှာမူ ပက်ကျိများ တိုင်မှ လန်ကျသကဲ့သို့ လန်ကျသော်လည်း ယခုအကြိမ်၌ လန်မကျဘဲ တက်မြဲ ကုတ်ကတ် တက် ရောက်လာကြရာ မြို့ထိပ်သို့ရောက်သည်နှင့် တပြိုင်



www.burmeseclassic.com

www.burmeseclassic.com



နက် တစ်ဦးနှင့်တစ်ဦး ထိုးခုတ်ရိုက်နက် သတ်ဖြတ်လျက် ရှိကြလေ၏။ အချို့မှာ မြို့တွင်းသို့ ခုန်ဆင်းကာ အိမ်ရာ၊ တဲအုံ၊ အဆောက်အအုံတို့ကို မီးရှို့သူ ရှို့၊ ဝက်သာတံခါးကို ဖွင့်သူဖွင့်နှင့် ရုန်းရင်းခတ် ဆူညံစွာဖြစ်၍ တပ်လုံးအတွင်း မီးထချေပြီဟု သောသောညံလျက်ရှိစဉ် အပြင်ဘက်မှလည်း တက်သာရာက လှေကား ထောင်တက်သူတက်၊ အသင့်ဖွင့်ထားသော တံခါးမှ ဝင်သူဝင်၍ ရန်သူတို့အား ထိုးခုတ်တိုက်ခိုက်ပစ်ခတ်လျက် ရှိကြလေ၏။ ဗညားဒလလည်း ကွပ်ကဲခုခံလျက်နှင့်ပင် ၎င်း၏တပ်သားအသီးသီး ထွက်ပြေးကြသောကြောင့် မကြံတတ်ဘဲ ကိုယ်လွတ်ရုန်းကာ ရှမ်းတံခါးက မြင်းစီး၍ ထွက်ပြေးသွားလေသတည်း။

ဝါဆိုလကွယ်နေ့တွင် သံလျင်မြို့ကို ညတိုက်ပွဲဆင်နွှဲကာ သိမ်းပိုက်ရရှိခဲ့ပါတော့သည်။

ဤသည်ကား သတင်းစာဆရာကြီးဦးသိမ်းမောင်၏ ဖော်ပြချက်ပါခင်ဗျား။

နိဂုံးချုပ်ဖော်ပြချက်

သံလျင်မြို့ကို အလောင်းမင်းတရားကြီးတို့ သိမ်း





ပိုက်ပြီးမှ အိန္ဒိယနိုင်ငံရှိ ပြင်သစ်ခြေကုပ်စခန်းဖြစ်သော ပွန်ဒီချယ်ရီမှ စစ်သင်္ဘောသုံးစင်း သံလျင်သို့ ဦးတည်ကာ ဝင်ရောက်လာသည်။ ပြင်သစ်ရေတပ်ဗိုလ်မှူး ဘရူနိုက စစ်လက်နက်ပစ္စည်းမျိုးစုံကို တင်ဆောင်ကာ သံလျင်ဘက်မှ အားဖြည့်ရန် လာခြင်းဖြစ်သည်။ အလောင်းမင်းတရားကြီးဘက်မှ နိုင်ငံခြားသား ရေကြောင်းပြများကို သုံးကာ သန်လျင်ဆိပ်ကမ်းသို့ ဆိုက်ကပ်စေခဲ့ရာ တစ်စင်းလွတ်သွား၍ ကျန်နှစ်စင်းနှင့် ပြင်သစ်ဗိုလ်မှူး ဘရူနိုကို လက်ရဖမ်းဆီးမိသည်။ သူရဲကောင်းအမာခံ ၉၃ ယောက်အနက်မှ ၈ ယောက်ကျဆုံးသည်။ ကျန်သူရဲကောင်းများကို ဘွဲ့အမည်များပေးကာ ဆုလာဘ်များစွာ ချီးမြှင့်သည်။ သံလျင်ကို ရရှိပြီးသောအခါတွင် အလောင်းမင်းတရားကြီးသည် နောက်ထပ် မြို့သိမ်းတိုက်ပွဲများကို ဆင်နွှဲရန် ဆက်လက် စီမံဆောင်ရွက်ခဲ့လေသည်။

သံလျင်မြို့သိမ်းတိုက်ပွဲနှင့် ပတ်သက်ပြီး စာရေးသူ၏ ရှုမြင်သုံးသပ်ချက်

သံလျင်မြို့ကို အလောင်းမင်းတရားကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာသက္ကရာဇ် ၁၁၁၈ ခုနှစ်၊ ဝါဆိုလကွယ်နေ့ ခရစ်နှစ် ၁၇၅၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် သိမ်းပိုက်ရရှိခဲ့လေသည်။

အလောင်းမင်းတရားကြီးသည် သံလျင်ကို တိုက်ခိုက်ရာတွင် ရေတပ်၊ ကြည်းတပ် နှစ်ဖက်ညှပ်၍ တိုက်ရသည့် အခြေအနေဖြစ်၏။

သံလျင်သည် သဘာဝအတားအဆီးဖြစ်သော ပဲခူးမြစ်နှင့် ရန်ကုန်မြစ်ကြီးက ဝန်းရံထား၏။ ရေတက်ရေကျရှိ၏။ မြို့တွင်းတွင်လည်း တောတောင်လျှိုမြောင်များ ပြည့်နှက်နေ၏။ မွန်တို့သည် သဘာဝအတားအဆီးနှင့် လူလုပ်အတားအဆီးများ ပေါင်းစပ်ကာ ခံစစ်ကို ပြင်ဆင်ထား၏။ သံလျင်ခံစစ်ကို မွန်စစ်သူကြီး ဗညားဒလ ကိုယ်တိုင်ကွပ်ကဲလေသည်။ မွန်တို့သည် ပြင်သစ်တို့ထံမှ လက်နက်ကြီးအကူအညီများ၊ တိုက်သင်္ဘော အကူအညီများ ရရှိထားသောကြောင့် မြစ်တွင်းတိုက်ပွဲများတွင်လည်း မြန်မာတို့ကို ကောင်းစွာယှဉ်နိုင်သည်။ ဒေါပုံတွင် ခံတပ်ကြီးတည်ဆောက်ကာ သင်္ဘောတပ်များ ချထားလေသည်။ သံလျင်၏ ရှေ့ကာဖြစ်၏။ ထို့ကြောင့် အလောင်းမင်းတရား





ကြီး၏တပ်များ သံလျင်ကို ရေကြောင်းမှ တိုက်သည့်အခါ လွယ်ကူစွာ အောင်မြင်မှုမရခဲ့ချေ။ အလောင်းမင်းတရား၏ တပ်များသည် တိုက်ပွဲကို သတ္တိနှင့်သာမက ရေကြောင်းတိုက်ပွဲ၌ စစ်နည်းဗျူဟာပြောင်းလဲပြီး မီးဖောင်များကိုပါ အသုံးပြုခဲ့သဖြင့် ဒေါပုံတပ်ကို အောင်မြင်ခဲ့သည်။ သို့ရာတွင် သံလျင်ကိုကား ရက်ရှည်လများ ဝန်းရံတိုက်ခိုက်သော်လည်း မွန်စစ်သူကြီး ဗညားဒလက ကြံ့ကြံ့ခံနေသဖြင့် အလွယ်တကူတိုက်၍ မရခဲ့ချေ။ ထို့ကြောင့် နေ့တိုက်ပွဲအစား ညတိုက်ပွဲကို ပြောင်းလဲခဲ့ရသည်။ လက်ရွေးစင် ကွန်မန်ဒိုစစ်သည် ၉၃ ဦးကို ရွေးချယ်၍ ညအချိန်တွင် မြို့ရိုးအနီးသို့ တိတ်တဆိတ် ချဉ်းကပ်စေခဲ့သည်။ မြို့တွင်းသို့ ကျော်တက်နိုင်မည့်နေရာများကို ရှာဖွေစူးစမ်းစေသည်။ မြို့အနောက်ဘက်ထောင့်မှ ကျော်တက်၍ရသဖြင့် ည အမှောင်ထုကို အကာအကွယ်ယူကာ ကျော်တက်ခဲ့ကြသည်။ ရာသီမှာ ဝါဆိုလပြည့်ကျော် ၁၄ ရက်နေ့ မိုးတွင်းဖြစ်၍ အမှောင်ကို အကာအကွယ်ယူခဲ့နိုင်သည်။ သူရဲကောင်းစစ်သည် ၉၃ ဦးတို့သည် လျှပ်ရောင်ကြောင့် ရန်သူတို့ တွေ့မြင်သွားပြီး တိုက်ခိုက်လာသည်အား တွန့်ဆုတ်ခြင်း

www.burmeseclassic.com



အလျှည်းမရှိ အသက်ကို ဖက်ရွက်ပမာထား၍ ရှပ်ရှပ်ခွဲ၍ အတင်းတိုက် ကြသည်။ မြို့တံခါးများကို ဖွင့်ပေးကြသည်။ ဤတွင် မြို့ပြင်မှ ဝန်းရံနေသော မြန်မာတပ်များက သံလျင်မြို့တွင်းသို့ ဝင်ရောက်နိုင်ပြီး အတင်းတရကြမ်း တိုက်စစ်ဆင်ချေမှုန်းနိုင်သောကြောင့် ခံစစ်ဆင်နေသော မွန်တို့ တပ်ပျက်ကာ အညှံ့ခံရလေတော့သည်။ ခေါင်းဆောင် ဗညားဒလလည်း သံလျင်မှ ကိုယ်လွတ်ရုန်း၍ ပြေးရသည်။ ဤနည်းအားဖြင့် အလောင်းမင်းတရားကြီးသည် မွန်စစ်သူကြီး ဗညားဒလကို အောင်နိုင်၍ သံလျင်ကို ရရှိခဲ့၏။

သံလျင်ကို ရိုးရိုးစစ်နည်းဗျူဟာဖြင့် တိုက်ခိုက်သိမ်းပိုက်မရသဖြင့် ကွန်မန်ဒိုစစ်နည်းဗျူဟာဖြင့် ညတိုက်ပွဲဆင်နွှဲကာ အောင်မြင်ခဲ့သည်ဟု နောက်ဆုံးသုံးသပ်ရရှိပါသည်ခင်ဗျား။

ရှင်လန်းချမ်းမြေ့ကြပါစေ
သောင်းဝေဦး
၉/၃/၂၀၁၂





မှီငြမ်းကိုးကားသည့်စာအုပ်များ

၁။ မင်းဆယ်ပါးရာဇဝင်
ဒေါက်တာမတင်ဝင်း

၂။ မြန်မာသူရဲကောင်းများ
သတင်းစာဆရာဦးသိမ်းမောင်

၃။ မြန်မာနိုင်ငံတော်သမိုင်း
ဗိုလ်ဘရှင်

၄။ မြန်မာရာဇဝင်သစ်
ဦးအုန်းမောင်



www.burmeseclassic.com

www.burmeseclassic.com

## ထောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ


၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်

၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း

၃။ စင်သားဘဝအမှတ်တရများ အတွဲ(၁)

၄။ စင်သားဘဝအမှတ်တရများ အတွဲ(၂)

၅။ စင်သားဘဝအမှတ်တရများ အတွဲ(၃)

၆။ စင်သားဘဝအမှတ်တရများ အတွဲ(၄)

၇။ သေကဲမရောက် သက်မပျောက်

၈။ ဂုဏ်ယူသော မိန်းမတို့သည်

၉။ ယောက်ျားတို့အကြောင်း

၁၀။ ကျွန်တော်လယ်သမားကြီး

၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ

၁၂။ ငါ့သားများ စစ်ထဲဝင်ရင်လေ

၁၃။ ကြည်း၊ ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ

၁၄။ မှုမြစ်မှသည် ရောဝတီ

၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ

၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့လှုံ့ဆော်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၁)

၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လှုံ့ဆော်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၂)

၁၈။ ဂုဏ်ယူသော မိန်းမတို့သည်နှင့် ယောက်ျားတို့အကြောင်း

၁၉။ အစ်ကိုတို့စစ်သား

၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လှုံ့ဆော်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၃)

၂၁။ ကျွန်တော် ဂေါက်သီးသမား

၂၂။ နိုဘိုးဘွားအမွေအနှစ်ဖို့ ချစ်မြတ်နိုးပေ

၂၃။ စစ်မြေပြင်မှ ကိုယ်တွေ့လှုံ့ဆော်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၄)

၂၄။ ကာဗွတိန်ကျော်ညွန့်၏ ဇွန်တားခန်းများ

၂၅။ အချစ်နဲ့ စစ်သား

၂၆။ စစ်မြေစခန်းက လွမ်းပုံပြင်

၂၇။ ဆန်းကြယ်ထူးခြား စစ်သားတို့၏လက္ခဏာများ

၂၈။ မလွမ်းဖို့ မငိုနဲ့နော်

၂၉။ ဝီဝီဝင်တာပန်တိုက်ပွဲကြီး

၃၀။ မြန်မာ့မြေမှ အင်္ဂလိပ်–ဂျပန်တိုက်ပွဲများ

၃၁။ လူ့စွန့်စားကြီးကာဗွတိန်စောနားမူး

၃၂။ မိုင်းယန်းတိုက်ပွဲ

www.burmeseclassic.com


၃၃။ စစ်မြေပြင်မှ ကိုယ်တွေ့လှိုင်းတက်ဆန်းကြယ်ဖြစ်ရပ်များ အမှတ်(၅)

၃၄။ ကျွန်တော်ပါဝင်သော နောင်လိုင်ပါဝန်နှင့် ဗိုင်း ဖိတ္ထာ တိုက်ပွဲကြီး

၃၅။ ဗိုလ်ချုပ်ကြီးယာမာမိုတိုနှင့် ပုလဲဆိပ်ကမ်းတိုက်ပွဲ

၃၆။ ဟော့ , နိုကွန်မန်ဒို

၃၇။ ဗိုလ်ချုပ်ကြီးယာမာရှိတာနှင့်မလေးကျွန်းဆွယ်တိုက်ပွဲ

၃၈။ ကျွန်တော်နှင့်ဘိန်းစစ်ဆင်ရေးများ

၃၉။ ဗိုလ်ချုပ်ကြီးမက်အာသာနှင့် ဖိလစ်ပိုင်တိုက်ပွဲစဉ်များ

၄၀။ ကမ္ဘာ့သမိုင်းတွင် ကျော်ကြားသော စစ်သူကြီးများ (ပထမပိုင်း)

၄၁။ ဗိုလ်ချုပ်ဝင်းဂိတ်နှင့် သူ၏ခြေသံ့စစ်ဆင်ရေးများ

၄၂။ ကွန်လုံ ရက် ၄၀ တိုက်ပွဲကြီး

၄၃။ ဗိုလ်ချုပ်ကြီးစီလီယံစလင်းနှင့် မြန်မာပြည်တိုက်ပွဲစဉ်များ

၄၄။ ဗိုလ်ချုပ်ကြီးဝေဗဲလ်နှင့် မြစ်ကြီးနားတိုက်ပွဲ

၄၅။ ကမ္ဘာ့သမိုင်းတွင် ကျော်ကြားသော စစ်သူကြီးများ (ဒုတိယပိုင်း)

၄၆။ ထင်ရှားကျော်ကြားခဲ့သော ပင်လယ်တိုက်ပွဲများ

၄၇။ ဗိုလ်ချုပ်ကြီးရွှင်းမဲလ်နှင့် ဂါဇာလာတိုက်ပွဲ

၄၈။ ပြည်သူပါဝင်သော မြစ်ဝကျွန်းပေါ်စစ်ဆင်ရေးများ

၄၉။ ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီနှင့် အယ်လ်အာလာမိန်းတိုက်ပွဲ

၅၀။ မော်ဖဒေသတိုက်ပွဲများ

၅၁။ ဗိုလ်ချုပ်ကြီးရုမ်မဲလ်နှင့် မော်တော်ယဉ်တပ်ဖွဲ့တိုက်ပွဲများ

၅၂။ မြန်မာနိုင်ငံသို့ တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုနှင့် မြန်မာ့တပ်မတော်၏ ကျော်ကြားသော စစ်ဆင်ရေးများ

၅၃။ ဖြူးရွှေပန်ကောက်တိုက်ပွဲကြီး

၅၄။ ဗိုလ်ချုပ်ကြီး ဗိုင်ယင်ဂီယက်နှင့် ကမ္ဘာကျော်ဒီယင်ဘီယင်ဖူးတိုက်ပွဲကြီး

၅၅။ ခိုင်ခံ့တောင့်တင်းသော ဝင်ရိုးတန်းမန်နို့များ

၅၆။ အမှတ်တရမြို့တော်စည်ပင် အတွဲ (၁)


## ထုတ်ဝေပြီးစာအုပ်


၅၇။ ကျွန်တော်နဲ့ ညတိုက်ပွဲများ


## ထုတ်ဝေမည့် စာအုပ်များ


၅၈။ ကြုံခဲ့ဖူးသော မြစ်ကူးစစ်ဆင်ရေးများ

၅၉။ မိုင်းယောင်းတိုက်ပွဲ


မြရတနာစာပေ

မြရတနာစာပေ

www.burmeseclassic.com